ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

ပြည့်ပိုင်မှူးအိမ်

ဖိုးကောင်းကင်ကို လှည့်စားတဲ့ကြယ်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇။

www.foreverspace.com.mm

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၅၅၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၅၀၆၀၃

ပြည့်ပိုင်မှူးအိမ် စာအုပ် အမှတ်စဉ် (၅)

အဖုံးဒီဇိုင်း	-	အာကာ
ထုတ်ဝေသူ	-	ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀)
		၈၈၊ ဒုထပ် (ညာ)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ	-	ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်)
		၈၀/၁၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်။
အတွင်းဖလင်	-	ကိုဦး နှင့် ညီများ
စာအုပ်ချုပ်	-	ကြူကြူမွေး
ပုံနှိပ်ခြင်း	-	ပထမအကြိမ်
		၂၀၀၆ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၉၀၀ ကျပ်

www.foreverspace.com.mm

။

မိန်းကလေးတစ်ယောက်ကို ချစ်မိခြင်းသည်
ကျောက်စိမ်း အရိုင်းတုံးကို ကြေးကြီးကြီးပေးကာ ဝယ်မိခြင်းနှင့် တူသည်။

ထိုကျောက်စိမ်း အရိုင်းတုံးကို အပေါ်ယံကြည့် ရွေးချယ်ခဲ့သော်လည်း တကယ်တမ်း ခွဲခြမ်းစိတ်ဖြာသောအခါ၌ တစ်ပြားမှ မတန်သော သာမန်ကျောက်တုံး ဖြစ်သွားနိုင်သလို သိန်းပေါင်းများစွာတန်သော ရတနာကြီးလည်းဖြစ်သွားနိုင်သည်။

"ကျောက်စိမ်းမှာအနာ၊ မိန်းမမှာမာယာ" ဆိုသော စကားပုံရှိသည်။

သို့သော်

မာယာရော အနာပါများလှပါသည် ဆိုသော ကျောက်စိမ်း ရိုင်းတစ်တုံးထက် မိန်းမတစ်ယောက်က ပို၍မာယာ များနေနိုင် သည်။

လင်းနောင်

။

www.foreverspace.com.mm

မုန်းတတ်တာ အမုန်းရဆုံးသော
ကျွန်မကျောခိုင်းထားသော လူတစ်ယောက်က
ရင်ဘတ်ထဲကို အရှိန်ပြင်းပြင်းဖြင့် တစ်ချက်ချင်းဝင်ရောက်လာသောဓားတစ်ချောင်း ဖြစ်နေခဲ့သည်။

၎င်းတို့သည် တစ်ဘဝစာ အချစ်ဖြစ်မှန်းမသိ ဖြစ်နေခဲ့လေသည်။

သီရိနှင်း

ဖွင့်စရက်ဆိုသော်လည်း တက္ကသိုလ်ကျောင်းတော်ကြီး၏ ရင်ခွင်၌ ကျောင်းသူ ကျောင်းသားအသစ်များက ရင်ခုန်သံအသစ်များဖြင့် တက်ကြွနေသလို ကျောင်းသူ ကျောင်းသားဟောင်းများကလည်း နုပျိုစွာ။

ကျောင်းတော်ကြီးကတော့ ကျောင်းသား အသစ် အဟောင်းမရွေး အားလုံးကို ခံ့ညားစွာ ကြိုသည်။

တောင်ကြီးတက္ကသိုလ်ကို တောင်တန်းများက ရစ်ခွေဝိုင်းပတ်ကာ ထွေးပွေ့ထားသည်။ အမိုးနီနီများဖြင့် ကျောင်းဆောင်များက အပေါ်စီးမှကြည့်လျှင် ပန်းပွင့်ကြီးများကဲ့သို့။ တောင်တန်းများနှင့် ဝိုင်းပတ်နေသော ကျောင်းတော်အမိုးတို့ကို ပေါင်း၍ အပေါ်မှာကြည့်လျှင် နီရဲတောက်ပနေသော ပန်းပွင့်များကို ကျောက်စိမ်းရောင်နဂါးက ရစ်ခွေထားသည့်နှယ် ထင်ရသည်။

ရှမ်းပြည်နယ်မြို့တော် ဖြစ်သည်မို့ ကျောင်းသူ ကျောင်းသားတို့မှာ လူမျိုးစုံ။ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး၊ အင်း၊ ပလောင်၊ လီဆူး၊ ဝ၊ လားဟူ၊ အခါနှင့် အခြားတိုင်းရင်းသားများစွာ၏ ရိုးသားဖြူစင်မှုနှင့် တောင်ကြီးတက္ကသိုလ်သည် ရောက်လာသူတိုင်းကို ပျော်ရွှင်စေသည်မို့ နှင်းဝေဝေဝါးဝါး ကြားမှာ လွန်စွာ မင်္ဂလာရှိနေသည်။

အဆောင်နေ ကျောင်းသူ ကျောင်းသားတို့၏ ထုံးစံအတိုင်း ကျွန်တော်တို့သူငယ်ချင်း သုံးယောက်လည်း ကျောင်းကိုစောစောစီးစီး ရောက်နေကြသည်။

မိန်းရှေ့အုတ်ခုံဝိုင်းလေးမှာ ချမ်းအေးသည့်ကြားမှ ထိုင်ကာ တိမ်များလို နှင်းငွေများကြားမှ ကျောင်းဆီ ဘွားခနဲ ပေါ်ပေါ်လာသော ဆိုင်ကယ်မျိုးစုံနှင့် ကျောင်းသူ လှလှလေးများကို ကြည့်ကာ မျက်စိအားတိုးဆေး စားသုံးနေကြသည်။

ဝါးနှစ်ရိုက်စာလောက်ဆိုလျှင် ဘာမှသဲသဲကွဲကွဲ မမြင်ရသော ဝိန်းဝိတ်နေသည့် မြူနှင်းများက ထွက်စ နေရောင်ခြည်အောက်၌ တစ်စထက် တစ်စ လွင့်ပြယ်လာသည်။

'ဝုန်း'

'ဟာ'

'ဆောက်ကုန်ပြီ'

'သွားကြည့်ရအောင်'

သုံးယောက်သား တစ်ယောက်တစ်ပေါက် ပြောကာ ဆိုင်ကယ်တိုက်မိရာနေရာကို အပြေးသွားကြသည်။ ဆိုင်ကယ်လဲသဖြင့် နာကျင်သော ဒဏ်ကြောင့်ရှုံ့မဲ့နေသည့်ကြားမှ အလွန်ချစ်စရာကောင်းအောင် လှပသော နုတ်သမီးလေးတစ်ပါး။ သူမ၏ဘေးမှာက သာမန်ထက်အနည်းငယ်ပိုသော ရုပ်ရည်ဖြင့် ကောင်မလေးတစ်ယောက်။

'အား ကျွတ် ကျွတ်၊ ဟင်ဘယ်သူများလဲလို့ ကောသီရယ် နင်ဘယ်အမြိုးနဲ့ဝင်တိုက်တာလဲ'

ဆည်းလည်းသံလေး

'ဟဲ့ မီနှင်း . . . နင့်တိုး၊ ငါနင့်ကို လိုက်ရှာနေတာ ဒီနားလေးဆိုပြီး ပျောက်သွားပြီးတော့'

နာကျင်၍မထနိုင်သည့်ကြားက မသဘာဝစကားတတွတ်တွတ်ပြောနေကြသေးသည်။ ကျွန်တော်က 'နှင်း' ဆိုသောနတ်မိမယ် ကလေး၏ ဆိုင်ကယ်ကိုဆွဲမပေးသည်။ ကောင်မလေးက ခွထားသော ခြေထောက်ကိုမဖြုတ်ဘဲကြောင်နေသည်။ ဆိုင်ကယ်ရော လူပါမရှေသောကြောင့် မသက်သာလှ စိတ်ကတိုတိုရှိလာသည်။

'ဒီမှာကလေးမ . . လက်သည်ကြီးပဲ အားတိုးမနေနဲ့ ကိုယ်တိုယ်ကညှစ်အားပေးဦးမှပေါ့'

'ဘာရှင့် ဘာပြောတယ်'

www.foreverspace.com.mm

ကလေးမွေးနေသော ကိုယ်ဝန်ဆောင်ကို ပြောရမည့်စကားမျိုး အပြောခံလိုက်ရသဖြင့် နာကျင်နေသည့်ကြားမှ ကလေးတစ်ယောက်လို လက်သီးဆုပ်လျက် အာခေါင်ခြစ်ကာ သူမအော်သည်၊ မျက်နှာက ပန်းရောင်ရဲရဲ။ ဘာရယ်မဟုတ်။ ကျွန်တော် က လွှတ်ခနဲ ထွက်သည့်စကား။

'ဟဲ ဟဲ sorry နော်အပြောမှားလို့'

'မှားစရာလား'

သူမက ရှက်သွေးစိုသော မျက်နှာဖြင့်မျက်စောင်းထိုးရင်း ပြောသည်။ ခြေထောက်ကို လက်ဖြင့် အသာဖယ်တော့ သူမတွန့်ခနဲ။ ဆိုင်ကယ်ကို ဆွဲထောင်ပြီး စက်သတ်ပေးလိုက်သည်။

သိန်းလတ်က ကေသီဆိုသော ကောင်မလေး၏ ဆိုင်ကယ်ကို ကျွန်တော့်နည်းတူ ဆွဲထောင်ပြီး စက်သတ်ပေးလိုက်သည်။ နှစ်ယောက်စလုံး နာကျင်နေသဖြင့် ချက်ချင်းမထနိုင်ကြသေး။

'ကလေးမ ဆိုင်ကယ်ကိုပဲ ထူပေးနိုင်မှာနော် လူကိုထူမပေးနိုင်ဘူး ကိုယ့်ဘာသာကိုယ်ထ'

'ဘာပြောတယ် ကျွန်မက ရှင်ထူပေးအောင် စောင့်နေတာမဟုတ်ဘူး မထနိုင်လို့'

သူမက လက်ညှိုးလေးထိုးကာ ခေါင်းကို စောင်းလျက်နာကျင်နေသည့်ကြားမှ ပြောသည်။ ခေါင်းအစောင်း ဆံနွယ်ရှည်တို့က ဝဲခနဲ၊

'ရှင့်တို့ကို ဘယ်သူမှအတင်းမထူခိုင်းဘူး အား'

ကေသီဆိုသော ကောင်မလေးက ရန်စောင်ရင်းထအရပ် 'အား' ခနဲ အော်ကာ ပြန်ထိုင်ကျသည်။

'စိတ်ထိန်းပါ ငါ့တူမတို့ရယ် အချင်းချင်းတွေကို'

သိန်းလတ်က စဖြစ်အောင်စသည်၊ ကောင်မလေးနှစ်ယောက်စလုံး ဆိုင်ကယ်စီးဦးထုပ်တွေပက်လက်အလှန်လိုက် ရွှေ့ချကာ ဆောင့်ဆောင့်ထိုင်နေကြ သဖြင့်ကျွန်တော်စချင်လာသည်၊ အိတ်ကတ်ထဲမှ အကြွေတစ်ဆယ်တန်ကို ထုတ်ပြီး နှင်းဆိုသော ကောင်မလေး ရှေ့မှပက်လက် ဖြစ်နေသောဆိုင်ကယ် စီးဦးထုပ်ထဲ အသာထည့်လိုက်သည်၊ ကောင်မလေးမျက်နှာရဲခနဲ၊ သူမ ဆိုင်ကယ်စီး ဦးထုပ်ထဲဝင်ရောက်လာသော ဆယ်တန်ကို ကြည့်လျက် ဒေါသထွက်လာဟန်တူသည်၊

'ရှင် လွန်နေပြီနော် ကဲ ဟာ'

ပြောပြောဆိုဆို ထိုဆိုင်ကယ်စီးဦးထုပ်ဖြင့် ပစ်သည်မို့ လှမ်းဖမ်းရသည်။ ကေသီဆိုသောကောင်မလေးက ဘေးမှ 'ပစ် ပစ်လိုက်' ဟုနှုတ်မှ အားပေးသည်။ ဖမ်းထားသော ဦးထုပ်ကို သူမဆိုင်ကယ်ပေါ်တင်ကာ 'သွားပြီနော် တာ့တာ' ဟု ပြောပြီး သုံးယောက်သား မိနစ်ထဲအပြေးတစ်ပိုင်း။ နောက်မှ 'တောက်' ခတ်သံက ကပ်ပါလာသည်။

မိနစ်ထဲမှ သူမတို့နှစ်ယောက်ကို ကျွန်တော်တို့ ခိုးကြည့်ကြသည်။ အကွယ်တစ်ခုမှ သူမတို့က တွေနဲ့တွေနဲ့ဖြင့် ရပ်ကာ ဆိုင်ကယ်ကို စက်နှိုးရင်း ဆိုင်ကယ်ပတ်ကင်ရှိရာဘက်ဆီကို စီးသွားကြသည်။ သူမတို့နှစ်ယောက် ကျွန်တော်တို့ထိုင်နေသော နေရာရှေ့မှ ဖြတ်သွားကြသည်။ ကျွန်တော်တို့ စောစောက သူမတို့ကို ချောင်းသော နေရာမှာပင် မှင်ဖြင့် ထိုင်နေကြခြင်းဖြစ်သည်။ ကျွန်တော်တို့ကို မြင်တော ခြေလှမ်းတုံ့ခနဲ ဖြစ်ပြီးမှ တစ်ယောက်ကိုတစ်ယောက်တို့ကာ အားပေးရင်းဖြတ်သွားကြခြင်းဖြစ်သည်။ ကျွန်တော်တို့ သုံးယောက်လည်း နောက်မှမယောင်မလည်လိုက်သွားကြသည်။ ဒါကို သူမတို့ သိသော်လည်း ဂရုမစိုက်ဟန်ဖြင့်

'ကေသီရယ် တော်သေးတာပေါ့ လူကော ဆိုင်ကယ်ရော ဘာမှမဖြစ်လို့'

'အေး နှင်းရယ်၊ ဆိုင်ကယ်တိုက်မှန်းသိရင် မလွယ်ဘူး'

'ငှားစီးလာတာနဲ့ တူတယ်'

သူမတို့ ပြောနေသော အချိန် ကျွန်တော်ဖြတ်၍ နောက်မှနေပြောလိုက်သောကြောင့် နှင်းဆိုသော ကောင်မလေးနှင့် ကေသီဆိုသော ကောင်မလေးနှစ်ယောက်စလုံး ချာခနဲ လှည့်ကြည့်သည်။ မျက်နှာတွေနီလို့။

'လူကို ဆိုင်ကယ် အငှားနဲ့ လာတယ်ထင်လို့လား'

'ဟုတ်ကဲ့'

ဒေါဖြင့် မောဖြင့် မေးသော ကေသီ၏အမေးကို သိန်းလတ်က စကားတစ်ဝက်မှာပဲ ဝင်၍ 'ဟုတ်ကဲ့' လိုက်သဖြင့် သူမတို့နှစ်ယောက်စလုံး ဆွေ့ဆွေ့ခုန်လုမတတ်။

'ရုပ်ကို သေသေချာချာကြည့်ထား၊ ဒီဆိုင်ကယ်လောက်ကတော့ အခုမီးနဲ့ရှို့ပစ်လို့ရတယ်'

www.foreverspace.com.mm

နှင်းဆိုသော တစ်ယောက်က ဆိုင်ကယ်သော့လေးတန်းလန်းကိုင်ကာ ဆောင့်ကြွားကြွား ခပ်ထန်ထန်ပြောသည်။

'ဟော့ကောင်တွေ ရုပ်ကိုသေသေချာချာ ကြည့်ထားတဲ့၊ ကြည့်ကြကွ'

ကျွန်တော့် စကားကြောင့် သိန်းလတ်နှင့် စိုးမင်းက ရှေ့သို့တိုးသည်။ ကျွန်တော့် ကဲ့သို့ သူမကို အထက်အောက်ကြည့်သည်။

'မဆိုးဘူး'

'ဘာပြောတယ်'

ကျွန်တော့်စကားကြောင့် သူမ လွယ်အိတ်ကို လက်တွင်ပြောင်းသည်။ ဆော်တော့မည့် သဘော။

'ဟော့ ကောင်တွေ ဆိုင်ကယ်မီးရှို့မလို့တဲ့၊ အကြမ်းစီးရအောင် တောင်း ထားမလား'

ကျွန်တော် စိုးမင်းတို့ဘက်ကို လှည့်၍ အပြော သူမက ဒေါသမထိန်း နိုင်ဟန်ဖြင့် 'ကဲဟယ်' ဟုဆိုကာ လွဲရိုက်သည်။ သိန်းလတ်က ကျွန်တော့်ကို လှမ်းဆွဲ လိုက်သဖြင့် လွတ်သွားသည်။ သူမတို့က ဒေါသမျက်လုံးဖြင့် ကြည့် ကာ 'ဘယ်လိုဟာတွေလဲ မသိဘူး' ဟု ပြောကာ ချာခနဲ လှည့်ထွက်သွားကြ သည်။

'နောက်တစ်ခါဆို ကောင်းကောင်းစီးနော် ငါ့တူမတွေ အဘကရှာက လယ်တွေပေါင်ပြီးမှ ဝယ်ထားပေးရတာ'

စိုးမင်း၏ မကြားတကြားအော်သံကြောင့် သူမတို့ မိုက်ကြည့် လှည့် ကြည့်သည်။

'မင်းကရှေ့မှာ ရှိတုန်းကတော့ ဘာမှမပြောရဲဘူး'

ကျွန်တော် စိုးမင်းကို နားရင်းရိုက်ရင်း ပြောသည်။

'အေးလေ ဒီကောင် သူခိုး ပြေးမှနာဘူးထ'

'ထိုးကွင်းထပါကွ'

သိန်းလတ်၏ အဆိုကို စိုးမင်းကပြင်သည်။ သုံးယောက်သား ထို အကြောင်းကို ရယ်စရာ ပြောရင်း အင်းလေးဆောင်သို့ ဦးတက်ကြသည်။ လက်ချာချိန်ကို တက်ကြရန်။

☆ ☆ ☆

ကျောင်း ကြီးကျယ်သော်လည်း သူမတို့နှင့် မကြာမီ ပြန်ဆုံကြသည်။ 'ပန်းနုရောင်' ကင်တင်းမှာ။ တက္ကသိုလ် ဘောလုံးကွင်းမှာ မိုးတွင်းရေကြီးကာ ရေကန်သေးလေးဖြစ်လျက် အလွန်လှသည်။ ထိုရေကန်ဘက် မျက်နှာမူသော ဝိုင်းမှာထိုင်နေသော သူမတို့ကို သိန်းလတ်က မြင်သည်။

'ဟော့ကောင် လင်းနောင် ဟိုမှာ ဆိုင်ကယ်သူရဲမတို့ အုပ်စုတွေ့လား'

'အေး ဟုတ်တယ်ဟ လာ ဘေးဝိုင်းမှာသွားထိုင်ရအောင်'

ကျွန်တော်နှင့် သိန်းလတ်ကို စိုးမင်းက'ကြည့်လုပ်ကြနော်ငါမျက်ခုံး လှုပ်တယ်' ဟုဆိုရင်း လိုက်လာသည်။

'ငါပါပါတယ်၊ စိုးမင်းရာ လက်ဖျားနဲ့တောင် မထိစေရဘူး'

'ဘာလဲ . . . လက်ဝါးနဲ့ပဲ ညှိစေရမယ်ပေါ့'

ကျွန်တော့် အပြောကို သိန်းလတ်က ဘုတောသည်။

သူမတို့ဘေးဝိုင်းမှာ ကျွန်တော်တို့ ရှိနေတာ သူမတို့မသိကြ။

'ဟော့ကောင် ဆရာကြီး လင်းနောင် ဟိုက ဖုတ်လေတဲ့ဝေဝီ နံတယ်လို့ တောင်မထင်ဘူး ဘယ်လိုလုပ်မလဲ'

'နံစေရမယ်စိတ်ချ စားပွဲထိုးသာ ခေါ်လိုက်'

မဆီမဆိုင် စိုးမင်းက စားပွဲထိုး ခေါ်ခိုင်းတာကို . . သိန်းလတ်က နှာခေါင်းဝိတ်သည်။

'ညီလေး ထမင်းပေါင်း သုံးပွဲ ကြက်သားနဲ့ ဟိုဘက်ဝိုင်းကလို သက်သတ်လွတ်မလုပ်နဲ့'

ကျွန်တော့် အသံကြောင့် နားမလည်သလို ခေါင်းကုတ်သော စားပွဲထိုးက ဟိုဘက်ဝိုင်းကို ကြည့်ကာသဘောပေါက်သွားသည်။ အသံကြောင့် ဘေးလှည့်ကြည့်ကာ ကျွန်တော်တို့မှန်း သူမတို့သိသွားသည်။ ကေသီက ထိုစားပွဲထိုးကိုပင် လှမ်းခေါ်သည်။

'မောင်လေး လာဦး'

စားပွဲထိုးခေါင်းကို ကုတ်ရင်း ရောက်သွားသည်။

'မောင်လေးရေ မင်းတို့ဆိုင်မှာ ထဘီမရောင်းဘူးလား'

'ခင်ဗျာ'

စားပွဲထိုး ကောင်လေးက . . ကြောင်နေသည်။ ကြောင်ပေမပေါ့ ကင်တင်းကို 'ထဘီ' မရောင်းဘူးလားမေးသည်ကိုး။

'ဒီလို မောင်လေးရဲ့ မိန်းမလို စောင်းပြောတတ်တဲ့ ရှောက်သီးခေါင်းပြားသည်တွေကို ဝယ်ပေးချင်လို့'

နှင်းက ကေသီ့စကားကို ရှင်းပြသလိုလိုနှင့် ကျွန်တော်တို့ဘက်ဝိုင်းကို မျက်စပစ်ပြမှ စားပွဲထိုးက သဘောပေါက်ကာ ကျွန်တော်တို့ကို အားနာနာဖြင့် ပြုံးစိစိကြည့်သည်။ ခေါင်းကိုကုတ်၏။

'ဝယ်ပေး ဝယ်ပေး'

မထူးဇာတ်ခင်းကာ တီဗွီကြော်ငြာထဲက မင်းသား'ဗွေ' လို ကျွန်တော် လှမ်းနောက်သော ပြောင်ချော်ချော်အမူအရာကြောင့် ကျွန်တော့်ကို ကြည့်ကာ သူမတို့ ရယ်ချင်ချင်ဖြစ်သွားကြသည်။ သို့သော် ဖွတ်ဖုံးဖိထားကြသည်။

'ကြည့်လုပ်ဦး လင်းနေသည်၊ ငါတို့ကို ကိုင်ပေါက်လိုက် ပြန်ကောက်လိုက် အခါနှစ်ဆယ်လောက် လုပ်ထားဦးမယ်'

စိုးမင်းက ထိုဆူမိုနပန်းသမ ဟုတင်စားထားသော သူမကိုကြည့်ရင်း ပြောသည်။ သူမကိုလည်း 'ဟီး' ခနဲရယ်ပြလိုက်သေးသည်။

သူမတို့ ပိုက်ဆံကို ရှင်းကာခပ်ဆောင့်ဆောင့် ထွက်သွားကြသည်။ မကြာမီ ထမင်းပေါင်း ပန်းကန်များဖြင့် စားပွဲထိုး ရောက်လာသည်။

'လိုက်မမီဘူးဗျာ'

'အေးလိုက်မမီရင် ကျန်ခဲ့ ဒါအင်တာနက်ခေတ်'

ကျွန်တော် ပြောရင်း စားပွဲထိုးထံမှ ပန်းကန်တို့ကို ယူကူသည်။

'အရှက်ကို မရှိဘူး'

ကေသီနှင့် ကြားမှာ ထိုင်နေသော ဆူမိုနပန်းသမား တစ်ယောက်လို ဝသော တစ်ယောက်က ခပ်တည်တည်ကြည့်ကာ ပြောသည်။

ဒုတိယအကြိမ်ဆုံတာက ဗန္ဓုလရုပ်ရှင်ရုံမှာ ရုံထဲဝင်ရန်တံခါးမဖွင့်သေးသဖြင့် သူမတို့ သုံးယောက်လက်မှတ်လေးတွေ ကိုင်ကာ ထိုင်ခုံမှာ ထိုင်နေကြသည်။ ရုံပြင်မှာ ထိုင်ခုံပေါ်မှာ ထိုင်နေသော သူမတို့ကို ကြည့်ကာ ကျွန်တော် စချင်လာသည်။ သူမတို့ဆီကို တည့်တည့်ကြီးလျှောက်လာသော ကျွန်တော့်ကို ကြည့်ကာ တဖုံ့တသြ ဖြစ်နေကြသည်။

ကျွန်တော်က နှင်း၏လက်ထဲမှ လက်မှတ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

'ဘယ်လောက်ပေးရမလဲ'

'ဘာ'

ကျွန်တော့်အမေးကြောင့် သူမဒေါသထွက်သွားသည်။

'နားကောင်းတယ်မဟုတ်လား . . . ဘယ်လောက်လဲလို့ မေးနေတာ၊ မှောင်ခိုလက်မှတ်ရောင်းနေတာ မဟုတ်လား'

'အောင်မာ ဒီရုပ်လား မှောင်ခိုလက်မှတ် ရောင်းမှာ'

'အပြင်ပန်းကြည့်ရုံနဲ့ မသိနိုင်ဘူးလေ'

ကျွန်တော့် စကားကြောင့် သူမက လက်ထဲမှာလက်မှတ်ကိုဆောင့်ဆွဲပြန်ယူသည်။ မျက်နှာကမူ နီရဲလျက်၊

'အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုပေမယ့် အလုပ်တိုင်းမကောင်းဘူး ကြားလား'

ဆရာကြီးပုံစံဖြင့် အားလုံးကို ကြည့်ကာပြောသော ကျွန်တော့်စကားကြောင့် ကေသီက လက်ထဲမှာဆီးထုပ်ဖြင့် လှမ်းပစ်သည်။ နှင်းက လက်ထဲမှ အိတ်ဖြင့် ထုံးစံအတိုင်း 'ကဲဟယ်' ဟု ရွတ်ရင်းလွှဲရိုက်သည်။ ဝဝနှင့်တစ်ယောက်ကတော့ လက်သီးတစ်ဆုပ်ဆုပ်ဖြင့်။

ကျွန်တော်ပြေးရသည်။ ဟိုနှစ်ကောင်က ရယ်လျက်။

ရုပ်ရှင်ရုံမှ ရုပ်ရှင်အပြီး ပြန်အထွက် သူမတို့နှင့် မဆုံဆုံအောင်စောင့်နေကြသော ကျွန်တော်တို့အုပ်စု။

www.foreverspace.com.mm

အလွမ်းအဆွေးကားမို့ မိန်းကလေးတို့၏ ထုံးစံအတိုင်း မျက်ရည်လေး စမ်းစမ်းစမ်းဖြင့် ပြန်ထွက်လာကြသည်။

'လက်မှတ်ရောင်းတာ ထွက်ခြေမကိုက်လို့နဲ့တူတယ် ခေါင်းမဖော် တမ်းကို ငိုနေကြပါလား'

ကျွန်တော်က မာမီးခေါက်ဆွဲ ကြော်ငြာထဲက စာသားတချို့ဖြင့် လှမ်းစတော့ ငိုတာလူမိလို့ ရှက်သွားကြတာ ရှက်မျက်စောင်းထိုး သွားကြသည်။ အဲဒီ မျက်စောင်းတွေထဲမှာ နှင်းမျက်စောင်းက အလှဆုံး။

☆ ☆ ☆

www.foreverspace.com.mm

တတိယအကြိမ် ဆုံတာကတော့ ဘုရားပေါ်မှာ စူဠာမုဏိ ဆုတောင်းပြည့်ဘုရားပေါ်မှာ။ ဖိနပ်ထားရန် သေတ္တာနားတွင် သူမတို့ သုံးယောက်ရပ်နေကြသည်။ ကျွန်တော်က ဘေးမှဖြတ်သွားရင်း လှမ်းစသည်၊ စချင်အောင်လည်း သူမတို့က ကျွန်တော်တို့ကို မမြင်ချင်ယောင် ဆောင်နေသည်ကိုး။

'ဟော့ကောင်တွေ တချို့တွေက ဖိနပ်အလစ်သုတ်မလို့ ချောင်းနေကြတယ်ကွ'

'ဟုတ်တယ်၊ ဟုတ်တယ် အမြင်ပန်းသားနားပြီး၊ လစ်ရင်သုတ်တဲ့ လူတွေက တစ်ပုံကြီး'

ကျွန်တော့်စကားကို စိုးမင်းက ခပ်သွက်သွက်ထောက်ခံသည်။ ဘုရားပေါ်မှာမို့ စိတ်လျှော့ထားဟန်ဖြင့် သူမတို့က တစ်ဖက်သို့လှည့်သည်။

'အဲ တချို့ကျတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် အတွဲချောင်းရင်း လာကြတာကွ'

'ဟာ ဂေါ်ပကတွေ စည်းကမ်းထုတ်ထားလို့ အတွဲမှမရှိတော့တာ'

'ရှိလိုရှိငြားပေါ့ကွာ ဝါသနာတိုးကွ'

ကျွန်တော့်စကားကြောင့် နှင်းလက်ထဲမှ ထီးက လေထဲဖျံ့ဝဲလာ သည်။ ကျွန်တော်လည်း တရုတ်သိုင်းကား ကြည့်နေကျမို့။ ကိုယ်ဖော့သိုင်းပင် သုံးစရာမလို လှမ်းဖမ်းလိုက်သည်။

ထီးလက်ထဲရောက်သည်နှင့် ကျွန်တော်ဆတ်ခနဲ လှည့်ကာ ဘုရားရင်ပြင် တစ်ဖက်သို့ပြေးသည်။ စိုးမင်းနှင့် သိန်းလတ်လည်း ဘုမသိဘမသိ လိုက်ပြေးသည်။

'ဟဲ့ ဟဲ့ နှင်း . . . ထီးပါသွားပြီ'

တေသီက နှင်းကို လက်တို့သည်။

'နေပါစေဟာ'

နှင်းကနှုတ်ပြောတသစ္စာပြောရင်း ဘုရားကို ဖူးကြသည်။ ချောင်းနေသော ကျွန်တော်တို့ကလည်း အေးဆေးမင်း၊

ဘုရားရင်ပြင်မှ တောင်ကြီးတစ်မြို့လုံးတွင် အမြင့်ဆုံးဖြစ်သော တောင်ချွန်းကို ကြည့်ကြသည်၊

ကျွန်တော်တို့ဆီသို့ ဝဝနှင့်'ဆူမိုနပန်းသမကြီး' လှုပ်လှုပ် လှုပ်လှုပ် ဖြင့်လာနေသည်။

ကျွန်တော်တို့ထံရောက်လာသည် အထိ မျက်နှာက ပြောင်စပ်စပ်၊

'ဟင်း ဟင်း ဟိုလေ ထီးလေထီး၊ ထီးပြန်လိုချင်လို့ ဟဲ ဟဲ'

'ရပါတယ်ရော့'

အသာတကြည်ပင် ကျွန်တော်ပေးလိုက်သည်၊ လက်ထဲထီးရောက်သည်နှင့် စောစောက ရယ်ပြုံးနေသော မျက်နှာမှာ တည်ခနဲ ဖြစ်ကာ ချာခနဲ လှည့်ထွက်သွားသည်၊

'စပရိန်မ၊ ထီးမရခင်က မျက်နှာလေးက ချိုလို့ ထီးလည်းပြန်ရရော မျက်နှာက ရှစ်ခေါက်ကိုချိုးရော'

စိုးမင်းက မကျေမနပ် ရေရွတ်သည်။

'ငါတော့သွားပြီနဲ့တူတယ်'

'အမ် ဘယ်လဲ'

'အဝီစိလား'

ကျွန်တော့်စကားအဆုံးကို နှစ်ယောက်သား နှိပ်ကွပ်ကြသည်။

'နှင်းလေ နှင်း . . . နာမည်နဲ့လိုက်အောင် အေးချမ်းတဲ့ ကောင်မလေး ပေါ့ကွာ၊ ငါ့ရင်ဘတ်ကို ကောင်းကောင်းထိနေပြီ'

ကျွန်တော်အတည်ပေါက်နှင့် ပြောသည်မို့ နှစ်ကောင်သား တအံ့တသြ ကျွန်တော့်ကို ကြည့်သည်၊

'မင်းအခု ဒီစီကလီလုပ်ထားတဲ့ သဲသဲကရော'

'ဟာ ဘာမှမဖြစ်ခဲ့ပါဘူးကွာ ဒီလိုပါပဲ'

သိန်းလတ် စကားကို ငြင်းရသည်။

'မင်းခံနေရမယ်နော် လင်းနောင် မင်းကဝင်ကတည်းက ဘီလူးဆိုင်းနဲ့ ဝင်ထားတာ'

ကျွန်တော်ပြောနေတာ နောက်နေခြင်းမဟုတ်ကြောင်း သိလိုက်သဖြင့် စိုးမင်းက စဉ်းစဉ်းစားစားဖြင့် ပြောသည်။

'ဩော် မုန်တိုင်းနဲ့စပြီး လေညင်းနဲ့ ဆုံးနေကျပါကွာ ကျောင်းသူ ကျောင်းသားအချင်းချင်း စတာ ဒီလောက်တော့ ရှိမှာပေါ့၊ နှင်းကလည်း ဒွေယူမှာမဟုတ်ပါဘူး'

☆ ☆ ☆

ငြေသူများကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ နောက်မှခင်ခင်လှမှာ ခေါင်းပင်မဖော်ရဲ။ (သူမက ကုလားဆင်ဖြစ်သည်လေ) ကျွန်တော်ကလည်း လှည့်မကြည့်ရဲ၊ လှည့်ကြည့်လျှင် ဆရာမက နှစ်ယောက်စလုံးကို ဆူမည်။ ဆရာမက 'ဘာဖြစ်တာလဲ' ဟုဆိုကာ အနားရောက်လာခဲ့သည်။ အမှန်အတိုင်းလည်း မပြောရဲ၊ စာမေးမလို့ ခင်ခင်လှက ခါးကိုတို့သဖြင့် ယောင်ရပါသည်ဆိုလျှင် သူမလွယ်၊ 'မေးနေတယ်လေ' ဟုဆရာမက ထပ်ဆိုသည်။

'ဟို ဟိုခင်း အဲ ကြမ်းပိုးထိုးလို့ပါ တီချယ်'

ရယ်သံများက ဝေါခနဲ လှိမ့်၍နားထဲဝင်လာသည်။

'ဘာ! ဘာကြမ်းပိုးလဲ တီချယ် တောင်ကြီးတက္ကသိုလ်မှာ လုပ်လာသမျှ သက်တမ်းတစ်လျှောက် စာသင်ခန်းမှာ ကြမ်းပိုးရှိတယ်လို့မကြားဖူးပါဘူး'

ကျွန်တော် ဘာပြန်ပြောရမှန်း မသိဖြစ်နေတုန်း ကျောင်းသားတစ်ယောက်က ထအော်သည်။

'သူ့ကိုယ်မှာ ပါလာတာပဲ ဖြစ်မယ် တီချယ်'

တစ်ခန်းလုံး ဝိုင်းကြည့်နေရာမှ ဝိုင်းရယ်ကြပြန်သည်။ ကျွန်တော် ရှက်ရှက်ဖြင့် ဘာပြောရမှန်းပင် မသိ၊

'တော်ပြီ တော်ပြီ ကိုယ်ဖြေစရာရှိတာဖြေကြ၊ ဘာညာဏ်နီ ညာဏ်နက်မှမထုတ်ကြနဲ့'

အခန်းစောင့် ဆရာမတစ်ယောက်က အော်တော့မှ ရယ်သံများ စူးစမ်းသံများ ပျောက်ကာ ပုံမှန်ပြန်လည်တိတ်ဆိတ်သွားသည်။ ကျွန်တော် ဆရာမ အလစ်ကို ခင်ခင်လှ ရှိရာနောက်သို့လှည့်ကြည့်သည်၊ ခင်ခင်လှက မျက်နှာငယ်လေးဖြင့် 'ရှူး' ဟုခပ်တိုးတိုး။

ခင်ခင်လှက စာမေးပွဲဖြေပြီးချက်ချင်းတောင်းပန်ပေမယ့် ယောင်တတ်သော ကျွန်တော့်အကျင့်က ဘူးပေါ်သလိုပေါ်သွားသည်။ သူငယ်ချင်းတချို့ကရယ်စရာအဖြစ် အလစ်မှာ ခါးဝင်ဝင်တို့တတ်ကြသည်။

တစ်ခါတလေ စိတ်ထဲမှာတစ်ခုခုကိုတွေးတုန်း လာတို့လျှင်ထိုအတွေးကိုထယောင်တတ်သည်။

စိုးမင်းနှင့် သိန်းလတ်ကတော့ ကျွန်တော့်နိုင်ကွက်ကို အညှာကိုင်မိပြီမို့ အခါခါ ညှဉ်းတတ်ကြသည်။

☆ ☆ ☆

"ဒီ လိုပဲ ----'

ကျူတိုရီရယ်ဆိုသော်လည်း တကယ့်စာမေးပွဲကြီးလို ဟောခန်းကြီးမှာ တိတ်ဆိတ်လျက်။ အားလုံးကကိုယ့်အတွေးနဲ့ ကိုယ်ငုံ့ဖြေနေကြသည်။

'ရွှတ် ရွှတ် ------- လင်းနောင်'

ကျွန်တော့်နောက်ခုံမှ ခင်ခင်လှက တိုးညင်းသော အသံဖြင့် လှမ်းခေါ်သည်ကို ကျွန်တော်မကြား။ ကျွန်တော့်ဘေးမှ သိဂီက ကြားသည်။ ဆရာမ အခန်းအနှံ့ကြည့်စဉ် အလစ်ကိုခေါ်ရသဖြင့် ခင်ခင်လှအသံမှာ လေသံကိုမှ တိုးတိုးလေး၊ ကျွန်တော်ကလည်း စာမေးပွဲဖြေလျှင် အချိန်ပြည့် ထိုင်ရမှာ ပျင်းသူပီပီ အမြန်ဖြေ၍ အမြန်ထွက်ရန်သာ စိတ်ကစောနေသည်။

'ဟေ့ လင်းနောင် ရွှတ် ရွှတ် ရွှတ် လင်းနောင်'

အသံမှာတိုးလွန်းသဖြင့် လုံးဝမကြား၊ ခင်ခင်လှကလည်း ရတော့ရခဲ ဆရာမ အလစ်ကို ကျွန်တော့်ထံစာမေးရန်။ ဘေးမှ သိဂီက ခေါ်ကူသေးသည်။ မကြားသော ကျွန်တော့်ကို ခင်ခင်လှ စိတ်အနည်းငယ် တိုလာသည်။ ဆရာမနောက်တစ်ခါ အလစ်ကို စောင့်ကာ ရှေ့သို့ကိုင်းပြီး ကျွန်တော့်ခါးကို ဘောပင်ဖြင့် ခင်ခင်လှက လှမ်း၍ထိုးသည်။ ကျွန်တော့်မှာ တွန့်ခနဲ။ လက်ကားရားခြကားရား၊ ပါးစပ်မှလည်း ကျယ်လောင်စွာယောင်ပြီး အော်လိုက်သည်။

'ကုလားမနှာခေါင်း'

ကျွန်တော့် အလန့်တကြားအော်သံကြောင့် တိတ်ဆိတ်နေသော စာ

www.foreverspace.com.mm

ဒီ တစ်ခါဆုံတာကတော့ သူမတို့ရှေ့ပင်ထွက်နေတုန်း ဖြစ်သည်။ ယခုခေတ် မိန်းကလေးများ လွယ်ကြသော ဘေးလွယ်အိတ်ကို ပခုံးမှာလွယ်ကြည့်နေသော သူမတို့ကို ထိုအိတ်များရောင်းနေသော ကောင်တာရှေ့မှာ တွေ့သည်။

အိတ်များကို တစ်လုံးရွေးလိုက် လွယ်ကြည့်လိုက် လုပ်နေကြသော သူမတို့နှင့် မလှမ်းမကမ်းသို့ ကျွန်တော်တို့ ရောက်သွားကြသည်။

'သတိထားချို့ ဟိုဟာကြည့်လိုက် ဒီဟာကြည့်လိုက်နဲ့ လစ်ရင်သုတ်တတ်တယ်'

'ရှပ်ကတော့ မထင်ချင်စရာပေါ့'

စိုးမင်းနှင့် သိန်းလတ်က အတိုင်ဖောက်ညီညီဖြင့်။ ဘာမှမပြောသော ကျွန်တော့်ကို ခါးတို့၏။ 'ဝယ်မှာလည်းမဟုတ်ဘူး' ဟုခပ်ချဉ်ချဉ်တွေးနေသော အချိန်တို့လိုက်သည်မို့ လွှတ်ခနဲ ယောင်ပုံက အသံကျယ်ကျယ်ဖြင့်။

'ဝယ်မှာလည်းမဟုတ်ဘူး။ ဟာမင်းတို့ ကွာ'

ယောင်သူတို့၏ ထုံးစံအတိုင်း ယောင်ပြီးတော့မှ ရှက်ရှက်ဖြင့် ဟိုနှစ်ကောင်ကို မာန်ရသည်။ နှင်းတို့က စိတ်ဆိုးတစ်ဝက် ရယ်ချင်တစ်ဝက်ဖြင့် မျက်စောင်းထိုးသည်။ ဘာမှတော့မပြော။ နှင်းကအိတ်တစ်လုံးကို သဘောတကျဖြင့် ဘေးလွယ်ကြည့်လိုက် ကေသီနှင့် နုငယ်တို့ကို ကြည့်ခိုင်းလိုက်ဖြင့် ကျွန်တော်စချင်လာသည်။

'အဲဒီအိတ်ကြီးကတော့ အဆင်ပြေပါတယ်၊ နို့ဘူးတွေ၊ ချိုလိမ်တွေ၊ ကလေးအနှီးတွေများများ ဆံ့တာပေါ့'

အိတ်ကိုကိုင်ထားသော နှင်း၏လက်တွန့်ခနဲ ဖြစ်သွား၏။

ကျွန်တော့်စကားကြောင့် နှင်းက ရှက်ကာမျက်နှာရဲ သွားသည်။

'အဲဒါ ရှင့် မိန်းမကို သွားပြောပါလား၊ ကျွန်မတို့က အပျိုရှင့် အပျို'

ဆွဲ့အနေသော နှင်းကိုယ်စား ကေသီက ဝင်ပြောသည်။

'ဟုတ်လား ဝမ်းသာလိုက်တာဗျာ ကျွန်တော်တို့ကလည်း လူပျိုတွေဗျ၊ ရည်းစားတောင်မထားဖူးဘူး ဟဲ ဟဲ'

သိန်းလတ်၏ စကားအဆုံး 'သေလိုက်ပါလား' ဟုဆိုရင်းနှင်းက လက်ထဲမှာ အိတ်ဖြင့် ပစ်လိုက်သည်၊ သူမပစ်မှတ်က ကျွန်တော့်ထံသို့ ဘယ်တုန်းကတည်းက အခဲမကျေဖြစ်နေမှန်းမသိ။ ပမ်းထားသော အိတ်ကို နီးရာကောင်တာမှာချပြီး ပြေးရသည်၊

ထိုမတ်ကက်မှာပဲ သူမတို့ CD ခွေဝယ်နေကြသည်။

'အချစ်များစွာအတွက် ဝယ်ပေးချင်တယ်ကွာ'

ယင်းခွေသို့ လက်လှမ်းနေသော နှင်း၏ လက်တို့တန့်သွားကြသည်။ သူမက မသိ မကြားသလိုဖြင့် 98 တုန်းက ထွက်ခဲ့သော ထွန်းအိန္ဒြာဗို၏ 'ရည်းစားဦး' ခွေကို လက်လှမ်းသည်။

'ရည်းစားဦးဝယ်မှတော့ နားထောင်ကောင်းပြီးသား'

နှင်းကို ရည်းစားဦး လိုလိုအလိုလို ညွှန်းလိုက်ခြင်း။ ကျွန်တော်တမင်လိုက်စနေမှန်း သိသဖြင့် ခွေကောင်တာမှ ကောင်မလေးက ခစ်ခနဲ ရယ်သည်။

'ညီမလေးရေ ပရိတ်ကြီး (၁၁) သုတ်ခွေတစ်ခွေ ပေးပါကွယ် နာနာဘာဝတွေ လိုက်ကပ်လွန်းလို့'

ကျွန်တော်တို့ နာမည်ပင် မသိရသေးသော ဆူမိုနပန်းသမကြီးက ကျွန်တော်တို့ကို မျက်စောင်းထိုးရင်း ပြောသည်။ ကေသီက လက်ခုပ်တီးရင်း 'နုငယ်ကွ' အားရပါးရဖြင့် ဆို၏။

'ဪ နာမည်လေးက နုငယ်တဲ့လား'

စိုးမင်း၏ အပြောကြောင့် ကျွန်တော် 'ဒိုး' ခနဲ ထိန်းထားသည်ကြားက ရယ်မိသည်၊ အရယ်သန်သော သိန်းလတ်က တဟားဟားဖြင့် ဗိုက်ကိုနှိပ်၍ ရယ်သည်။

လူကဝပြီး(ဝတာမှအင်မတန်ဝပြီး) ဆူမိုနပန်းသမားပုံပေါက်နေသော သူမနာမည်က 'နုငယ်'ဆိုတော့ ရယ်ကြသည်ပေါ့။ နုငယ်က ရှက်ရှက်ဖြင့် လက်ထဲမှအိတ်နှင့်လှမ်းရိုက်ရန်ပြင်သည်။ ထုံးစံအတိုင်း ထွက်ပြေးရသည်။

'ဟား ဟားဟား နာမည်နဲ့ လူနဲ့တော်တော်လေး လိုက်တယ်၊ လူက တကယ့် ဖက်တီး နာမည်က နုငယ်တဲ့ ဟီး ဟီး ဟီး'

သိန်းလတ်က အဆောင်ရောက်သည် အထိရယ်ကောင်းတုန်း။

'နုလည်းနု ငယ်လည်းငယ် ပါတယ်ကွာ နာမည် နာမည်'

စိုးမင်းက ပြောရင်းရယ်သည်။ သူမတို့ကတော့ ကျွန်တော့်တို့အဖွဲ့ဆို လျှင် ဒုံးကျည်ဖြင့် ပစ်ချင်လောက်အောင် မုန်းနေပေလိမ့်မည်။

☆ ☆ ☆

ဘာရယ်မဟုတ် နှင်းတို့ စာသင်ခန်းဘက်သွားသွား ကြည့်ဖြစ်သည်။ ကျွန်တော့်ကို မြင်တော့ နှင်းတို့က တစ်ယောက်ကိုတစ်ယောက် တွတ်ထိုးရင်း ဘာပြောနေကြသည် မသိ။

'ဟေ့ ကောင် မင်းကိုကြည့်ပြီး သုံးယောက်သား တတွတ်တွတ်နဲ့ ဘာအတင်းတုပ်နေလဲ မသိဘူး'

'ဟုတ်တယ် လင်းနှောင် စာသင်တာတောင် အာရုံမစိုက်ဘူး'

သိန်းလတ်နှင့် စိုးမင်းက ကျွန်တော့်ဘက်ကို လှည့်ပြောသည်။

'အဲဒါကောင်းတယ်'

စိုးမင်းက 'ဘာကောင်းတာလဲ' ဟုမေးသည်။

'ဆရာ စာသင်တာကို အာရုံမစိုက်နိုင်လောက်အောင် ငါ့ပစ်မှတ်က ထိနေပြီ၊ အဲဒါ အဓိကပဲ'

ဆရာကြီးလေသံဖြင့် ပြောကာ ကျွန်တော့်ကို ဟိုနှစ်ကောင်က အမြင်ကတ်ဟန်ဖြင့်ကြည့်သည်။

'မင်းက ဆရာကြီးလား ရည်းစားလည်း မရှိဘဲနဲ့'

ရည်းစားရှိသော စိုးမင်းက နယ်မှာ ကျန်ခဲ့သော ရည်းစားအားကိုးဖြင့် ဆောင့်ကြွားကြွား လုပ်ကာ စကားနာထိုးသည်။

'အေးပါ မင်းပြောထား'

www.foreverspace.com.mm

'ပြောပြီးနေပြီလေ ငကြောင်ရ'

သိန်းလတ်ကပါးစပ်ကလေးတဝင်တီးသည်။ ကျွန်တော် သိန်းလတ်ကို ပြုံးစိစိကြည့်တော့ မလုံမလဲဖြင့်သူက 'ဘာကြည့်တာလဲ' ဟုခတ်ဆတ်ဆတ်မေးသည်။

'မင်းက စိုးမင်းနဲ့ ပေါင်းပြီး နှိပ်ကွပ်ရအောင် မင်းမှာကော ရည်းစားရှိလို့လား သိန်းလတ်'

အရှိက်ထိသွားသဖြင့် သိန်းလတ်က မချိသွားဖြဖြင့်

'လာမယ်လေ၊ ငါကအချိုကြီးမှမှန်းတာ ကြည့်ထား'

'နှငယ်လေးကိုလား၊ အဲဒါကမှ အချိုကြီး'

စိုးမင်းက ဝင်၍သမရောနှီး သမသည်။ သိန်းလတ်က ကြောင်တောင်တောင်ဖြစ်နေ၏။

'ငါသဘောပေါက်ပါတယ်ကွာ လုတာက ချက်စားလို့မရဘူး ဝတာက ဖက်ထားလို့ရတယ် ဟဲ ဟဲ'

ကာရန်ဖြင့် ကျွန်တော်က ဝင်၍နှိပ်ကွပ်သည်။

'နှငယ်နဲ့တော့ မလုပ်ပါနဲ့ကွာ ကြက်သီးထလွန်းလို့'

သိန်းလတ်က ပြောရင်း ကိုယ်ကိုကျုံ့သည်။

'ကေသီလေးနဲ့ဆို တော်သေး'

ဟန်တစ်လုံးပန်တစ်လုံးဖြင့် ခြေကားရားလက်ကားရားပြောနေသော သိန်းလတ်နောက်မှာ ဆရာလာနေတာမသိ။ ကော်ရစ်တာက သူ့ကိုယ်ယိမ်းထိုးနေတာ လက်ကားရားဖြစ်နေတာနဲ့ အပြည့်။

'ဟေ့ကောင် ဆရာ့ကို ဖယ်ပေးလိုက်ဦး . . . နောက်မှာ'

ကျွန်တော် ပြောပေးတာကို 'နိုးနေပြီ' ဟူသော ပုံစံဖြင့် သိန်းလတ်က လှည့်ပင်မကြည့်။

'အခန်းထဲက မထွက်သေးတဲ့ နှာခေါင်းပွပွ၊ နားရွက်ကားကား နဖူးပြောင်ပြောင်၊ မျက်လုံးပြူး--------- ပြူး'

'ဟိတ်ကောင်'

အမူအရာ အပြည့်ဖြင့် ပြောင်ချော်ချော် လုပ်နေပါသော သိန်းလတ် ဆရာ့ကို ဆတ်ခနဲ လှည့်ကြည့်ပြီး ကျွန်တော်တို့ဘက် ပြန်လှည့်ကာ မျက်နှာရှုံ့သည်။ ဆရာ့အသံ ကျယ်လွန်းသဖြင့် ကျောင်းသူ ကျောင်းသားတချို့ ဝိုင်း

ကြည့်နေကြသည်။ ကြုံချင်တော့ တောင်ကြီးတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ အဆိုးဆုံးမို့ ဦးစိတ်တိုဟု လျှို့ဝှက်နာမည်ပေးထားသော ဆရာဦးတင်ဝေ။

'ဆက်ပြောပါဦး ပြောလေ'

ဆရာက မျက်နှာငယ်လေးဖြင့် ရှေ့မှာရပ်နေသော သိန်းလတ်ကို ကြည့်ရင်းမေးသည်။

'ပြောစမ်း မင်းဘယ်မေဂျာကလဲ ခုံနံပါတ်ပါ ပြောစမ်း'

ဧကန္တ ပါမောက္ခဆီ ရောက်တော့မည်။ သိန်းလတ် မျက်နှာငယ်လေးဖြင့် တောင်းပန်သည်။

'ကျွန် ကျွန်တော်တောင်းပန်ပါတယ်ဆရာ၊ ဟိုဆရာ တကယ်မလာဘူးထင်လို့'

'ဘာတကယ် မလာရင်တော့ ပြောမယ်ပေါ့ ဟုတ်လား'

'ဟုတ်ကဲ့ . . . အဲ . . မဟုတ်ပါဘူး ဆရာ'

သိန်းလတ်က စစ်ကူတောင်းသလို ကျွန်တော်တို့ကို လှမ်းကြည့်ရာသည်။ 'ဘာမှမတတ်နိုင်' ဆိုသည့်သဘောဖြင့် ပခုံးကို တွန့်ပြရသည်။

'ပြောလေ မေဂျာနဲ့ ခုံနံပါတ်'

'ဟို ဇူး (Zool)ပါ ဆရာ'

'ထင်သားပဲ တိရစ္ဆာန်မေဂျာကဆိုတာ၊ မင်းတို့ဇူးမေဂျာက နှစ်စဉ် ကျောင်းသားဆိုးတွေပေါ်နေတယ်'

ဆရာက မေးစေ့ကို ပွတ်ရင်း သိန်းလတ်ကို မေဂျာနဲ့ပါ တိုင်ပြီးနှိပ်ကွပ်သည်။ နှိပ်ကွပ်ပေမပေါ့ သူကြိုက်သော ကျွန်တော်တို့ မေဂျာက ဆရာမ အပျိုကြီး ဒေါ်ဟန်နီနှင့်မှ အဆင်မပြေဘဲကိုး။ နဂိုရှိပြီးသား အမုန်းဓာတ်ခံဖြင့် ပေါင်းကာ သိန်းလတ်ကို ပြော၍မပြီးတော့။

ကံကောင်းချင်တော့ ဆရာမ ဒေါ်ဟန်နီ NC 1 ဘက်သွားတာကို ကျွန်တော်လှမ်းတွေ့လိုက်ရသည်။ အမြန်ပြေးကာ ဆရာမကို နှုတ်ဆက်ရသည်။

'မင်္ဂလာပါ တီချယ်'

ဆရာမက ရှေ့မှာ ဝိတ်ကာ ရပ်ရင်းနှုတ်ဆက်သော ကျွန်တော့်ကို မျက်မှန်းတန်းမိသည်မို့ ပြုံးပြသည်။

'ဩော် အေးကွယ် မင်္ဂလာပါ'

www.foreverspace.com.mm

ဆရာမက နှုတ်ဆက်အပြီး သွားရန်ပြင်သည်။

'တီချယ်'

ဆရာမက ပြန်လှည့်ကြည့်သည်။ 'ဘာလဲ' ဆိုသည့်သဘောဖြင့် မေးကိုဆတ်သည်။ အကျိုးအကြောင်း ရှင်းပြပြီး ဆရာနှင့် သိန်းလတ်ရှိရာ ညွှန်လိုက်သည်။ ဆရာက ဩဝါဒပေး၍ ကောင်းတုန်း ဆရာမနောက်မှာ ရောက်နေမှန်း ဆရာမသိ။

'မင်းတို့ ဇူးမေဂျာက လူတွေ ပြောကိုမပြောချင် ချင်'

'ဆရာ'

ဆရာမနောက်မှ ရုတ်တရက်ဆောင့်ခေါ်လိုက်သဖြင့် ဆရာ တွန့်ခနဲ လန့်သွားပြီး လှည့်ကြည့်သည်။ ဆရာမကို မြင်တော့ အံ့ဩဝမ်းသာဖြင့် ဆရာ့ မျက်နှာ ပြုံးဖြီးဖြီးကြီး ဖြစ်သွားသည်။

'ကျောင်းသားကိုပဲ ဆုံးမပါ ဆရာ . . . တန်နီတို့မေဂျာကိုတော့ မထိခိုက်ပါနဲ့'

'မဟုတ်ပါဘူး ဆရာမရယ် . . . ကျွန်တော်က'

'ရပါတယ်ဆရာ ကျွန်မရဲ့ကျောင်းသားကလည်း အမှားမကင်းတော့ ရှိပါစေ'

'ဟဲ ဟဲ ရပါတယ် သား သွားတော့လေ'

ဆရာက သိန်းလတ်ကို ချိုရွှင်စွာ ကြည့်ရင်း ပြောသည်။ သိန်းလတ်ကလည်း ဆရာမကို ကိုယ်ကိုင်း၍ နှုတ်ဆက်ကာ ဆရာမ ခေါင်းညိတ်ပြသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့ဆီ အပြေးလာသည်။ ဆရာက တဟဲ ဟဲဖြင့်

'ဟဲ ဟဲ ဆရာမ ဘာယ်အတန်းလဲ'

'ဆရာပြောတဲ့ 'ဇူး' အတန်းကို သွားမလို့ပါ ခွင့်ပြုပါဦး ဆရာ'

ဆရာ ဘာမှပြန်မပြောခင် ဆရာမ လှည့်ထွက်သွားသဖြင့် ဆရာ ရှက်သွားဟန်တူသည်။ 'ဆရာ့ကို တောင်းပန်ခိုင်းဦးမှ' ဟု သိန်းလတ်ကို ကြည့်ရင်း ကျွန်တော်တွေးသည်။ ဆရာ ကျွန်တော်တို့ကို မမြင်ခင် 'မိန်း'ဆီသို့ သုတ်ခြေတင်ရသည်။

☆ ☆ ☆

www.foreverspace.com.mm

"**တော်** သေးတာပေါ့ကွာ၊ တီချယ်တယ်ပေလို့ ဝိုင်းကြည့်နေတဲ့ ကောင် မလေးတွေက အများကြီး၊ ကျောင်းသူတွေကို ငါ့အသားကုန် ရှက်နေတာ ဟီး'

တစ်နေ့က အဖြစ်အပျက်ကို ပြန်ပြောရင်း သိန်းလတ်က ရယ်သည်။

'အဲဒါကြောင့် ဆရာက မင်းကို 'ဇူး' ကျောင်းသားလို့ ပြောတာ၊ ကျောင်းသူတွေ ဝိုင်းကြည့်လို့ ရှက်တယ်တဲ့ ကျောင်းသားကျတော့ ထည့်မပြော ဘူး'

စိုးမင်းနှိပ်ကွပ်တော့ သိန်းလတ်က နှာခေါင်းကို ကိုင်ကာ ပြန်ပြောင် ပြသည်။

'အဲဒါအသာထား သိန်းလတ် မင်းဆရာ့ကို သွားတောင်းပန်လိုက်ဦး၊ အဲဒီနေ့က မင်းလွန်တာ'

'အေးပါကွာ မင်းတို့လည်း လိုက်ကူကြဦး'

ကျွန်တော့်စကားကို သိန်းလတ်က ခေါင်းညိတ်ရင်း ဆိုသည်။

'ဟော့ကောင်တွေ ဟိုမှာ လာနေပြီ'

စိုးမင်း၏ သတိပေးမှုကြောင့် လှမ်းကြည့်တော့ နှင်းတို့ အုပ်စု။ 'ရတနာ'တင်တင်း၏ ရောင်းကောင်းမှုက လူပြည့်ကျပ်ကာ ထိုင်ရန်နေရာမရှိ။ သူမတို့ ဟိုဒီကြည့်နေတုန်း ကျွန်တော်တို့ကျောဘက်ဝိုင်းမှ ငွေရှင်းပြီးထွက် သွားရာ ထိုဝိုင်းကို သူမတို့ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ရောက်လာသည်။

'ဟဲ့ တချို့ဆရာကိုပစ်မှားတဲ့ အရူးမေရျာဆိုလား၊ ဇူးမေရျာဆိုလား အဲဒီ ငမိုက်သားတွေကြောင့်လေ မိုးဖုံနေချိန် မိုးကြိုးပစ်ရင်စက်ကွင်းမလွတ်မှာ ကြောက်ရတယ်'

ထိုင်တောင်မထိုင်ရသေးမီ ကေသီက ရောက်ရောက်ခြင်း ဆောက် ဖြင့်ထွင်းသည်။

'ကြောက်တယ်ဆိုပြီး ဖက်ထားလိုက်တာကွာ၊ ငါ့မှာအသက်ရှူတွေကို ကျပ်လို့ နောက်ဆုံးမခံနိုင်တော့ အိပ်မက်က လန့်နိုးတော့တာပဲ'

ဖြတ်ထိုးညက်ကောင်းသော သိန်းလတ်က ကေသီ၏ စကားအဆုံးကို ဆက်စပ်၍ စလိုက်ခြင်း ဖြစ်သည်၊ ကေသီက တစ်စုံတစ်ရာပြန်ပြောရန်ပြင် တုန်း နုငယ်က 'အသာနေ' ဆိုသောပုံဖြင့် ကေသီကိုတားသည်၊ ကျွန်တော် လည်းစချင်လာသည်။

'တော်သေးတာပေါ့ သူငယ်ချင်းရာ၊ အိပ်မက်သာအဲဒီမှာ မနိုးရင်မင်း မလွယ်ဘူး၊ ရေတိမ်နစ်တော့မလို့နေ၁၊ မင်းတော်တော် ကံကောင်းတယ်မှတ်။ ခေတ်ကာလ သားသမီးများ ကိုရီးယားကားတွေ ကြည့်ပြီးတော့ လက်ရဲ ဇက်ရဲ တယ်ရှိသကိုး ---- ကွ'

ကျွန်တော့်စကားကြောင့် ကေသီတို့ အုပ်စုတွန့်ခနဲ။

'ကေသီနှင့် နုငယ်ရယ် ထဘီနဲ့ မရတော့ဘူးကွ၊ စကတ်ပါ ဝတ်ပေးရ တော့မယ်နဲ့ တူတယ်'

နှင်းက 'ဘာတတ်နိုင်သေးလဲ' ဆိုသော မျက်နှာထားဖြင့် မျက်စောင်း ထိုးကာပြောသည်။

'ဒါမျိုးမှ ကြိုက်တာ' ဟု ကျွန်တော်စိတ်မှ ပြောသည်။

'အဲဒီလိုပဲပေါ့၊ ဟိုဟာ ဝယ်ပေးမယ် ဒီဟာဝယ်ပေးမယ်နဲ့ အသား ယူပြီး ကပ်ချင်နေတာ၊ ငါကလည်း အရှက်ကိုအသက်နဲ့ လဲပစ်လိုက်မယ် ရေတိမ်တော့ အနစ်မခံဘူး၊ အဲဒီအချိန်ပဲ ဟကောင်ရ အိပ်မက်က နိုးတော့ တာပဲ'

ကျွန်တော်ပြန်ပြောသော အိပ်မက်အတုပုံပြင်ကြောင့် နှင်းက 'လူဝါး ကိုဝတယ်' ဟုခပ်ဆောင့်ဆောင့်ပြောသည်၊ ဒေါသကြည့် ကြည့်နေသော သူမ ကို ကျွန်တော်က ပါးဝသည့်ပုံစံဖြင့် ပါးဖောင်းပြသည်။

'လူကြည့်တော့ သနားကမားနဲ့၊ အဆန်ချောင်ပြီနဲ့တူပါရဲ့ နှင်းရယ်'

နုငယ်က ခနွာနှင့် မလိုက်အောင်ပင် ချွဲပျစ်ပျစ် ဆိုသည်။

ကျွန်တော် ခေါင်းငုံ့မခံပါ။ အဲခေါင်းမော့၍လည်း မခံပါ။ ကြော်ငြာထဲ ကမင်းသားအွေးလို 'လာနောက်မနေနဲ့' ဟုပြန်ပြောလိုက်သည်၊ ငွေရှင်းပြီး အမြန်လစ်ရသည်။ ဆက်ထိုင်နေလျှင် အခြေအနေက မကောင်း။

☆ ☆ ☆

www.foreverspace.com.mm

၆ နေ့၊

ကျွန်တော့်အတွက် ဝမ်းသာစရာသတင်းနှင့် ဝမ်းနည်းစရာသတင်းတို့ကိုတစ်ပြိုင်နက်သယ်ဆောင်ပေးခဲ့သူမှာ ကေသီဖြစ်သည်။ မြို့လယ်ကောင်စတိုးဆိုင်ထဲမှ ဘောပင်ဝယ်ပြီး ကျွန်တော်ထွက်အလာ အိတ်များစွာဖြင့် မနိုင်မနင်းဖြစ်နေသော ကေသီ့ကို တွေ့သည်၊ ဘေးမှာ နှင်းကော နငယ်ပါမပါကြ။

လက်ထဲမှ လွတ်ကျသော အထုပ်ကိုအမြန်ယူကောက်ပေးပြီး ပြုံးပြသော ကျွန်တော့်ကို ကေသီက 'ကျေးဇူး' ဟု မျက်နှာ မလျှော့မတင်းဖြင့် ဆိုသည်။

'ပေး ကေသီ ဘယ်သွားမလို့လဲ ကျွန်တော်သယ်ကူပေးမယ်'

ကေသီက အားနာစွာ ကြည့်နေတုန်း အိတ်တချို့ကို ဆွဲကူသည်။

'ဟီး ဟီး ဟိုလေ ဆိုင်ကယ်တွေ အိမ်ပြန်ပို့လိုက်ပြီ အဲဒါ မြို့ထဲအဆောင်ကနေ ကျောင်းနဲ့နီးတဲ့ အဆောင်ကို ပြောင်းလို့။ အဲဒါလိုတဲ့ ပစ္စည်းတချို့လာဝယ်တာ၊ တစ်ခါထဲ Taxi ငှားမလို့'

ကေသီကရှင်းပြသည်။

'ဩော် ကေသီတို့ကို တောင်ကြီးကပဲ ထင်နေတာ'

'မဟုတ်ဘူး ကေသီကော နှင်းကော ကလောက၊ နငယ်တစ်ယောက်ပဲ တောင်ကြီးသူ'

ကျွန်တော်က 'ဩော်' ခနဲ၊ သူမတို့လည်း နယ်ကပဲကိုး။

'ရှင့်နာမည် ဘယ်သူ'

'လင်းနောင်'

'ကိုလင်းနောင်တို့ကော ဘယ်ကလဲ'

'ကျွန်တော်က ပင်းတယက၊ ဟိုနှစ်ကောင်က ဟဲဟိုး'

'ဩော် ကိုလင်းနောင်တို့က အဆောင်မှာနေတာပေါ့။ ဘယ်အဆောင်မှာနေလဲ'

'ကျွန်တော်တို့ ငြိမ်းချမ်းအဆောင်မှာ နေတာ၊ ကေသီတို့ကော ဘယ်အဆောင်ပြောင်းလာမှာလဲ'

'မာလာခိုင်'

'ဟာ ဒါဆို ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်အဆောင်ပေါ့ ဝမ်းသာလိုက်တာဗျာ'

'ဟုတ်လား'

ကေသီလည်း ပျော်သွားပုံရသည်. . ။ ထို့နောက် ရွှင်မြူးနေသော ကျွန်တော့်ကို စိတ်မကောင်းသလို ကြည့်သည်။

'နှင်းက ဘာလို့မလိုက်လာတာလဲ ကေသီ'

'ဟို ---- '

ကေသီက ပြောသင့် မပြောသင့် ချိန်နေဟန်တူသည်။

'သွားစရာရှိတယ်ဆိုပြီး သွားလိုက်တယ်။ ဟို --- ကိုလင်းနောင် ---- ဟိုဒင်း ----- မပြောမပြီး ------ မတီးမမြည် ဆိုသလိုဘဲ ဆောင်ရန်၊ ရှောင်ရန်တော့ ပြောပြထားရဦးမယ်'

ကျွန်တော်ကြောင်သွားသည်၊

'ဒီလိုပါ အခုနှင်းသွားတာ သူနဲ့ စေ့စပ်ထားတဲ့ လူဆီကိုလေ။ နှင်းက စေ့စပ်ထားတဲ့လူရှိတယ်၊ ကိုလင်းနောင် ဒါ . . ကေသီက ဘာသဘောနဲ့မှ ပြောတာ မဟုတ်ဘူးနော်၊ သိသင့်တယ်ထင်လို့ ပြောတာ၊ ကေသီတောင် နှင်းရဲ့အမျိုးသားလောင်းနာမည် မသိဘူး။ အဲဒီကိစ္စမေးရင် နှင်းကလည်း မကြိုက်ဘူးလေ'

ကျွန်တော် ရင်ခုန်သံရပ်ကာ မှုန်းကျပ်သွားသလား အောက်မေ့ရသည်။ နားထဲကို ကေသီ၏ စကားတို့က ဆူးခက်ဆွဲဝင်သွားသလို။

'ချမ်းသာတဲ့ အသိုင်းအဝိုင်းကပါပဲတဲ့၊ တောင်ကြီးဇာတိတော့ မဟုတ်ဘူး။ ကားပွဲစားလုပ်တယ်။ နှင်းက ကျောင်းထဲပေးမလာလို့ မလာဘူး။ ဝေးဝေးတစ်ခါ နှင်းတို့အဖေ သူ့ဆီရောက်နေရင်တော့ နှင်းသွားတယ်။ ခဏပဲ။ ဘယ်လောက်မှမကြာဘူး ပြန်ပြန်လာတယ်။ နှင်းကိုကြည့်ရတာ မိဘစွတ်စီစဉ်လို့ လက်ခံထားရပုံပဲ။

'ခြေဒ်'

ကျွန်တော် 'ခြေဒ်' ဆိုတာကို ခဲယဉ်းစွာ. Taxi ဂိတ်ကို ဘယ်လိုလုပ်ပြီးရောက်လာသည်မသိ။ ရင်မှာ အမှုလုံးတစ်လုံးက လာရောက်တစ်ဆို့နေသည်။ တက္ကစီ၌ ဒရိုင်ဘာနှင့် ကေသီတို့ဈေးပြောနေတာကို မကြားတစ်ချက်ကြားတစ်ချက်။ 'သွားမယ်နော်' ဟုကားပေါ်မှ နှုတ်ဆက်သွားသော ကေသီကို ခေါင်းညိတ်ပြမိသလား မသိ။

ကျွန်တော်သိတာက အမျိုးအမည်ခွဲခြားမြရခက်သော ဝေဒနာက ကျွန်တော့်ကို လေးလံစွာ မွန်းကျပ်နေစေသည်ဆိုတာကိုသာ။

ကေသီပြောသွားသော စကားတို့ကို အခါခါ ပြန်ကြားသည်။

စေ့စပ်ပြီးသား

အမျိုးသားလောင်း

ချမ်းသာတဲ့ အသိုင်းအဝိုင်း

ကားပွဲစား

ခေါင်းကိုခါမိသည်။

ကိုယ်အရာရာကို နောက်ကျနေပြီလား နှင်း။

ကျွန်တော်သက်ပြင်းမောကို ချမိသည်။

☆ ☆ ☆

ညက အရင်ညများထက် ပို၍မှောင်မည်းနေသည်။

'ဘာဖြစ်လဲ၊ စေ့စပ်ထားတာပဲ၊ လက်ထပ်ထားတာမှ မဟုတ်တာ၊ မင်းကလည်း၊ မင်းလည်းလူပဲ၊ သူလည်းအပျို ချစ်ပိုင်ခွင့်အပြည့်ရှိတယ်'

'လိုက်ပိုင်ခွင့်လည်း ရှိတယ်၊ ရည်းစားဖြစ်ပိုင်ခွင့်လည်း ရှိတယ်'

သိန်းလတ်၏ စကားကို စိုးမင်းက ဖြည့်စွက်သည်။

'ဒါကြောင့် မင်း နှင်းတို့ အတန်းရှေ့သိပ်မသွားတော့တာကိုး။ ဘာမှ ငေါင်မနေနဲ့၊ ဘာကိုမှလည်း Feel မထားနဲ့ ထုံးစံအတိုင်း ပျော်ပျော်နေစမ်းပါ။ လာ ဝရန်တာထွက်ပြီး ဂီတာတီးရအောင်'

ကျွန်တော်တို့ ဂီတာသံစကြားသည်နှင့် နှင်းတို့အဆောင် ဝရန်တာမီး ပိတ်သွားသည်။ ထို့နောက် အဆောင်သူလေး ငါးယောက် ထွက်လာကာ သီချင်းနားထောင်ကြသည်။ သူမတို့ အဆောင် ဝရန်တာမှ ပစ်လိုက်သော မသဲမကွဲ အထုပ်တစ်ထုပ်က ကျွန်တော်တို့ အဆောင်ဝင်းထဲကျသည်။ ယောက်ျားအားနဲ့သာဆိုလျှင် ဝရန်တာချင်း ပစ်၍ရသည်။ လက်သွက်သော ညီသစ်ဆိုသော ငနဲ ဆင်းကောက်သည်။ ထုံးစံအတိုင်းမုန့် တစ်မျိုးမျိုးဖြစ်မည်။

'ဟော့ကောင်တွေ စာလည်းပါတယ်ကွ . . သားရေကွင်းနဲ့စည်းထားတယ်'

စာဝိုင်းဖတ်ကြသည်။ သီချင်းတောင်းစာ။

လိုက်ယောင်သော ကျွန်တော့်အသံက အကျယ်ကြီး။ ယောင်တာက လည်း လက်ကားရား၊ ပိုဆိုးတာက ထိုလက်ကားရားလက်က နှင်းနှုတ်ခမ်းတွင် တေ့သောက်နေသော ကော်ဖီ ပန်းကန်ကို အပင့်လိုက်မိုက်မိသည်၊ နှင်းပေါ် ကော်ဖီပူများ ဖိတ်ကျသည်၊ နှင်းက 'အားပူလိုက်တာ' ဟုအော်ရင်းထခုန်သည်။

ပုလင်းသံ ပန်းကန်သံ ဇွန်းသံ၊ ခရင်းသံ ကော်ဖီပန်းကန် ကွဲသံများ။ ယင်းအသံအဆုံးမှာ အခြားဝိုင်းမှ ရယ်သံများ၊

နှင်းကထအခုန် သူမဘေးမှ နုငယ်၏ခြေဖျားကို တက်နင်းမိသည်။ နုငယ်မှာ မျက်နှာကြီးရှုံ့မဲ့ကာ 'အမလေး' ဟုမပီမသ ရေရွတ်သည်။

အများက ဝိုင်းကြည့်နေကြကာ ခွက်ထိုးခွက်လန် ရယ်ကြပေမယ့် ကျွန်တော် မရယ်ရဲ၊ နှုတ်ခမ်းဘေး တချို့မှာ ကော်ဖီပူများ ပေကျံလျက်၊ မှုတ် သောက်ရလောက်အောင် ပူသည်မို့ နှုတ်ခမ်းဘေးတစ်ဝိုက်မှာ အပူလောင် ကုန်ဟန်တူ၏။ လက်ဖျားလေးဖြင့် ယပ်ခတ်ကာ နှင်း ကျွန်တော့်ကို ဝါးစားတော့ မလို ကြည့်သည်။ ခြေဖျားတက်နင်း ခံထားရသော နုငယ်က ဒေါသထွက် ထွက်ဖြင့် ဘာမပြော ညာမပြော ကျွန်တော့်လည်ပင်းကို ထညှစ်သည်။

'ဟ ဘာလဲ ဇစ် ဇစ် လုပ်ပါဦး အစ်'

ဘေးမှ စိုးမင်းနဲ့ သိန်းလတ်က 'မလုပ်ပါနဲ့' ဆိုကာ အတင်းဆွဲဖြုတ်မှ နုငယ်က လက်ကိုလွှတ်သည်၊ သူမအားကြီးဖြင့် အညှစ်ခံရတာ မသက်သာ လှ၊

နှင်းမှာစိုသွားသော ကော်ဖီတို့ကြောင့် ဝတ်ထားသော ထဘီစကတ်မှာ လှည့်မရ ပြုမရဖြင့် အကွက်လိုက်ကြီး။

နောက်မှ ကျောင်းသားတစ်ယောက်က ခွက်ထိုးခွက်လန် ရယ်၏။

'ဟား ဟား မူကြိုနဲ့ တတ္တသိုလ်မှားလာတာလား မသိဘူး ရှုးပေါက်ချ တယ်'

၎င်းစကားကြောင့် ဘေးဝိုင်းမှ ရယ်ကြသည်၊ နှင်းက ရှက်လည်းရှက် ပူလည်းပူ (အပူလောင်တာကို ပြောတာ) ဖြင့် သူမလွယ်အိတ်ကြီးဖြင့် ကြောင် နေသော ကျွန်တော့်ကို လွဲရိုက်သည်။ အံကြိတ် နှုတ်ခမ်းကိုက်လျက်။

'ဖုန်း'

ကျွန်တော့်ခေါင်းကြီးလည်သွားသည်။ ကြယ်တွေလတွေကို အာကာ သထဲမရောက်ဘဲ မြင်လျက်။ နှင်းတို့က ဆောင့်ကာအောင့်ကာ ထွက်သွားကြ

သည်။ နောက်မှာ အကွက်လိုက်ကြီးဖြင့်။

'နှင်း မတော်တဆပါ'

ကျွန်တော် အယောင်ယောင်အမှားမှား ခေါင်းကိုကိုင်ရင်း ပြောသော စကားကို နှင်းမကြားတော့။

ထိုအခါမှ ဟိုနှစ်ကောင် သတိဝင်လာသည်။ စိုးမင်းက

'ဟေ့ကောင် လင်းနောင် ပိုက်ဆံ ငါရှင်းခဲ့မယ်၊ မင်းအမြန်လိုက်ပြီး တောင်းပန်လိုက်'

'တောက်! ဆော်ထည့်လိုက်တာများ တရုတ်သိုင်းကားထဲကလိုပဲ'

အရေထဲ သိန်းလတ်က ဝင်နောက်နေသေးသည်။ ဝရုန်းသုန်းကား ဖြင့် အမြန်လိုက်ရသည်။ နှင်းက လက်သွက်ရုံတင်မဟုတ် ခြေပါသွက်သည်။ အပြေးလိုက်မှ မီသည်၊

လူတချို့က နှင်းကို ကြည့်ကာ (သတိထားမိသူတချို့က)ရယ်ကြ သည်။ နှင်းက ရှေ့ကဖုံးသော်လည်း နောက်ကပေါ်နေသည် မဟုတ်ပါလား။

'နှင်း'

'----'

'နှင်း နောက်မှာ အကွက်လိုက်ကြီး'

နှင်းက ကျွန်တော့်စကားကြောင့် သူမ၏ဘေးလွယ်အိတ် (ကျွန်တော့် ကို အသားကုန်ဆော်ခဲ့သောအိတ်) ဖြင့် ရှေ့မှ ကာထားရာမှ နောက်သို့ ရွှေ့ကာ ကာသည်။ နောက်ကဖုံးတော့ ရှေ့ကပေါ်ပြန်သည်၊ ငိုကြည့်ရင်း လျှောက်နေ သော နှင်းကို ကျွန်တော့်လွယ်အိတ်ချွတ်၍ ပေးသည်၊

'ရော့ နှင်း ရှေ့ကို လွယ်ချလိုက်'

နှင်းက ဆတ်ခနဲယူကာ လွှင့်ပစ်သည်၊ ကေသီကတော့ အားနာနာ ဖြင့်ကြည့်သည်၊ နုငယ်ကတော့ ခပ်ထန်ထန် လည်ပင်းကို ထပ်ညှစ်ချင်သေး သည့်ပုံ။

နှင်းကအပေါ်မှာ ဝတ်ထားသော အင်္ကျီလက်ရှည်ကို ချွတ်ကာခါးမှာ စီးသည်။ နောက်ကလုံသွားတော့မှ ရှေ့သို့ သူမအိတ်ကြီးဖြင့်ကာ ကာလျှောက် သည်။ ကျောင်းနှင့် အဆောင်မှာ တစ်မှတ်တိုင်ကျော်ကျော်သာ ဝေးသဖြင့် အဆောင်နားရောက် ခါနီးလာသည်။

'နှင်း'

www.foreverspace.com.mm

'---- '

'ကိုယ်တမင် လုပ်တာမဟုတ်ပါဘူး နှင်းရယ်၊ ကိုယ်တကယ် ယောင်တတ်တာပါ။ မယုံရင် ကိုယ်တို့ မေရှာမှာလာမေးကြည့်'

' ------ '

'နှင်း စိတ်မဆိုးပါနဲ့ကွာ'

' ------- '

အဆောင်ရှေ့ရောက်သည် အထိမရွှေနှင်းက ဘာဆိုဘာမှ ပြန်မပြော။ အပူလောင်သော နှုတ်ခမ်းတစ်ဝိုက်ကို လက်ဖြင့်မရဲတရဲ စမ်းနေသည်။ ထို့နောက် ဘာမှ ပြန်မပြောဘဲ အဆောင်ထဲ ဝင်သွားသည်။

အဆောင်ရှေ့မှာရပ်လျက် ကျွန်တော်စိတ်တွေ ရှုပ်ထွေးလာသည်။ မဖိတ်ခေါ်ဘဲ ရောက်လာသော ပြဿနာ။

☆ ☆ ☆

www.foreverspace.com.mm

အဆောင်သူ
မလောင်ဆူစေနဲ့ ကိုယ့်ရင်ပါ။

မမွေးဘဲလောင်စေနဲ့ မီးဟာ
ကိုယ့်ကြောင့်မဟုတ်စေပါဘူး။

အဆောင်သူရယ်
နှောင်တွယ်ခြင်းကင်းစေနဲ့
မင်းရဲ့မျက်လုံးစိမ်းတွေကို
ဘယ်လို သံစဉ်နဲ့ခံစားပေးရမလဲ။

ကြိုနေပါ အဆောင်သူ
မင်းအတွက် ကျေနပ်ပျော်ရွှင်ခြင်းကို
စစ်ခင်းလို့ပဲရရဲ့။
ဘဝပါရင်းပြီး ယူဆောင်ပေးမယ့်ကောင်ပါ။
မင်း ------ စောင့်လို့သာနေ။

"ငါ တောင်းပန်ပါတယ်ကွ၊ ငါတမင်တို့တာ မဟုတ်ဘူး အဲဒီအချိန်မှာ မင်းယောင်တတ်တယ်ဆိုတာ ငါမေ့သွားလို့ပါ။ မင်းအခုလို ကျောင်းမတက်တော့ ငါတို့လည်း ဘယ်စိတ်မကောင်းပဲ့မလဲ လင်းနောင်ရ'

သိန်းလတ်က မျက်နှာငယ်လေးဖြင့် တောင်းပန်သည်။ သူတောင်းပန်သည့်အကြိမ်ပေါင်းမနည်းတော့။ စိုးမင်းကလည်း မျက်နှာငယ်လေးဖြင့် 'ဟုတ်ပါတယ်ကွာ' ဟုဝင်ပြောသည်။

'ငါပြောပြီးပြီပဲကွာ၊ ငါဘယ်လိုမှသဘောမထားပါဘူး။ ငါရက်လို့ပါကွာ၊ ကျောင်းမတက်ရလောက်အောင်တော့ ငါစိတ်မပျော့ဘူး၊ မနက်ဖြန် ကျောင်းတက်မယ်ကွာ၊ ဒီနေ့တော့ ဘယ်လိုမှ စိတ်မပါဘူး'

ကျွန်တော့်ကို ကြည့်တာ နှစ်ယောက်သား သက်ပြင်းချကြသည်။

'ငါကလည်း ဖြစ်ဖြစ်ချင်းဆိုတော့ ရှက်ရမ်းရမ်းတာလည်းပါတယ်။ သူလည်း ငါ့လိုကျောင်းမတက်ဘူးတဲ့ . . ဟဲ့။ အဆောင်မှာတော့ ရှိသေးရဲ့လား မသိဘူး'

'ငါလည်း တစ်ချိန်လုံးချောင်းနေတာပဲ ဝင်တာလည်းမတွေ့ အဲ ထွက်တာလည်း မတွေ့ဘူး'

နှင်း၏ စကားကို ကေသီက ဝင်ပြောသည်။

'ငါ့အပြစ်မကင်းဘူးဟ . . ငါလဲ ဒေါသထွက်ထွက်နဲ့ လည်ပင်းလေး

ညှစ်လိုက်မိတယ်'

နှငယ်၏ စကားကြောင့် ကေသီရယ်သည်။

'တော်သေးတာပေါ့ နှငယ်ရယ် နင်လည်ပင်းလေးကို ညှစ်မိပေလို့ပဲ၊ ဟိုကောင် မျက်လုံးကြီးပြူး လျှာကြီးတစ်လစ်နဲ့ တဂစ်ဂစ်ဖြစ်နေတာ လည်ပင်းကြီးသာ ညှစ်လိုက်လို့ကတော့ သေသွားနိုင်တယ်'

'အေးဟယ် ငါ့ကို စိတ်များခုသွားပြီလား မသိဘူး'

ကေသီ၏စကားကို နှငယ်က ထောက်ခံရင်း စိတ်ညစ်ညစ်ဖြင့် သူမ၏ ခဝဝကိုယ်ကို တစ်ပတ်လှည့်သည်။

'ကေသီနင်နဲ့ နှငယ်ညနေခင်းကျရင်သွားတောင်းပန်လိုက်ဟာ . . . ငါ့ကိုယ်စားပေါ့ အဲဒါမကောင်းဘူးလား'

☆ ☆ ☆

"**ကောင်း**တာပေါ့ ဟကောင်ရ သူကညနေခင်း အဆောင်လာလည် ပါဦးဆိုနေမှ၊ သွားလည်ပေါ့၊ ကေသီနဲ့ နုငယ်ကမင်း ထွက်မတွေ့လို့ စိတ်ဆိုး မပြေသေးဘူးထင်ပြီး သေသေချာချာမှာ သွားတာ၊ မင်းကကောင်းပါ့မလား လုပ်နေသေးတယ်'

'အေးလေ ငါတို့က မင်းအိပ်နေတာကို မနိုးဘဲတမင် ပညာပေးလိုက်တာ၊ ဘာရယ် ညာရယ်မဟုတ်ဘူး'

တွေဝေသလိုလုပ်နေသော ကျွန်တော့်ကို သိန်းလတ်နှင့်စိုးမင်းက အမြင်ကတ်ကတ်ဖြင့် အော်သည်၊ တစ်နေ့လယ်ခင်းလုံး စဉ်းစားကာ၊ ညနေ ပိုင်း ဆုံးဖြတ်ချက်ချလိုက်၍ နှင်းတို့အဆောင်သို့ ထွက်လာခဲ့သည်။ နှင်းက အပေါ်ထပ်မှ ဆင်းမလာခင် ကေသီနှင့်နုငယ်က စကားပြောလေတွေ ထိုးကြ သည်၊ အဆောင်နှစ်ခု ကြားလမ်းသွယ်လေးဖြတ်လိုက်ရရုံဖြင့် ကျွန်တော် ဟိုက်နေသည်။

'ဟော နှင်းလာပြီ လာနုငယ်၊ ကေသီတို့ အပေါ်မှာ လုပ်စရာရှိသေး တယ်၊ လာလေနှင်း'

ကေသီက ပြောပြောဆိုဆို ရှောင်ပေးသည်။ ကျွန်တော့်ရင်က တဒိန်း ဒိန်းခုန်လာသည်။ နောက်မှ နှင်းကို လှည့်မကြည့်ရဲ၊ နှင်းကလည်း ရှေ့သို့တိုး မလာ။ ဘေးသို့လည်းမလာ။ နောက်မှပင်ရပ်နေသည်၊

'ကိုလင်းနောင်'

နှင်း၏ ခပ်တိုးတိုးခေါ်သံကြောင့် ကျွန်တော်ရင်ခုန်စွာ နှင်းကို လှည့်ကြည့်သည်၊

'အမလေး'

ကျွန်တော်အင်မတန်လန့်ကာ အော်လိုက်မိသည်။ ကြည့်ပါအုံး နှင်း နှုတ်ခမ်းတစ်ဝိုက်အပူလောင်သော နေရာကို အေးမြစေသော ဆေးပြားများ သုတ်လိမ်းထားသဖြင့် ဖားပြုတွေမျက်နှာအုပ်ထားသလို ပါးစပ်တစ်ဝိုက် ဆေး ပြားများကြောင့် လှပသော နှင်းမျက်နှာဟု မယုံနိုင်အောင် ကျွန်တော် လန့် အော်လိုက်သဖြင့် နှင်းကပါ ရောလန့်သည်။ ခါသွားသည်။

'ဘာလဲ'

နှင်း ရှက်သွားသည်။ ရှက်ရှက်ဖြင့်မေးသည်၊

'နှင်း အများကြီးအပူလောင်သွားလား ဆေးတွေလိမ်းထားတာ အများ ကြီးပဲ'

ကျွန်တော်ကပြေရာ ပြေကြောင်း လေပြည်ထိုးရသည်။

'ဟို ----- များတော့မများဘူး ------ ဒါပေမယ့် အရေပြားလှီးလေး တချို့ထနေလို့ စောစောကမှ ဆေးလိမ်းထားတာ'

ယောကျ်ားလုပ်ပြီး တော်တော်အသည်းငယ်တယ်။ အော်လိုက်တာ နှင်း တောင်လန့်တယ်'

နှင်းက ကမ္ဘာ့အလှဆုံး မျက်စောင်းတစ်ချက်ဖြင့် ကျွန်တော့်ကို ပြော သည်။ ကျွန်တော့်အော်သံကျယ်ကြောင့် အဆောင်သူတချို့ထွက်ကြည့်ကာ ပြန်ဝင်သွားကြသည်။ အဆောင်မှူးမရှိ၍ တော်သေးသည်။

'ဟိုရုတ်တရက် ဘွားခနဲတွေ့လိုက်ရတော့ ဟဲ ဟဲ'

ကျွန်တော့်စကားကို နှင်းက ဒုတိယမ္ဘ် မျက်စောင်းထိုးသည်။

'ဟို . . . ကိုလင်းနောင် မနက်ဖြန်ကျောင်းသွားမယ်မဟုတ်လား၊ အတူတူ သွားရအောင်'

သူမလှုပ်ံအလယ်မှာ ရိုက်ခဲ့တာအတွက် ချောတာလားတော့မသိ။ ဘာပြောပြော ကျွန်တော့်ရင်မှာ ဖော်မပြနိုင်အောင်ကို ပျော်သွားမိသည် ကား အမှန်၊

'ဟိုလေ ခေါင်းကို ရိုက်မိတဲ့အတွက် အလျော်အနေနဲ့ မနက်စာ ကျွေး

နှင်းပေါ့'

'ဟာ . . မဟုတ်တာ နှင်းကိုအရုက်ရစေခဲ့တဲ့ ကျွန်တော်က တောင်းပန်ရမှာပေါ့၊ ကျွန်တော်ပဲ တောင်းပန်ပါရစေ'

နှင်းစကားကို ကျွန်တော်ညင်သာစွာ ငြင်းရသည်။ 'ဒါဆိုမနက်ဖြန် ကျောင်းအတူတူ သွားမယ်နော်' ဟု နှင်းက ပြောရင်း ရှေ့မှာဝင်ထိုင်နေရာမှ ထရပ်သည်၊ 'ပြန်တော့'ဆိုသည့်သဘော။ ကျွန်တော်လည်း အလိုက်တသိဖြင့် ထရပ်သည်။ ရင်မှာ ပျော်ပွဲရွှင်ပွဲ ကျင်းပနေသည်။

အဆောင်အပြန်လမ်းလေးအရောက် အဆောင်ထဲမှ ဟိုနှစ်ကောင်က ဝရန်တာမှ 'ဘယ်လိုလဲ'ဆိုသောသဘောဖြင့် မေးဆတ်သည်။ ကျွန်တော်က လက်မထောင်ပြသည်။

နှင်းနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ပျော်ရွှင်ရခြင်းအတွက် ကျေးဇူးပါ နှင်း၊

☆ ☆ ☆

"ဟျော် နှင်းနဲ့ကျောင်းအတူသွားဖို့ ရေချိုးဦးမှပါလေ'

မဆီမဆိုင် ကြွားလုံးထုတ်နေသော ကျွန်တော့်ကို နောက်မှနေ၍ နှစ်ကောင်သား အသံတိတ် ဆဲရင်း ကျန်ခဲ့သည်။

ရေချိုးတုန်းကို ရေချိုးခန်းတံခါးလာခေါက်သည်။ သိန်းလတ်အသံ 'ဟေ့ကောင် ဘယ်နှခုနှစ်က ချေးတွေအခုမှ ချွတ်နေလည်း အပိုပဲ၊ ရေချိုးတာကြာပြီ သေနေဦးမယ်'

'ဘြော် မစ္စတာထားတယ်လား'

အာလုပ်သံဖြင့် ပြောသော ကျွန်တော့်ကို 'မျက်နှာကိုမမြင်ချင်တာ' ဟု ရွတ်သွားသည်။ ရေချိုးပြီးနောက်မှန်ကြည့်နေသော ကျွန်တော့်ကို နှစ်ကောင်သား မေးငေါ့ကြသည်။

'မျက်ခွက်ကိုလိမ်းထားလိုက်တာ တရုတ်မသာ ကျနေတာပဲ'

'အေးလေ ဖြီးထားလိုက်တဲ့ ရေမွှေးကလည်း ကုလားမသာ ကျနေတာပဲ'

'မင်းတို့နှစ်ကောင် ကိုယ့်ထက်သာမနာလို မဖြစ်ပါနဲ့ ဟဲ ဟဲ'

ကျွန်တော်၏ တုံ့ပြန်စကားကြောင့် နှစ်ကောင်သား အမျိုးမျိုး ကျိန်ဆဲကြသည်။ လက်မှနာရီကို ကြည့်တော့ ရှစ်နာရီမက်တင်း။

အဆောင်ရှေ့ ကျွန်တော်ထွက်ချိန်မှာပဲ နှင်းက သူမတို့ အဆောင်ထဲမှ ထွက်လာသည်။ ဆံရှည်များဖြင့် ယဉ်ကာ လှနေသော နှင်း။

www.foreverspace.com.mm

ကျောင်းသို့ လမ်းလျှောက်လာရာ တစ်လမ်းလုံး နှင်းကလည်း ဘာစကားမှမဆို။ ကျွန်တော်ကလည်း ဘာပြောရမှန်းမသိ။ လမ်းလျှောက်နေသည့်ကျွန်တော်တို့နှစ်ယောက်ကြားကို ကားငယ်လေးတစ်စီး ကောင်းကောင်း မောင်း၍ ရသည်။

ဘေးစွန်းနှစ်ဖက် ဖြစ်နေသည်ကို ကျွန်တော်ပြန်ညှိသည်။ လမ်းလျှောက်ရင်း မသိမသာဖြင့် နှင်းဘက်တိုးသည်၊ နှင်းကမူခေါင်းကို ငုံ့လျက်။ 'အတွဲလို့ ထင်နေမလား မသိဘူး' ဘေးဘီကြည့်ရင်း ကျွန်တော် ကျေနပ်စွာ ဖြင့်ရင်ကိုကော့သည်။ တောင်ကြီးတစ္ဆာဆိုလ်သည် အရင်ရက်များထက် ပို၍ လှပနေသည်ဟု ကျွန်တော်ထင်သည်၊

'ဟာ ဟိုမှာ ရှုံ့ရှုံ့ပေါက်ချတဲ့ အစ်မနဲ့ အရိုက်ခံရတဲ့ ဟိုအစ်ကို'

ဘေးမှဖြတ်သွားသော 'ဘိုချစ်' မှစားပွဲထိုးတို့၏ တိုးညင်းသောအသံနိမ့်ကို နှစ်ယောက်စလုံးကြားသည်။ ကျွန်တော်က နှင်းကို မျက်ခုံးပင့်ပြတော့ နှင်းက ရှက်ရှက်ဖြင့် လက်ထဲမှစာအုပ်နှင့် ခပ်ဖွဖွ ရိုက်သည်၊ ပခုံးစွန်းပေါ်ကျလာသော နှင်း၏ ရိုက်ချက်ကို မဆီမဆိုင် ကျွန်တော်ကျေနပ်သည်။

'ဘိုချစ်ပဲ သွားမလား'

နှစ်ယောက်သား အရှက်ကွဲခဲ့သော နေရာ၊ နှင်းကလက်ထဲမှာ ကိုင်ထားသော စာအုပ်ဖြင့် နောက်တစ်ခေါက်ရိုက်သည်။ ထိုရိုက်ချက်ကို ကျွန်တော် ကြည့်နူးဖြစ်အောင် ကြည့်နူးလိုက်သေးသည်။

'၁၉ လမ်းမှာပဲ ထိုင်ရအောင်'

နှင်း၏ ဦးဆောင်ရာ ကျွန်တော်ပါသည်။

'ဟိုဘက်ထိပ် သည်ဘက်ထိပ် ထိုင်မယ်၊ ဒီတစ်ခါယောင်ချင်သလို သာ ယောင်တော့'

နှင်းက ပြုံးရင်း မစတတ် စတတ်ဖြင့် စသည်။

ထို့နောက် သူမ'တို့ဟူးနွေး'မှာသည်။ စားပွဲထိုးကို ကျွန်တော်က 'သူ့လိုပဲ ညီလေး' ဟုမှာတော့ နှင်းက မျက်စောင်း ထိုးပြန်သည်၊

ရာသီဥတုကြည်လင်သော ထိုနေ့က '၁၉လမ်း' ဆိုသော ဆိုင်၏ ဆိုင်းဘုတ် လေတိုက်၍ လှုပ်နေသည်ကပင် ကျွန်တော့်အတွက် မျက်စိပသာဒ ရှိနေလေသည်။

☆ ☆ ☆

ဂေါက်

ကွင်းသွားလည်မည့် အကြံကို သိန်းလတ်က စသည်။

'ဂေါက်ကွင်းသွားကြမယ်ကွာ၊ အခုဆို မင်းနဲ့နှင်းနဲ့ ခင်သင့်သလောက် ခင်နေပြီ၊ ငါလည်း ကေသီနဲ့ခင်သင့်သလောက် ခင်ချင်နေပြီ၊ ဟိုရောက်ရင် လူစု ခွဲကြမယ်၊ ငါကေသီကို ခွဲထုတ်သွားမယ်၊ မင်းက နှင်းကို ခွဲကုတ် အဲလေ၊ ခွဲထုတ် ရည်းစားစကားပြော အဆင်ကို ချောလို့၊ အဲ ကျန်တဲ့ မိန်းကလေးတွေကို စိုးမင်းက ထိန်းထားရမယ်၊ မကောင်းဘူးလား၊ တစ်ချက်ခုတ် သုံးချက်ပြတ်'

'မကောင်းဘူး'

'သိန်းလတ်' အစီအစဉ်ကို စိုးမင်းကငြင်းသည်၊

'မင်းတို့တရားတယ်၊ ငါကျတော့ မိန်းမထိန်း၊ မင်းတို့ကျတော့ ကိုယ့်အစီအစဉ်နဲ့ ကောင်းရော၊ အဲဒီအစီအစဉ် မကောင်းဘူး မနက်ဖြန်လည်း ကိုယ် မအားဘူး'

☆ ☆ ☆

စိုးမင်းညစ်နေမှန်း သိသိဖြင့် သိန်းလတ်စိတ်ကို လျှော့သည်။

'စိုးမင်းကလည်းကွာ မနက်ဖြန်မသွားသေးဘူးလေ သန်ဘက်ခါမှ'

'အေး အဲဒီမနက်ဖြန်ရော သဘက်ခါပါ မအားတာ'

စိုးမင်း၏ အပြောကြောင့် ကျွန်တော်ပါ စိတ်ကူဝင်ရသည်၊

'မင်းမအားတာကြီးကလည်း ကြိုတင်စီစဉ်ထားသလိုပဲကွာ . . . ကဲ မင်းသန် ဘက်ခါမအားရင် ဖိန်းနွှဲခါကွာ'

'ခက်တော့တာပဲ၊ပြောရရင် ငါအားလို့ကို မရဘူးကွ'

'ဘာကွ'

ကျွန်တော်ရော သိန်းလတ်ကပါ ဒေါသထွက်ထွက်ဖြင့် 'ဘာကွ' ဟု အဖော်ကို သူက ဖော်ဝင်းထွန်းနှင့်လည်း မတူဘဲနှင့် မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်ဖြင့် 'မက်(စ်)' ဟုဖြစ်အောင်စသည်၊

'စိုးမင်းရာ ဒါမျိုးဆိုတာက ကူသိုလ်ရပါတယ်ကွာ၊ ငါနဲ့သိန်းလတ်က ဘော်ဒါအရင်းခေါက်ခေါက်ကြီးတွေပါကွာ ဒီတစ်ခါပဲ ကူညီပါကွာနော်'

ကျွန်တော် ချော့ချော့မော့မော့ ပြောသော်လည်း စိုးမင်းမှာ မလှုပ်၊ တစ်ဖက်သို့ပင် လှည့်လိုက်သေးသည်၊

'ငါကကူညီချင်ပါတယ်ကွာ၊ ဒါပေမယ့် ဖေဒင်ဟောထားတယ်ကွ၊ မိန်းမကိစ္စနဲ့ ပတ်သက်ပြီး မကူညီရဘူးတဲ့ကွာ၊ ပြဿနာအကြီးအကျယ်

ရှင်းရမယ် လို့ဟောထားတယ်ကွ'

စိုးမင်းကို 'မုန်လာဥ' ဟုအသံတိတ်ရွတ်ရင်း နောက်မှ သူမသိအောင် ခြေထောက်ဖြင့် ရွယ်သည်။ သိန်းလတ်ကလည်း လက်သီးဖြင့် ရွယ်သည်။ စိုးမင်းက ဆက်၍ ဖြီးသည်။

'ငါ့ကိုတစ်မျိုးမထင် . . . ထင်'

'နေပါဦး . . . မင်း ဘယ်တုန်းက ဖေဒင်သွားကြည့်လိုက်ရပြန်တာလဲ၊ ငါရော သိန်းလတ်ပါ မသိလိုက်ပါလားကွ ဟေ'

ကျွန်တော့် ညှပ်ပူးညှပ်ပိတ်မေးခွန်းကြောင့် စိုးမင်းခဏငိုင်သွား သည်။ သိန်းလတ်က 'ဖြေလေ' ဟု ဝင်လောသည်၊

'မယုံတော့မရှိနဲ့ . . ငါ့ကို ဖေဒင်က အိပ်မက်ထဲမှာ ဟော တာကွ၊ ညက ငါ -----'

'ဘာလဲ၊ ဘာအိပ်မက်လဲ မုန်လာဥ အိပ်မက် အဲဒီအိပ်မက်တွေကို အဘတို့ စခဲ့တာပါ ငါ့တူရဲ့'

သိန်းလတ်က ဖြတ်ကာဝင်ပြောလိုက်သောကြောင့် စိုးမင်းညစ်လို့မ ရတော့၊ နောက်ဆုံး လူကြီးရှက်တော့ရယ်ဆိုသလို။

'ဟဲ ဟဲ ဟဲ မင်းတို့ကို စတာပါကွာ'

'အေး စချင်ဦး'

'ကဲ'

ကျွန်တော်နှင့် သိန်းလတ်နာရင်းတစ်ချက်စီ ဆော်၍ စိုးမင်းကို သမ လိုက်ကြသည်။

မုန့်ဆီကြော်က ဘယ်နားမှာမှန်းမသိ အစီအစဉ်ကို ပြောကြရင်း ငိုင် နေသော ကျွန်တော့်ကို သိန်းလတ်က 'ဘာတွေးနေတာလဲ' ဟုမေးသည်၊

'ငါ နှင်းကို ရည်းစားစကား မပြောသင့်ဘူး ထင်တယ်ကွာ၊ သူမှာ စေ့စပ်ထားတဲ့လူရှိနေတော့'

'ဟာကွာ မင်းကလည်း ဘာဖြစ်လဲ စေ့စပ်ထားတော့ ဟား ဒီကောင် တော့ ဒုက္ခမဟုတ်တာကို ဒုက္ခရှာတယ် ပြော. . မင်း မနက်ဖြန် ရည်းစားစကား ပြောဖြစ်အောင်ကို ပြော'

တင်းနေသော စိုးမင်းက ကျွန်တော့်ကို ဝင်၍ နှိပ်ကွပ်သည်၊

'ဟကောင်ရ စေ့စပ်ထားပြီးမယူဖြစ်တာတွေ အများကြီး . . .

ရေစစ်ထားတယ် ဆိုတာ လက်ထပ်တာမှ မဟုတ်တာ၊ ဒီကောင် တော်တော် ပြောရခက်တဲ့ ကောင်ပဲ'

သိန်းလတ်က စိတ်မရှည်သံဖြင့် ရေရွတ်သည်။

ကျွန်တော့်စိတ်ဝယ် အတွေးပေါင်းစုံက ရှုန်းထနေသည်။ ပြောမယ် နှင့် မပြောဘူး လွန်ဆွဲပွဲ၌ ကျွန်တော် ရင်မောရသည်။

☆ ☆ ☆

ဂေါက်

ကွင်းသွားမည့် အစီအစဉ်ကို လိုလိုလားလားပင် သူမတို့ လက်ခံကြသည်။

'ကားစင်းလုံး အခမဲ့ ငှားမလား နှင်းရဲ့လူရှိတယ်'

ကေသီ၏ ပြောင်ချော်ချော် စကားကြောင့် နှင်းက မျက်နှာပျက်သည်။ မကြားချင်ဆုံး အရာ မဟုတ်ပါလား။

'ကားကြိုတွေကော၊ ကားကြိုတွေပါ ဒီလောက်ပေါတာ၊ ဘာကားစီးစီး အဆင်ပြေတယ်'

ပျက်နေသော နှင်းမျက်နှာကြောင့် ကျွန်တော်စကား လမ်းလွှဲပေးရသည်။ ဘာမှမကြားသလို ဟန်ဆောင်ရသည်။

ဟန်ဆောင်ရခြင်းသည် အလွန်ပင်ပန်း၏။

'ကင်မရာ ယူခဲ့ရမလား'

နှင်းက မပွင့် တပွင့်မေးသည်။

'ယူခဲ့ပေါ့ ဟိုရောက်ရင် မြင်မြင်သမျှ ရိုက်ချင်လောက်အောင် ရှုခင်း အရမ်းကောင်းတာ၊ တောင်ကို နောက်ခံထားတဲ့ ဂေါက်ကွင်း ပုံစံက တကယ် မိုက်တယ်'

ကျွန်တော်က တက်ကြွစွာပင် နှင်းကို ရှင်းပြသည်။

'ဟုတ်ပြီ သွားတာအဆင်ပြေပြီ စားတာကျတော့ရော'

www.foreverspace.com.mm

အစားကိုသာ စိတ်ဝင်စားသော နုငယ်၏ အမေး။

'ဒီကထည့်သွားရင်ပိုအဆင်ပြေမယ်၊ ဖျာခင်းပြီး ဝိုင်းစားမှ ပျော်စရာကောင်းတာ၊ ဆိုင်မှာ စားရင်မကောင်းဘူး၊ မြက်ခင်းပေါ်စီစဉ်နိုင်းရမြန်တော့လည်း အားနာဖို့ကောင်းတယ် ဟုတ်တယ်မဟုတ်လား'

'ဟုတ်တယ် နင်တို့ မိန်းကလေးတွေပဲ စီစဉ်နော် အဲဒီစားစရာကဏ္ဍကို ဟုတ်ပြီလား'

ကေသီ၏ ဆရာမကြီးစတိုင်ကိုတု၍ သိန်းလတ်က (ဖွတ်) မိန်းကလေး များကို တာဝန်ယူခိုင်းသည်။

'နင်တို့အဆောင်က ကောင်မလေးတွေပါခေါ်ခဲ့နော်၊ ငါတို့လည်း အဆောင်က ကောင်တွေခေါ်ခဲ့မယ်၊ လူများတော့ ပျော်တာပေါ့ ဟဲ ဟဲ'

စိုးမင်းက ပြောပြီးမှ မလုံသလို ရယ်သည်။

'နှင်း အဝတ်တွေပိုထည့်ခဲ့မှပဲ၊ လင်းနောင်နဲ့က အပိုမရှိရင် အရှက်ကွဲရမှာ'

နှင်းက အူမြူးစွာဖြင့် ကျွန်တော့်ကို စသည်။

'နှင်းသဘောပဲ အဝတ်တွေအကုန်ယူပြီး တစ်ခါထဲ လိုက်ခဲ့လည်းရပါတယ်'

မဆီမဆိုင် အသားယူသော ကျွန်တော့်ကို နှင်းက 'ဘာ' ဟုဆိုကာ ရိုက်သည်။

စိတ်မဆိုးသော သူမကို ရင်ခုန်စွာကြည့်ရင်း ကြည်နူးလေစွ။ ပျော်ရပါသည်နှင်း။

'ဘယ်နေ့ သွားမလဲ'

'သန်ဘက်ခါ'

နုငယ်အမေးကို သိန်းလတ်ဖြေသည်။

'ငါသန်ဘက်ခါ မအားဘူးထင်တယ်ကွ'

စိုးမင်းက ခပ်တည်တည်ဖြင့် မြိမ်းခြောက်သည်။

'မအားလို့ မရဘူး မင်းအားကို အားရမယ် ဒါပဲ'

သိန်းလတ်က ဖွတ်အားခိုင်းသည်။

'အစားအသောက် မိန်းကလေးတာဝန်'

'ဖျာယူလာရန် မိန်းကလေးတာဝန်'

www.foreverspace.com.mm

ကက်ဆက်ယူလာရန် မိန်းကလေးတာဝန်'

အစီအစဉ်ဆွဲကာ ပြောသောသိန်းလတ်ကို ကေသီက မျက်စောင်းထိုးသည်။

နင်တို့က ဘာတာဝန်လဲ'

ကေသီ၏ အမေး

'ငါတို့က စီမံရေးတာဝန်'

သိန်းလတ်ကို ဝိုင်းရိုက်ကြသည်။

တောင်ကြီး ဒေသသာယာ ဂေါက်ကွင်းမှာ အတော်ကျယ်ဝန်းသည်။ နိုင်ငံတကာ အဆင့်မီ ဂေါက်ကွင်းဖြစ်ပြီး ကလေးကစားကွင်း (ဝိမ်း) များပါသည်မို့ ဂေါက်ကွင်းရောက်သည်နှင့် ဟိုသွားမယ် ဒီသွားမယ် ငြင်းခုံကြ၏။

'ဟာ . . . ကလေးကစားကွင်း အရင်သွားမယ်၊ ဓာတ်ပုံလည်း ရိုက်ချင်သေးတာ'

ကလေးတစ်ယောက်လို နုငယ်ကဆို၏။

'ဩော် . . ကလေးမဟုတ် ဘာမဟုတ်နဲ့ ဟိုဘက် အရင်သွားမယ်၊ အဲဒီဘက်မှာ ဝက်ဝံတွေ၊ ဒရယ်တွေ၊ ဒေါင်းတွေလည်း ရှိတယ်၊ အဲဒီအရင်သွားရအောင်'

သိန်းလတ်၏ ဖွတ်ဦးဆောင်ရာသို့ လိုက်ကြရ၏။

'အင်း ခွေးကောင် အကြံသမား၊ ဒီကောင်ကတော့ စလှုပ်ရှားနေပြီ ငါလည်း ကြည့်လှုပ်ရှားမှ'

နှင်းကို ကြည့်ရင်း ကျွန်တော်တွေးသည်။

'လာ ကေသီ၊ နင်ဒေါင်းကို ကောင်းကောင်းမမြင်ဖူးဘူးမဟုတ်လား၊ သွားကြည့်ရအောင် ဒီက ဒေါင်းတွေက တအားလှတာ လာ'

သိန်းလတ်က အကြံအစည်ကိုစ၍ အကောင်အထည်ဖော်သည်။ ကေသီခမျာ သိန်းလတ်၏အကြံကိုမသိရှာ သိန်းလတ်ပြောသမျှကို ပါးစပ်လေးဟ လျက်ပါသွားသည်။

'နှင်း . . . ဝက်ဝံတွေအရမ်းလိမ္မာတာ၊ လာသွားကြည့်ရအောင်'

ကျွန်တော်လည်း နောက်ကျမကျန်ရအောင် ဉာဏ်လွှာသုံးရသည်။

စိုးမင်းတစ်ယောက်ကတော့ ကျွန်တော်တို့ကို ဘုကြည့်ကြည့်ကာ

နှယ်တို့အဖွဲ့ကို ဓာတ်ပုံရိုက်ပေးနေသည်။ နှင်းက ဝတ်စုံများကို သဘောတကျ ကြည့်နေသည်။

နှင်းကို ကြည့်ရင်း ရင်ခုန်သံမြန်လာသည်။

အာခေါင်ခြောက်သည့်ကြားထဲ ဒူးကတုန်သေးသည်။ စိတ်ကို တင်းရသည်။ ချွေးပျံလာသမျှကို သုတ်ရသည့် ဒုက္ခတစ်မျိုး။

'တောက် ပြောမလို့ စီစဉ်တာတွေ ဘယ်ကစရမှန်း တောင်မသိတော့ဘူး၊ ဒီလိုအခြေအနေမျိုးရဖို့က လွယ်တာမဟုတ်ဘူး'

ကျွန်တော်ကိုယ့်အတွေးနဲ့ ကိုယ်ဇောချွေးပျံလျက်။

တစ်ဖက်မှာ ကေသီနှင့် သိန်းလတ်တို့ နှစ်ယောက်ခေါင်း လှောင်အိမ်ရှေ့တွင် ခေါင်းများကို ကြည့်နေသည်။

'သိန်းလတ် နင်တို့က ဇူး (Zool) ဆိုတော့ တိရစ္ဆာန်အကြောင်းပိုသိမှာပေါ့၊ ခေါင်းက အကောင်လိုက်ပေါက်တာဆို၊ အဲဒီလို ကြားဖူးတယ်၊ အဲ့ဒါ ဟုတ်လား'

ကေသီကမေးသည်။ သိန်းလတ်စိတ်ထဲမှ ကေသီကိုတိတ်တိတ် ရွတ်သည်။

'သူဟာသူ အကောင်လိုက်ပေါက်ပေါက် ဥနဲ့ပဲမွေးမွေး ခွဲပြီးမွေးမွေး သူ့အပူကျလို့ကွာ'

တကယ့်အပြင်မှာတော့

'ဪ ကေသီရယ် ဆင်တစ်ကောင်လုံးတွေ့နေမှတော့ ဆင်ခြေရာခံစရာလိုသေးလို့လား၊ ခေါင်းမကြီးတွေ့နေမှတော့အင်တာဗျူးကြည့်လိုက်ပေါ့၊ ဘယ်လိုပေါက်သလဲ ဘယ်အားတိုးဆေးစားလဲ . . ဘယ်ဆေးခန်းကအထူးကုနဲ့ပြသလဲ စသည်ဖြင့်ပေါ့'

ကေသီက သိန်းလတ်ကို မျက်မှောင်ကုတ်၍ ကြည့်သည်။

'မေးကြည့်လေ ကေသီရဲ့ အမ်ထရာဆောင်းတွေဘာတွေ ရိုက်ကြရဲ့လားလို့'

သိန်းလတ်စကားအဆုံးမှာ ကေသီက ဆွဲဆိတ်သည်။

'နင် ငါ့ကိုအ အများအောက်မေ့နေလား'

'အေး'

'ဘာ'

ကေသီက ဆွဲဆိတ်ပြန်သည်။ သိန်းလတ် ကေသီကိုစချင်လာသည်။

'ကေသီ ငါ့ကို မဆွဲနဲ့၊ နင် ငါ့ကို အပျော်ကြံမလို့ပေါ့လေ၊ ငါအော်လိုက်ရမလား'

အဖြစ်သည်းကာ စနေသော သိန်းလတ်ကို ကြည့်ရင်း ကေသီရယ်ပါလေတော့သည်။

'ကေသီ'

သိန်းလတ်ကို ကေသီကြည့်သည်။ သိန်းလတ်မှာမူမမှန်။ မိန်းမတို့ အတတ်ပညာဖြင့် သိန်းလတ် ဘာပြောတော့မည် ဆိုတာ သူမ ကြိုတင်၍ သိသည်။

'----'

ကေသီက ခေါင်းကိုငုံ့သည်။

'ကေသီ နင့်ကို ငါချစ်တယ်'

'------'

'ကေသီ တစ်ခုခုပြန်ပြောပါဦးဟာ၊ နင်စိတ်ဆိုးသွားပြီလား ဟင်ကေသီ'

ကေသီက ခေါင်းကို ခါသည်။

'ဒါဆို ချစ်တယ်ပေါ့'

'အံမာ ဘာဆိုင်လို့လဲ'

သိန်းလတ်၏ လိုရာ ဆွဲပြောသော စကားကြောင့် ကေသီက မျက်စောင်းထိုးသည်။

'အမ် မဆိုင်ဘူးလား၊ ဒါဆို နင်ငါ့ကို ပြန်ချစ်ပြီပေါ့ ဝမ်းသာလိုက်တာဟာ'

ဗွတ်ပင် မဆီမဆိုင်ပြောပြီး သိန်းလတ်ရှူးချင်ယောင်ဆောင်ကာ ကေသီ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်သည်။ အကင်းပါးသော ကေသီက ဖယ်ချသည်။ ပြီးနောက် ခေါင်းကို သူမ ငုံ့ထားသည်။

'ကေသီ'

'-----'

'ကေသီ နင်ငါ့ကို အဲဒီလို မဆွဲထားပါနဲ့ဟာ'

'အံမယ်'

သိန်းလတ်၏ အပြောကြောင့် ကေသီဟက် ခနဲ ရယ်သည်၊

'ငါ အချိန်ဆွဲရအောင် နင်ကအခုမှ ငါ့ကိုရည်းစားစကားပြောတာ လေ'

'ဪ ကေသီရာ၊ ဒါအင်တာနက်ခေတ်လေဟာ ချစ်ရင်ချစ်တယ် မချစ်ရင်မချစ်ဘူးပေါ့၊ အဖြေမြန်မြန်ပေးလေ ကောင်းလေပဲ သိလား'

ကေသီတစ်ချက်ငိုင်သည်၊

'အေးဟာ ခဏနေကျရင်ပေးမယ်ဟာ ကဲ ဟုတ်ပြီလား'

စနေသမီးမဟုတ်ဘဲနှင့် ကေသီက စိတ်ကြီးသည်၊ ချက်ချင်းအဖြေ ပေးလို့တော့မရ၊ မိန်းကလေးသိက္ခာ ဆိုတာရှိသေးသည်ဆိုတာ သူမခေါင်း ထဲမှာ လုံးဝမမေ့၊

'တကယ်နော် ကေသီ၊ နင် ကတိတည်ရမယ်၊ ချစ်တယ်ဆိုတာက လွဲပြီး အပိုမပြောရဘူး၊ ငါ့အပေါ်မှာ သစ္စာရှိရမယ်၊ အပျော်မကြံရဘူး၊ ငါတို့က နင်ပြုသမျှ နုရမယ့် ယောကျ်ားတွေမဟုတ်လား'

မျက်နှာသေဖြင့် ပြောင်ချော်ချော်လုပ်နေသော သိန်းလတ်ကို ကေသီက ရယ်လျက်တစ်ချက်ရိုက်လိုက်သည်၊

နေ့လယ်စာ သူမတို့ချက်လာသော ဟင်းတို့မှာ အမယ်စုံလှသည်။ နှင်းက ကျွန်တော့် ပန်းကန်ထဲကို ငါးကြော်တစ်တုံးထည့်ပေးသည်၊ နုငယ်က ချောင်းကို လုပ်ကာဆိုးသည်။ ကျွန်တော့် ရင်မှာ ဘာကြောင့် မှန်းမသိကြည် နူးနေသည်။

ကျွန်တော်က နှင်း၏ ပန်းကန်ထဲကို ကြက်အသည်း အမြစ်လေး ပြန်ထည့်ပေးသည်၊ ရှိုးစင်းပါသည်။ ဒါကိုပဲ ကျွန်တော့်ရင်က အရမ်းခုန်ကာ လက်တို့က တုန်နေသည်။ စိုးမင်းက ချောင်းကိုလုပ်ဆိုးသည်၊ နှင်းက ရှက်ရယ် ရယ်ရင်း ခေါင်းငုံ့ကာစားသည်၊

ကျွန်တော်လည်း နှင်း ထည့်ပေးသော ငါးကြော်ဖြင့် အားရပါးရ စား ကောင်းတုန်း လည်ချောင်းမှာ ငါးရိုး 'မျက်' ခနဲ။ ငါးရိုးစူးပြီဆိုတာ ကျွန်တော်သိ လိုက်သည်။ လက်ညှိုးထိုး၍ ပြန်အန်ပစ်လိုက်လျှင် ရသေးသည်။ ဒါပေမယ့် ဘေးမှာ အားနာစရာ လူကအများကြီး။

အထူးသဖြင့် နှင်း၊ နှင်းထည့်ပေးသော ဟင်းကြောင့်ဆိုတာသိလျှင် စိတ်မကောင်း ဖြစ်မည်။ ကျွန်တော် ကြိုးစားပြီး ထမင်းကို မဝါးဘဲ မျိုချသည်။

ကြားဖူးနားဝ ရှိဖူးသည်။ ငါးရိုးစူးလျှင် ထမင်းကို မဝါးဘဲ မျိုချရသည်ဟု။ တစ်လုပ်ပြီးတစ်လုပ် မဝါးဘဲ မျိုချသည်။ မရ. . . ဇောချွေးတွေ ပျံကာလာ သည်။

ရေသောက်ကြည့်သည်။ လုံးဝမရ၊ ပုံပျက်ကာ ရေသောက်နေသော ကျွန်တော့်ကိုနှင်းက သတိထားမိသည်။ အားလုံးလည်း ထမင်းစားပြီးကြပြီ။ ကျွန်တော့်မှာ ကိုယ့်ဒုက္ခနှင့် ကိုယ် တံတွေးလေးမျိုချတာတောင် လည်ပင်းမှာ 'မျက်' ခနဲ မျက်ခနဲမို့ မျက်နှာ ဘယ်လိုမှ မလှနိုင်၊

'ကိုလင်းနောင် ဘာဖြစ်နေတာလဲ မျက်နှာမသာမယာနဲ့'

'ဘာ ဘာမှမဖြစ်ပါဘူး'

'ဖြစ်ပါတယ် နှင်းကိုမလိမ်ပါနဲ့၊ ပြော . . . ဘာဖြစ်တာလဲ'

'ငါး---------ဟိုငါးရိုးစူးနေလို့'

'အာ ------ ဒါရေသောက်မှရမယ် ရေသောက်'

နှင်းက သူမထည့်ပေးသော ငါးရိုးစူးသည်မို့ စိတ်မကောင်းဖြစ်ကာ ရေသန့်ဘူးကို ပေးသည်။ မရဘူး ငြင်းချင်သော်လည်း နှင်း၏ စေတနာကို လေးစားသော အနေဖြင့်အောင့်၍ သောက်လိုက်သည်။

'အာ . . . နှင်းပြောဖို့မေ့သွားတယ် ခုနစ်ခါ အသက်အောင့်ပြီးမှ သောက်ရမှာ'

'ဘယ်လို'

'မပျောက်ချင်ဘူးလား . . စေတနာနဲ့လည်း တိုက်ရသေးတယ်'

'စေတနာတဲ့ နှင်း၏ စေတနာတွေ ကျွန်တော့် ဗိုက်ထဲပြည့်ကုန် သည်။ ကြည့်ဦးလေ ကျွန်တော် ပထမ ထမင်းစားရင်း သောက်တာရယ် စောစောက နှင်း ပထမတိုက်တာရယ်၊ အခု ဒုတိယတိုက်တာရယ် ပေါင်းကာ ဗိုက် ကကာယ်နေလေပြီ။

မတတ်နိုင်ဘူးသောက်ရပြန်သည်။ အသက်အောင့်ကာ ခုနစ်ခါ။

'ကျလား'

'ဟင့်အင်း'

'ထပ်သောက်'

'ဘာ'

ကျွန်တော့် ရှေ့သို့ နောက်ထပ်ရောက်လာသော ရေသန့်ဘူးကို

www.foreverspace.com.mm

ကိုင်ကာ ကျွန်တော် အလန့်ကြီး လန့်နေသည်။ ရေသန့်ဘူးကို လန့်လန့်ဖြင့် ကြည့်လိုက်၊ နှင်းမျက်နှာ ခပ်ထန်ထန်ကို ကြည့်လိုက်ဖြင့် ရေကို အသက် အောင့်ကာ ခုနစ်ခါသောက်ရပြန်သည်။

'ခုနစ်ငုံကို ခုနစ်ခါသောက်လေ၊ တစ်ခါတည်း . . . သူ သောက်ဖို့ ငုံတာ၊ ကြောင် သောက်သလောက်တောင် မရှိသေးဘူး'

နှင်းကဘေးမှ ဖျစ်တောက် ဖျစ်တောက် ရွတ်သည်။ ကျွန်တော် ဗိုက် တယ်ကြီးဖြင့် ရွတ်မျိုချရသည့် ဒုက္ခက တစ်မျိုး ဘေးမှတုတ်မကိုင်ရုံ တစ် မယ်စောင့် ကြည့်နေသော နှင်းကြောင့် သောက်သာသောက်ရသည်။ စိတ်က မချမ်းသာလှ၊

'ကျသွားပြီလား'

နှင်းက ကရုဏာဖြင့် မေးခြင်း ဖြစ်သည်။ ကျွန်တော် နှင်းလက်ထဲမှ ရေသန့်ဘူးကို ကြည့်ကာ မကျသေးသော ငါးရိုးကို 'ကျပြီ' ဟုလိမ်လိုက်ရမလား ဟုစဉ်းစားသည်။

'ပြောလေ ကျသွားပြီလား'

'ဟို ခံနေသေးတယ်'

နှင်းက လက်လျှော့ဟန်ဖြင့် သက်ပြင်းချသည်။ ကျွန်တော်တို့ နှစ် ယောက်ထဲ ကြိတ်ကြိတ် ကြိတ်ကြိတ်ပြောနေသော နေရာသို့ ကေသီတို့ ရောက် လာသည်၊

အလဲ့ . . သကောင့်သား သိန်းလတ်က ကေသီလက်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်လို့ စစ်ဘုရင်ဆီဆာ၏ဟန်ဖြင့် ကြွားဝင့်စွာ လာသည်၊ ကျွန်တော် မေးငေါ့ပြရာ နှင်းက ကြည့်ရင်း မျက်ခုံးများက သိသိ သာသာဖြင့်တက်သွား ကြသည်။

'မီကေသီ ဒါကဘယ်လို ဖြစ်တာလဲ'

နှင်း၏ ရယ်ဖွဲ့ဖွဲ့မေးသော အမေးကြောင့် ကေသီက သူမကို သူမငုံ့ ကြည့်သည်။ အူကြောင်ကြောင်ဖြင့်၊

'ဘာဖြစ်နေလို့လဲ'

အူကြောင်ကြောင် ပြန်မေးလိုက်သေးသည်။

'ဟဲ့ နင်တို့ နှစ်ယောက် လက်တွေဘာတွေ တွဲနေတာကို ပြောတာ'

'ဪ ဒါလား'

www.foreverspace.com.mm

ကေသီက ရှက်ရှက်ဖြင့် 'ဒါလား' ဟုဆိုသည်၊ သိန်းလတ်က ရှက်သွား ဟန်ဖြင့်ယောကျ်ားကြီး တန်မဲ့ဖြင့် ခေါင်းကိုငုံ့သည်။ ဆောင့်ကန်ချင် စရာ၊

'သူက ငါ့ကို အဖြေတောင်းတယ်လေ။ ငါက သူ့ကို အဖြေပေးမလို့ လုပ်တုန်း၊ စဉ်းစာတုန်းပေါ့ဟာ'

'ဘာဘယ်လို'

"နှင်းက အံ့လည်း အံ့သြ၊ ရယ်လည်းရယ်ချင်ဖြင့် ကေသီ့ကို မေးသည်၊ သိန်းလတ်က သူတို့နှစ်ယောက်အကြောင်း လူသိကုန်သဖြင့် ရှက်ရာမှ 'ဟဲ ဟဲ' ဟု ရယ်သည်။

'အဖြေပေးမလို့ စဉ်းစားတုန်း ဟုတ်လားကေသီ၊ ဒါတောင် လက်တွေ ဘာတွေတွဲလို့ပါလား'

နှင်း၏ စကားကြောင့် ကေသီက 'ဟုတ်သားပဲ' ဟုရှက်ရှက်ဖြင့် ပြောရင်း လက်ကိုဆောင့်ဆွဲသည်။ သိန်းလတ်က ဒါကို မလွှတ်ချင်သည့် ပုံစံ ဖြင့် လွှတ်သည်။

ကျွန်တော် ငါးရိုးစူးပြီးမှာ နာကျင်နေသမျှကို မေ့ချင်ချင်ဖြစ်သွား သည်။

'သိန်းလတ် သတိစိုးရိမ်ယရှိရှိနေ ကြားလား ရေတိမ်အနစ် တော့မခံနဲ့'

ကျွန်တော့်စကားကြောင့် ကေသီက 'အံမယ်' ဟု ရှက်ရှက်ဖြင့် ဆိုသည်။

'ပြောလိုက်ဦးလေ ဆူးပေါ်ဖက်ကျလည်း ဆူးကျိုး၊ ဖက်ပေါ်ဆူးကျ လည်း ဆူးကျိုးလို့ အကျမတော်လို့ပါလို့'

နှင်းက ကျွန်တော့်ကို ပြောရင်း လှမ်းရိုက်သည်။

'နေပါဦး၊ နင်တို့ နှစ်ယောက်ကတော့ ဒီမှာ ကျန်ခဲ့တယ် သူများတွေ လျှောက်လည်နေတာကို ဒါဘာသဘောလဲ'

ကေသီက သတိရဟန်ဖြင့် ပြောသည်။ နှင်းက ကျွန်တော့်ကို မေးငေါ့ ပြသည်။

'ထမင်းစားတုန်းက ငါးရိုးစူးလို့တဲ့လေ အဲ့ဒါ ရေတိုက်နေတာဟဲ့၊ ခုထိ မကျသေးဘူး'

'ဟာ ဒါလေးများကွာ။ လင်းနောင် မင်း ငှက်ပျောသီးကို မဝါးဘဲ

မျိုချ ငါတို့မှာ ငှက်ပျောသီးတွေပါတယ်လေ'

နှင်းစကားကို သိန်းလတ်နားထောင်ရင်း ကျွန်တော့်ဘက်လှည့်ပြောသောစကား။

သိန်းလတ်၏ စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားသည်။ ဖီးကြမ်း ငှက်ပျောသီးကို မျိုချရလို့ကတော့ အသက်အတောင့်လိုက် ထွက်သွားနိုင်သည်။

'ဟာ ဒီလောက်အကြီးကြီးကို မျိုချလို့ သေမှာပေါ့ကွ'

ကျွန်တော့် စကားကို နှင်းနှင့်တောသီက 'အေးလေ' ဟုထောက်ခံသည်။

'ကြော် တုံးကလည်း၊ မင်းကို အလုံးလိုက်မှ ငါမျိုခိုင်းဘဲ၊ မျိုနိုင်သလောက်မျိုပေါ့ကွ၊ လက်တစ်ဆစ်စာပဲ ဖြစ်ဖြစ်ပေါ့'

လျှောက်လည်ပတ်နေရာမှ နုငယ်တို့ အုပ်စုပါ ပြန်ရောက်လာကြသည်။ ကျွန်တော့် အဖြစ်ကို သိပြီးတစ်ယောက် တစ်ပေါက် အကြံပြုကြတော့သည်။

'ဒါလေးများ နုငယ်က လင်းနောင်ထက် တစ်နှစ်ကျော်ကြီးတယ်လေ။ ကိုယ့်ထက်ကြီးတဲ့ လူရဲ့ခေါင်းဖြီးတဲ့ဘီးနဲ့ အသက်အောင့်ပြီး လည်ပင်းအထက်ကအောက်ကို ဖြီးချ အဲဒီအမိုး မကျဘဲကို မနေဘူး'

သိပ်လွယ်သော နုငယ်၏နည်း။

'ဟာ . . . အဲဒီနည်းက ခက်နေသေးတယ်၊ သမီးပြောပြမယ် ကိုလင်းနောင်'

အရွယ်တူ နှင်းတို့အဆောင်မှ ကောင်မလေးက 'သူ့ကိုယ်သူသမီး' ဟုပြောလိုက်သဖြင့် နင်နေသော ငါးရိုးမှာ ပိုစူးလာသလို တွန့်ခနဲ ဖြစ်သွားသည်။ သူမစကားကို ဆက်သည်၊

'ဟိုလမ်းသွားရင်းနဲ့ ပေါ်နေ့ လမ်းမှာရှိတဲ့ ဆူးတို့ ပုလင်းကွဲတို့ ဖယ်ပေးခဲ့ဖူးတယ်မဟုတ်လား၊ အဲဒါတွေကို အာရုံပြုပြီးတော့ ရေသောက်ချလိုက် အမိုးကကျလွန်းလို့ အောက်ထိထွက်ကျလာ ဦးမယ်'

သူမစကားကြောင့် ကျွန်တော် မျက်လုံးနှစ်ဆ ခန့်ပြူးရသည်။ 'ရေ'တဲ့ နှင်းကလက်ထဲမှမချရသေးသော ရေသန့်ဘူးကို မြှောက်ပြသည်။ ကျွန်တော့်မှာက ရေသောက်လွန်းလို့ လှုပ်လိုက်တောင်မှ ဗိုက်မှ ရေသံတဗွမ်းဗွမ်း ကြားရ

သလား အောက်မေ့ရသည်၊

မတတ်နိုင်၊ ပျောက်ချင်သည်မို့ အောင့်ကာသောက်ရတော့မည်။ သူမတို့ အားလုံး အာရုံစိုက်နေကြသည်မို့ ရေသောက်ရသည့်ကပင် နင်တင်တင်ကြီးဖြစ်နေသည်။ ကျွန်တော် အဲဒီ ဆူးခက်တွေ၊ ပုလင်းကွဲတွေ၊ ကျောက်တုံးတွေ လမ်းပေါ်က ဖယ်ပေးခဲ့တာမှ အများကြီး အဲဒါတွေကို အာရုံပြုကာ ရေကို 'ဂွတ်' ခနဲ နေအောင်သောက်ချသည်။ မကျသေးသမို့ နောက်တစ်ကြိမ် ထပ်သောက်ချသည်။ မကျ။

'ကျပြီလား'

'ကျတယ် မဟုတ်လား'

နှင်းနှင့်အကြံပေးတဲ့ ကောင်မလေး၏ အသံက တစ်ပြိုင်နက်။ ခေါင်းခါပြတော့ ကောင်မလေးက ရှုတ်သည်။ နောက်တစ်ကြိမ် သောက်ကြည့်သည်။ မရ . . .

'အကုသိုလ်မြဲပြီး ကုသိုလ်နည်းတာကိုး'

မကြားတကြား တိုးတိုးကလေးဖြစ်သော်လည်း ကျွန်တော် ကြားသည်။ ကိုယ်ပင် တွန့်ခနဲ ဖြစ်သွားရသည်။

ဒုတိယမို့ ကြိုးပမ်းမှုကတော့ နုငယ်၏နည်း၊ သူမ၏ခေါင်းဘီးဖြင့် အသက်အောင့်ကာ လည်ပင်းကို ဖြီးခြစ်ချသည်။

'ဟဲ့ ဟဲ့ လင်းနောင် ခုနစ်ခါလေ'

နုငယ်က အလန့်တကြား အော်သည်။

'ဟုတ်တယ် မင်းက ရှစ်ခါတောင် ဖြစ်သွားပြီ'

'ဟုတ်လို့လား'

စိုးမင်းအပြောကို အားကိုး၍ မေးရသည်။ ကျွန်တော် စိတ်မှာ ဇဝေဇဝါဖြင့်။

နောက်တစ်ကြိမ် ကြိုးပမ်းရပြန်သည်။ ဒီတစ်ခါမှားအောင် ဘေးမှ ဝိုင်း၍ ရေမှတ်ပေးကြသည်၊

'တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ်'

'ကျပြီလား'

'ခုနစ်' ဆုံးသည်နှင့်တစ်ပြိုင်နက် မေးသော နှင်း။ ရင်မှာ ကြည်နူးမှုက ပျံ့နှံ့လျက်။ ဝမ်းနည်းစွာ ခေါင်းခါပြရသည်။

www.foreverspace.com.mm

သက်ပြင်းချသံများဖြင့် စိတ်ပျက်သွားကြဟန်များက အထင်းသား။

'ကဲပါ ငါ့နည်းကို လုပ်ကြည့်ပါဦး'

သိန်းလတ်က အကြံကို ထပ်မံ ပြောသည်၊ ငှက်ပျောသီးခွံကို နှင်းကပင် တယုတယခွာပေးသည်မို့ ကျွန်တော်၏ ကျေနပ်မှုက အတိုင်းမသိ။

ခြေနှိုင်လက်နှိုင် လက်တစ်ဆစ်စာကျော်ကျော်ကိုက်၍ မျိုချကြည့်သည်။ လည်ပင်းမှာတစ်ကာ မျိုချလေ နှင်လေဖြင့် မျက်လုံးကြီးကသာ ပြူးထွက်လာသည်။ ဓွတ်မရမက မျိုချသည်။ လည်ချောင်း တစ်ဝက်လောက်မှာ တစ်နေပြန်သည်။ မျက်လုံးကြီးပြူးကာ နင်နေသော ကျွန်တော့်ကိုကြည့်ကာ အရယ်သန်သော သိန်းလတ်က 'ခွိ'ခနဲ ရယ်သည်။

'ဒီကောင်ကွ မျိုစမ်းပါ။ ငါတို့နှင်းကဆို နှစ်လုံးတောင် မျိုရတာ၊ နင်က ဒါလေးကို မမျိုနိုင်ဘူး'

သိန်းလတ်က 'ဒါလေးကို' ဟုဆိုပေမယ့် ကျွန်တော့်စိတ်ထဲမှာ 'ဒါကြီးကို' ဖြစ်နေသည်။

ကျွန်တော် ဓွတ်မျိုချသဖြင့် မဝင်ချင်ဝင်ချင် ဂျစ်ကန်ကန် လုပ်နေသော ငှက်ပျောသီး ဝင်သွားသည်။ မျက်ရည်များပင် စို့လျက် ကျွန်တော့်မှာ

'ဘယ်လိုလဲ'

သိန်းလတ်၏အမေးကို လည်ပင်းကို ကိုင်ရင်း ခေါင်းခါတော့ နောက်ထပ်မျိုကြည့်၊ ငါတို့နှင်းကလည်း အဲဒီလိုပဲ' ဟုသူက တိုက်တွန်းပြန်သည်။

နှင်း၏ လက်ထဲမှ ငှက်ပျောသီးကို ကြည့်ရင်း အလိုလိုနေရင်းက နင်နေသည်၊ လည်ပင်းက ငါးရိုးက မျက်၍ကောင်းတုန်း။

'ဟုတ်ပြီ ဟုတ်ပြီ မျို'

အားမလို အားမရ မချင့်မရဲဖြင့် လက်သီးနှစ်ဖက်ကို ဆုပ်ကာ (ကျွန်တော်မျိုချတာ ကြည့်ပြီး) လိုက်ညှစ်နေသော သိန်းလတ်ကို ကြည့်ကာ ရယ်ကြသည်။

ကျွန်တော် ငှက်ပျောသီး မျိုနေတာကို ဝိုင်းကြည့်နေကြသည်။ ကျွန်တော့်မှာ လူအုပ်ကြီး အလယ်မှာ ငှက်ပျောသီးနင်ကာ မျက်လုံးပြူးကြီးဖြင့် ဝေါက်ကွင်း အလည်လာသူ တချို့က 'ဘာများပါလိမ့်' ဟုစူးစမ်းရင်း လာကြည့်ကြသည်။

လူပုံအလယ်မှာ ကျွန်တော်ကတော့ ငှက်ပျောသီးကို မျက်လုံးပြူး

www.foreverspace.com.mm

မျက်ဆံပြူးပြူးဖြင့် မျိုတုန်း၊

'ဟား ဟား ဟား'

'ဟာ ဘာများလဲလို့ကွာ မျောက်ကို ငှက်ပျောသီး ကျွေးနေတာကိုး'

တချို့က ရယ်ကာ မောကာ ပြောရင်း ထွက်သွားကြသည်၊ မျက်လုံးကြီးပြူးကာ ကျွန်တော် နင်နေရာမှ တွန့်ခနဲ ဖြစ်သွားသည်။ ငှက်ပျောသီး နှစ်လုံးကုန်သည်အထိမထူးခြားသည်မို့ လက်လျှော့လိုက်သည်။

'တော်ပြီကွာ ငါမမျိုနိုင်တော့ဘူး'

မောပန်းကြီးစွာ ကျွန်တော်၏ လက်လျှော့မှုကို သိန်းလတ်က သိပ်သဘောမကျချင်၊

'ငါက ကြိုးစား မျိုကြည့်စေချင်သေးတာ'

'ဟာ ရပြီ ရပြီ တော်ပါပြီကွာ'

ကျွန်တော် လက်ကာရင်း တားရသည်။ နှင်းက ဘေးမှ ဖြတ်သွားသော ကလေးများနှင့် အစ်မကြီးတစ်ယောက်ကို လှမ်းကြည့်ရင်းက ဘာစိတ်ကူးပေါက်သွားသည်မသိ သွားခေါ်သည်။

'အစ်မ အစ်မ'

'ဘာလဲ' ဆိုသော အကြည့်ဖြင့် ထိုအစ်မကြီးက ပြန်ကြည့်သည်။ ကလေးနှစ်ယောက်ကို ဘယ်ညာဆွဲလျက်၊

'အစ်မ ညီမလေး သူငယ်ချင်းတစ်ယောက် ငါးအရိုးစူးနေတာလေ လည်ပင်းမှာ မကျလို့ အဲဒါ ဘယ်လိုလုပ်ရမလဲ ဟသိလို့'

နှင်းက အကျိုးအကြောင်း ရှင်းပြသည်။

'ဩော် အစ်မတို့ကိုလေ လူကြီးသူမတွေ ပြောပြဖူးတာတော့ ရှိတယ်။ ကြောင်ရဲ့လက်သည်းနဲ့ လည်ပင်းကို ခြစ်ချရမယ်တဲ့၊ ဟိုကွယ် အရိုးကို နိုင်တာ ကြောင်ဘဲ ရှိတယ်လေ၊ အသက်အောင့် ခုနစ်ခါသာ ခြစ်ချ၊ အဲ ခြစ်တယ်ဆိုပေမယ့် စတိပေါ့ကွယ်။ (ဖြည်းဖြည်း) လေးပေါ့၊ ယုံယုံကြည်ကြည်သာလုပ် အဲဒီအရိုးမကျဘဲကို မနေဘူး'

နှင်းဝမ်းသာ သွားသည်။

'ကျေးဇူးပဲနော်'

နှင်းက ဝမ်းသာအားရဖြင့် ထိုအစ်မကို ကျေးဇူးတင်စကား ဆိုသည်။

'ရပါတယ်ကွယ်၊ ဒါနဲ့ ညီမလေးတို့ ကြောင်က ဘယ်လိုလုပ်မလဲ

ကြောင်က ယဉ်မှနော် တော်ကြာ ကြောင်နိုင်းဆိုရင် မျက်နှာတွေဘာတွေ ကုတ်မိဦးမယ်'

'ဟုတ်ကဲ့ အစ်မ ကျေးဇူးပဲနော်'

ထိုအစ်မ ပြောပြီး လှည့်ထွက်သွားသည်။

နှင်းက ကျွန်တော်တို့ကို ရှင်းပြသည်။

'ကဲ အဲဒါဆို ကြောင်ဘယ်မှာရမလဲ'

'ငါတို့ အဆောင်မှာ တော့မရှိဘူး'

သိန်းလတ်၏ အပြောကြောင့် ကေသီ လက်ခါလျက်ဆိုသည်။

'ဟာ ဒီကောင်က ခံနေရတာ အဆောင်ရောက်တဲ့အထိ လုပ်မနေနဲ့ ဟော ဟိုမှာ မေးကြည့်မယ်'

စိုးမင်းက ကေသီနှင့် သိန်းလတ်ကို ပြောရင်း ဘေးမှဖြတ်သွားသော ဝေါက်ကွင်းဝန်ထမ်း ဦးလေးကြီးကို လှမ်းနှုတ်ဆက်သည်။

'ဦး ဦးတို့က ဒီဝေါက်ကွင်းမှာပဲ နေတာလား'

စိုးဝင်း နှုတ်ဆက်ရင်းမေးတာကြောင့် ထိုဦးလေးကြီးက တဖုံ့တဖြ ပြန်ကြည့်ရင်း 'အေး' တစ်လုံးတည်းပြန်ဖြေသည်။

'ဟို ဦးတို့ အိမ်မှာ ကြောင်ကောရှိလားဟင်'

နှင်းက ဖြတ်မေးသည်။ စိတ်ရှုပ်သလိုဖြင့် နှင်းကို ကြည့်ရင်း ထိုဦးလေးကြီးက 'အေး' ဟုဖြေပြန်သည်။

'ဒါဆိုရင် ----------'

နှင်းကပင် အကျိုးအကြောင်း ရှင်းပြပြန်သည်။

'အင်း ကြောင်က နည်းနည်းလေး နိုင်းသေးတယ်ကွဲ့ ဦးတို့တောင် တစ်ခါတလေ ဖမ်းလို့မရချင်ဘူး'

ထိုဦးလေးကြီး၏ စကားကြောင့်တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကြသည်။ 'နိုင်းတာက ကိစ္စမရှိဘူး မျက်နှာကို ကုတ်မိရင် ဒုက္ခ' ဟု မသက်မသာ တွေးမိသည်။

'တခြား အခန်းတွေမှာလည်း မရှိဘူးကွဲ့ ဦးတို့က ဝန်ထမ်းအိမ်ရာလိုင်းခန်းမှာနေတာ'

ထိုဦးလေးကြီးက ထပ်ရှင်းပြသည်။ မတတ်နိုင် ရေနစ်ချိန် ကောက်ရိုးတစ်မျှင်သည်ပင် အားကိုးရာမို့ ထိုဦးလေးကြီးနောက်သို့ လိုက်သွားကြသည်။

လူဆယ်ယောက်ခန့်ဖြင့် ပြန်လာသော ထိုဦးလေးကို ဝန်ထမ်းအိမ်ရာမှလူတချို့ ကြည့်နေကြသည်။

ဦးလေးကြီးက ကြောင်ကို အစာဖြင့် ခေါ်သည်မရ။ နောက်ဆုံးဖမ်းရန် ဆုံးဖြတ်ပြီး တံခါးပိတ်ကာ ဖမ်းရန်ပြင်သည်။ မိန်းကလေးတစ်သိုက်က အပြင်မှာစောင့်ကြသည်။ ကျွန်တော်၊ သိန်းလတ်၊ စိုးမင်းနှင့် အိမ်ရှင်ဦးလေးကြီးသာ အထဲမှာ ကြောင်ဖမ်းကြသည်။ ဦးလေးကြီး၏ မိသားစုမှာ အပြင်သွားသဖြင့် အိမ်ခန်းမှာ ဘယ်သူမှမရှိကြ။ နှင်းတို့က အပြင်မှနေ အသံမျိုးစုံကြားနေရသည်။

'ဝုန်း'

'ဟာ မင်းဘက်လာတုန်း ဖမ်းလေ'

'ဟေး'

'ဖမ်းဖမ်း ဦးလေး'

'ဝုန်း'

'ကဲ မိပြီကွ ဘာတတ်နိုင်သေးလဲ'

နောက်ဆုံးတော့ အရှောင်အတိမ်းကောင်းလှသော ကိုရွှေကြောင်ကို ကျွန်တော်ကိုယ်တိုင် ဖမ်းမိသည်။

နှင်းတို့ ကောင်မလေးအုပ်စုလည်း 'မိပြီ' အသံကြားသဖြင့် အိမ်ခန်းထဲဝင်လာကြသည်။

ခပ်တည်တည်ကြီး . . . လုပ်နေသော ကိုရွှေကြောင်ကို ပိုက်လျက် ကျွန်တော့်မှာ ဇုတ်တုတ်မောနေသည်။ ဟိုနှစ်ကောင်နှင့် အိမ်ရှင်ဦးလေးကြီးပါ မောလျက်။

နှင်းနှင့် ကေသီက ကြောင်ဆိုလျှင် အင်မတန်ကြောက်သော နှငယ်ကို ဖွတ်ဆွဲခေါ်လာကြသည်။

'မလုပ်နဲ့နော်၊ ငါက ကြောင်ကို အသေကြောက်တာ . . . ငါနင်တို့ကို ပြောပြဖူးတယ်လေ'

'လာပါ ကိုင်ကြည့်စမ်းပါ'

'လာ လာ'

နှင်းနှင့် ကေသီက ဖွတ်ဆွဲကာ ကျွန်တော့် ရှေ့ကို နှငယ်အားဆွဲခေါ်လာသည်။ နှငယ်မှာ ယက်ကန် ယက်ကန်ဖြင့် . . .

www.foreverspace.com.mm

'လာ လာ ကိုရွှေကြောင်က နုငယ်ကို အာဘွားပေးမလို့တဲ့'

ကျွန်တော်ကလည်း လည်ချောင်းနာနေသည့်ကြားက ဗီဇကမပျောက်။ နုငယ်ကို နောက်ချင်သဖြင့် ကြောင်ကို နုငယ်ရှေ့သို့ ကိုင်ရင်းတိုးပြသည်။

'အမလေး'

ပြေးမယ့်ပြေးတော့ ရှေ့မှာ ငုတ်တုတ်လေး ကြောက်ကြောက်ဖြင့်ထိုင်နေသော နုငယ်၏ရင်ခွင်ဆီ။

'ကြောင် . . . ကြောင် . ဝစ် . . . ဝစ်'

နုငယ်မှာ ကြောက်ကြောက်ဖြင့် တက်သွားလေသည်။ ထိုအခါမှ ကေသီနှင့်နှင်းက နုငယ်ကိုလှုပ်ကြသည်။ သူမတို့ ပေါ်ဝိကျနေသော နုငယ်ခန္ဓာကိုသူမတို့ မနိုင်ကြ။

'နုငယ် . . . ဟဲ့နုငယ်

'လှုပ်ပါဦး နုငယ်'

ခဏကြာမှနုငယ်မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်ဖြင့်သတိရလာသည်။

'အင်း အမလေး ကြောင်ကော'

ကျွန်တော်တို့ကိုကြည့်ရင်း သတိရရချင်း 'ကြောင်'ကိုမေးသည်။ အားလုံးသက်ပြင်းချကြသည်။

'ပြေးပြီ လွတ်သွားပြီ'

စိုးမင်းကရယ် ဖြဲဖြဲဖြင့်ဆိုသည်။ ကျွန်တော်လည်း စိတ်မောလူမောဖြင့်ဘေးမှရေအိုးစဉ်မှာရေခပ်သောက်သည်။ အေးခနဲရောစီးဝင်သည်။ ငါးနိုးငါးနိုး မရှိတော့။ ရင်ဘတ်ဝယ်ပျော့ရှင်မှုက'လှုပ်'ခနဲ။

"ဟာ ဟကောင်တွေ ငါးနိုး ကျသွားပြီကွလုံးဝမနာတော့ဘူး"

'ဘာ'

'တကယ်လား'

ကျွန်တော်၏ ဝမ်းသာအားရအော်သံကြောင့် အားလုံးဝမ်းသာသွားကြသည်။

'ကြောင်ထပ်ဖမ်းစရာမလိုတော့ဘူးနော်'

အိမ်ရှင် ဦးလေးကြီးက အမောမပြေသေးဘဲ ဝမ်းသာအားရမေး

သည်။ ကျွန်တော်က 'ဟုတ်ကဲ့' ဟုဖြေရသည်။

'ဖမ်းခဲ့ပါကွာ နုငယ်ကိုပေးရအောင်'

စိုးမင်း၏ အရွှန်းဖောက်မှုကြောင့် အားလုံး ဝိုင်းရယ်ကြ၏။ နုငယ်ကတော့ နှုတ်ခမ်းကြီးစူလျက်။

'ကျေးဇူးတင်ပါတယ်နော် ဦးလေးကြီး၊ သားတို့ပြန်ဦးမယ်'

နောက်ဆုံး ဦးလေးကြီးကို နှုတ်ဆက်ကာ အားလုံးပြန်ခဲ့ကြသည်။

'တော်သေးတာပေါ့၊ ငါကမင်း စိတ်မကောင်းမှာ စိုးလို့ မပြောတာ၊ ငါတို့ ဘေးအိမ်က အစ်ကိုတစ်ယောက် ငါးနိုးစူးတာ ခွဲကို ခွဲလိုက်ရတယ်ကွ'

စိုးမင်း၏အပြောကြောင့် 'တော်ပါတော့ကွာ' ဟုကျွန်တော်လည်ပင်းကိုင်ရင်း ပြောသည်။

ဝေါက်ကွင်းမှအပြန် ကက်ဆက်ဖွင့်ကာ အကြံအစည်တို့ ပြေလည်ခဲ့သော သိန်းလတ်ကတော့ သီချင်းပင် လိုက်ညည်းလျက်။

ကျွန်တော်ကတော့ အထပြောက်သော ခရီးစဉ်ကို မချင့်မရဲ၊ အားလုံးသီချင်းလိုက်ဆိုနေကြပေမယ့် ကျွန်တော်ကတော့ ကိုယ့်အတွေးနဲ့ကိုယ်။

☆ ☆ ☆

www.foreverspace.com.mm

"နှင်း
ဖုန်းလာတယ်'

အဆောင်မှူးမမ၏ ခေါ်သံကြောင့် နှင်းအောက်ထပ်သို့ ပြေးဆင်း လာခဲ့သည်။ 'ဘယ်ကဖုန်းပါလိမ့်' ဟုတွေးရင်း ဖုန်းကို ကိုင်သည်။

'ဟဲလို'

'နှင်းလား . . . ကိုယ်ပါ'

တစ်ဖက်မှ အသံကြောင့် ဖုန်းတိုကိုင်ရင်းနှင့်ပင် နှင်း . . . တုန်လှုပ်သွားရသည်။

'ဘာကိစ္စရှိလို့လဲ'

နှင်း . . . ခပ်ဆောင့်ဆောင့် မေးဖြစ်သည်။

'ဩော် နှင်းရယ် ကိစ္စရှိမှ ဆက်ရမှာလား၊ နှင်းကို အချိန်မရွေး ဆက်သွယ်ခွင့် ကိုယ့်မှာရှိတယ်လေ၊ ဒါနဲ့ ဂေါက်ကွင်းမှာ ပျော်ခဲ့ရဲ့လား'

တစ်ဖက်စီးနင်းအသံက ဖုန်းထဲမှ တစ်ဆင့်နှင်း၏နားထဲကို ခါးသက်စွာစီးဝင်သည်။

'ပျော်တာပေါ့၊ ပျော်ချင်လို့ သွားတဲ့ခရီး'

'ဟုတ်လား၊ အပျော်ဆိုတာ လွန်ရင်မကောင်းဘူးနှင်း . . . မင်းအဲဒီကောင်နဲ့ ခပ်ကင်းကင်းနေပါ'

'ဗွင်'

တစ်ဖက်သတ်ပြောပြီး ထိုလူက ဖုန်းချသွားသည်။ နှင်းမှာ စိတ်ရှုပ်ထွေးလျက် ကျန်ရစ်ခဲ့သည်။

☆ ☆ ☆

ဂေါက်ကွင်းမှ ပြန်လာပြီးနောက်ပိုင်းမှာတော့ ကျွန်တော်တို့သုံးယောက်အနက် ရည်းစားမရှိသူမှာ ကျွန်တော်တစ်ယောက်သာ ကျန်သည်။

လောကနီယာမအတိုင်း 'မီးများမီးနိုင်၊ ရေများရေနိုင်' ရည်းစားရှိကြသူ နှစ်ကောင်သား ရည်းစားမရှိသော ကျွန်တော့်ကို နိုင်ကြသည်။

'ဟေ့ ကောင် ထ ထ . . . ရည်းစားမရှိတဲ့ ကောင်ဝီဝီ ဖွဲ့ကိုမရှိဘူး၊ အခုထိမထသေးဘူး၊ အိပ်တာချင်းအတူတူကိုများ ပိုအိပ်ချင်တဲ့ ကောင်'

မနက်လင်းခါစအချိန် အစောကြီး လာနိုးသော စိုးမင်းကို ကျွန်တော် ဒေါကန်ကန်ဖြင့် ကြည့်တော့ စိုးမင်းက ငါးခူ ပြုံး ပြုံးသည်။

'ဘာကြည့်တာလဲ'

'ဟကောင် မင်းယောက်ဖ သိန်းလတ် တခေါ်ခေါ်နဲ့ အိပ်နေတာကျတော့ မနိုးဘဲနဲ့ ငါ့ကျတော့လာနိုးတယ်၊ မင်းတော်တော် မတရားတဲ့ကောင်ပဲ'

'အေး သိန်းလတ်ကို မနိုးဘူး။ သူ့မှာ ရည်းစားရှိတယ်၊ နေချင်သလို နေပါစေ၊ မင်းကရည်းစားမရှိတဲ့ ကောင်ဆိုတော့ နေချင်သလို နေလို့မရဘူး။ အိပ်ချင်သလိုအိပ်လို့မရဘူး၊ စောစောစီးစီးထ ရည်းစားရဖို့နည်းလမ်းရှာ။ တကယ်တော့ ၂၄ နာရီလုံးလုံး ကြိုးပမ်းနေရမှာကွ'

စိုးမင်းအပြောကြောင့် ကျွန်တော့် ကိုယ်တွန့်ခနဲ ဖြစ်သွားရသည်။

တမင်သက်သက် နှိပ်ကွပ်နေမှန်းသိသာလွန်းသည်။ ပြန်ပြောလျှင်

ပိုနှိပ်ကွပ်တော့မည်မို့ အောင့်သက်သက်ဖြင့် ပြန်အိပ်ရန်ပြင်သည်။ ဒီကောင့်ကိုလည်း ဘုကြည့်ကြည့်လိုက်သည်။

'အံမယ် မင်းက ပြန်အိပ်မလို့ တောင်လုပ်နေသေးတယ်၊ ငါ့လို ရည်းစားရှိတဲ့ကောင်ကိုလည်း ဘုကြည့်ကြည့်တယ်၊ ထ'

ပြောပြောဆိုဆို စောင်ကို ဆွဲလှန်ပြီး ဖွတ်ဆွဲထူသည်။

'မင်းမရှက်ဘူးလား'

'ဟ မင်းရည်းစား မရှိဘူးလေ၊ အပျင်းကလည်း ကြီးသေးတယ်၊ စောစောထပြီး ရည်းစားရဖို့ နည်းလမ်းရှာလေ'

သည်းမခံချင်တော့။ ကြည့်ဦး ရည်းစားမရှိတာကို အပြစ်လုပ်ကာ တမင်လူကို လာနှိပ်ကွပ်နေသည်။

'ဟေ့ကောင် စိုးမင်း မင်းက 'စာတစ်ကြောင်း ရှင်းဆယ်ခါပါ' ဖြစ်နေပြီကွ၊ ငါ့ကိုဘလိုင်းကြီး စော်ကားနေတယ်။ စကားတစ်ခွန်းပြောရင် ရည်းစားမရှိတာ ဆယ်ခါမက ပါနေတယ် ကြည့်လုပ်ဦး'

ကျွန်တော့်စကားကြောင့် စိုးမင်းက ဟဲဟဲ ဟဲရယ်သည်။

'အဲဒါ မင်းကို နာအောင် ပြောနေတာ၊ ကြိုးစားချင်စိတ်ရှိအောင် ရည်းစားရရေး ကြိုးပမ်းချက်ကို မြှင့်တင်နိုင်အောင် ပြောနေတာ'

'တော်စမ်းပါ ကျော်သန်းရာ၊ အံခွနေပြီ၊ စကားကြီး စကားကျယ်မပြောနဲ့၊ ဒါမင်း ငါ့ကိုတမင် နှိပ်ကွပ်နေတာ'

ကျွန်တော်တို့နှစ်ယောက် ငြင်းခုံနေကြသော အသံကြောင့် မောင်မင်းကြီးသား သိန်းလတ်ထလာသည်။

'ဘာဆူညံ ဆူညံ လုပ်နေတာလဲကွဟ၊ ကောင်းကောင်းကို မအိပ်ရဘူး'

တစ်ဆက်တည်း အိပ်ချင်မူးတူးဖြင့် ထူးအယ်လင်းစတိုင်ကကောက် ဖမ်းလိုက်သေးသည်။

'ဘယ်လိုလူတွေလဲဟ၊ ဖုန်းဆက်လိုက်ရမလား'

'ဖုန်းနောက်မှဆက်၊ အခုလောလောဆယ် ဒီကောင့်ကို ဦးချိုးရမယ်၊ ငါတို့ကောင်တွေကို အာခံချင်နေတယ် ဒီကောင်'

'အင်း လျှောက်စမ်းပါဦး စိုးမင်းရ'

'လျှောက်စမ်းပါဦး' ဟူသော သိန်းလတ်စကားကြောင့် စိုးမင်း မျက်

နောက်ကြီးရှုံ့သွားသည်။ သို့သော် ကျွန်တော့်ကို နိုင်ကွပ်ချင်စိတ်ကြောင့် 'ဟက်'ခနဲ တစ်ချက်ရယ်ကာမသိချင်ယောင်ဆောင်သည်။

'ဒီလိုကွ သိန်းလတ်ရ ဒီကောင့်ကို အိပ်ရာထဖို့ ငါနှိုးတယ်'

'ဟုတ်ပြီ ဆက်ပြော'

'ဒီကောင်က အိပ်ရာမထတဲ့အပြင် ငါ့ကို အာခံတယ်'

စိုးမင်းက ကျွန်တော့်ကို တမင် အဆိုးပြောနေသည်မို့ ဝင်ကာပြောပြရသည်။

'နေဦး စိုးမင်း ငါပြောပြလိုက်မယ်၊ ဒီလိုကွ သိန်းလတ် ဒီကောင်ငါ့ကိုအိပ်ရာထဖို့နှိုးတာ မှန်တယ်၊ ဒါပေမယ့် ဒီကောင်က ဘယ်လိုနှိုးတယ်မှတ်လဲ၊ ငါ့ကို ရည်းစားမရှိတဲ့ကောင် ထ. . ထ. . . တဲ့။ မင်းပဲ စဉ်းစားကြည့် ဘယ်လောက် နားကြားပြင်း ကတ်ဖို့ ကောင်းလဲ'

သိန်းလတ်က စဉ်းစားသည်။

'ဟ. . . လင်းနောင်ရ ဒီကောင် စိုးမင်းမမှားဘူး၊ မင်းမှာ ရည်းစားမှ မရှိတာ မရှိတာကို မရှိဘူးပြောတာ နာစရာလား'

'ဟေ'

သွားပြီ၊ ရွှေနေငွေးမှ ခွလုံးလုံးကျပြီ။ နှစ်ကောင်သား ပေါင်းမိပြီမို့ လိုက်မမီနိုင်တော့။

'မင်းတို့က ငါ့ကို "ပူးပေါင်းပြီး ဆော်ပလော်တီးကြပါသည်" ဇာတ်လမ်းရိုက်ချင်နေတာကိုး ရတယ်ပြော၊ ကြိုက်သလောက်သာပြောကြ'

'အေးဟုတ်ပြီ ပြောမယ်'

'ရည်းစားမရှိတဲ့ လင်းတ'

နှစ်ကောင်သားတစ်ယောက် တစ်ခွန်းစီ ဝိုင်းဆော်ကြသည်။

'ကဲ ကဲ နေနဲ့လ ရွှေနဲ့မြ ဆိုသလို ရည်းစားရှိတဲ့ ငါနဲ့ ရည်းစားရှိတဲ့ မင်းစကားပြောရအောင်၊ ကဲ ရည်းစားရှိတဲ့ စိုးမင်း သူငယ်ချင်းရေ'

ညောင်နာနာဖြင့် လူရွှင်တော်များလို သိန်းလတ်လုပ်သည်။ စိုးမင်း ထူးလိုက်ပုံက သင်းသည်။ သင်းလိုက်သမှ ထကန်ပစ်ချင်စရာပင် ကောင်းတော့သည်။

'ဘာလဲ ရည်းစားရှိတဲ့ သိန်းလတ်ရေ'

'မျက်နှာသစ်တော့ဟေ့ . . . လက်ဖက်ရည်ဆိုင်သွားကြရအောင်'

သိန်းလတ်က 'အေးအေး' ဟုတုံးတိတိပြေရင်း ကျွန်တော့်ကို 'မှတ်ပလား' ဆိုသော ပုံစံဖြင့် ကြည့်သည်။ ကျွန်တော်က မကြား မသိသယောင်ဆောင်ကာ သူတို့စက်ကွင်းမှ ရှောင်ရန် သွားတိုက်တံနှင့် ဆပ်ပြာခွက်တို့ယူကာ အမြန်အခန်းထဲမှအထွက် . . . သိန်းလတ်က ဆောင့်ဆောင့် အောင့်အောင့်ဖြင့် လှမ်းအော်သည်။

'ဟကောင် ရည်းစားမရှိတဲ့ကောင် . . . ရေမြန်မြန်ချိုး မင်းကကြာတယ်၊ ရည်းစားမရှိတာလည်း မပြောနဲ့'

ရှောင်တဲ့ကြားက ထိသည်။ မုဆိုးကျော် တွတ်ပီ၏ သားကောင်လို ငြိမ်နေတာမှ လွတ်ဦးမည်။

'မင်းတို့ကောင်တွေ လွန်လာပြီနော် လုံးဝ ဘလိုင်းကြီး'

ကျွန်တော် စိတ်တိုသွားသယောင်ဖြင့် ပြန်အော်သောအခါ နှစ်ကောင်သားသဘောတကျဖြင့် လက်ညှိုးထိုးကာ ရယ်သည်။

'ဟား ဟား ဟား'

'အေးပါ မင်းတို့ရယ်ထားကြ၊ ရယ်နေရင်းနဲ့လည်း ငုတ်တုတ်သေနေဦး မယ်'

ကျွန်တော် ပျစ်ပျစ်နှစ်နှစ် ပြောသော်လည်း သူတို့နှစ်ကောင်အရယ်မပျက်ကြ။

'သစ်ပင်မြင့်တော့ လေတိုက်တာပေါ့ကွာ ဟား ဟား'

'မနာလိုဖြစ်နေတာကွ၊ ဒီကောင် ကိုယ့်ထက်သာ မနာလိုဖြစ်နေတာ'

ပြောရင်းရယ်ပြန်သည်။ ကျွန်တော်၏ သုန်မှုန်နေသော မျက်နှာကိုကြည့်ကာ ကြည့်ကာဖြင့် အမိပွာယ်မရှိ အူမြူးနေကြသော ထိုနှစ်ကောင်ကို ကျွန်တော် လက်သီးဖြင့် ထိုးဟန်လုပ်ပြသည်။ ပို၍ ရယ်ကြပြန်သည်။ နှင်းရေ ကိုယ်တော့ခံနေရပြီ။

လက်ဖက်ရည်ဆိုင် ထိုင်တော့ စိုးမင်းက မသီတာနှင့် မျက်နှာချင်းဆိုင်။ ကျွန်တော်က နှင်းနဲ့မျက်နှာချင်းဆိုင်။ အဆင်ပြေ သွားကြပြီဖြစ်သော သိန်းလတ်နှင့် ကေသီက ကပ်လျက်ထိုင်နေကြသည်။ လက်ကလေးတွေပင် ခိုးကိုင်လို့။

'ကဲ . . မှာကြ၊ ဒီနေ့ ရည်းစားမရှိတဲ့ အထိမ်းအမှတ်နဲ့ လင်းနောင်က ကျကျသမျှသော ကုန်ကျစရိတ်ကို ရှင်းမှာ ဖြစ်ပါကြောင်း သတင်းကောင်းပါး

လိုက်ပါသည်။ ဒူ. . . . ဒူ. . . . ဒူ’

ထိုင်ခါစပဲ ရှိသေးသည်။ အနှိပ်ကွပ်ခံလိုက်ရ၍ မျက်နှာမှုန်နေသော ကျွန်တော့်ကို ကြည့်ကာ ဝိုင်းရယ်ကြသည်၊ ကျွန်တော်ကပါ ရှက်ရှက်ဖြင့် ရောရယ်ရသည်။

‘အားမငယ်ပါနဲ့ ငါ့မောင်ရယ်၊ ဒီက မမနုငယ် တစ်ယောက်လုံးရှိပါသေးတယ်’

‘ဗျာ’

နုငယ်အပြောကြောင့် ကျွန်တော် တွန့်ခနဲ ဖြစ်သွားရသည်။ သူမ ခန္ဓာခပ်ဝဝကို ကြည့်ရင်းဖြင့် . . .

‘တစ်မျိုးမထင်ပါနဲ့ မင်းအစ်မမှာလည်း ရည်းစားမရှိလို့ အဖော်ရတယ်လို့ ပြောတာပါ’

‘ဩော် အဟဲ’

ဒါမျိုးကျတော့ သွေးစည်းသည်၊

‘ဒီအရွယ်အထိကျမှ အမြီးမပေါက်ရင် ဘာမျောက်လဲ ဆိုသလို’

‘နေပါဦး ဒါဆို အမြီးပေါက်ပြီးသား နင်တို့က ဘာမျောက်လဲ ကဲ’

ကေသီ၏ စကားကို နုငယ်ကဖြတ်၍ မေးလိုက်သဖြင့် ကေသီတို့အုပ်စုမှာ အီးမှန်သွားသလို ဖြစ်သွားသည်။

ကျွန်တော်တို့ အားလုံးစကားဖောင်ဖွဲ့နေသလောက် နှင်းကတော့ တိတ်ဆိတ်လျက်။ တစ်ခုခုကို စိတ်မကောင်းဖြစ်နေမှန်း သိသာသည်။

‘ဒါနဲ့ အားလုံး ဝေါက်ကွင်းသွားဖို့ အစီအစဉ်ရှိသေးလား’

ကျွန်တော် စကားလမ်းကြောင်းကို လွှဲသည်။

‘နိုး နိုး’

နုငယ်က အလန့်တကြား ငြင်းလိုက်သဖြင့် အားလုံးကရယ်ကြသည်။

‘ဒီတစ်ခါ ကြောင်ဖမ်းရရင်တော့ မိန်းမရခင် အသက်အတောင့်လိုက်ထွက်မှာ သေချာတယ်’

သိန်းလတ်၏ စကားကြောင့် ကေသီ မျက်စောင်းတစ်ချက်ထိုး၏၊

‘ဒီတစ်ခါ အစီအစဉ်ကို လှအောင် ငါစွဲပေးမယ်’

‘ဘယ်လောက်လှအောင်လဲ မင်းကြီးတော်လောက်လား’

စိုးမင်းက ကျွန်တော့်စကားကို နောက်လိုက်သဖြင့် ဝိုင်း၍ရယ်ကြ

သည်။ နှင်းတစ်ယောက်တော့ မပါ။ သူမမျက်နှာအပျက်ကြီး ပျက်ကာ ခေါင်းကိုငုံ့ထားသည်။

မဖြစ်စဖူး နှင်းမျက်နှာပျက်နေသည်မို့ ကျွန်တော် အလွန် စိတ်မကောင်း ဖြစ်သွားရသည်။

‘နေမကောင်းဘူးလား နှင်း’

ကျွန်တော်စိုးရိမ်စွာဖြင့် မေးတော့ နှင်းက ‘ခေါင်းနည်းနည်းကိုက်နေလို့’ ဟု ဖြေသည်၊ ကျွန်တော်၏ ဂရုစိုက်မှုကို ဘေးမှ ချောင်းဆိုးသံများ ညံသွားသည်။ တကယ်တော့ ကေသီတို့အားလုံး ကျွန်တော်နှင့်နှင်းကို သဘောတူကြမှန်း သိသာသည်။

ငွေရှင်းကာ ပြန်ခဲ့ကြသည်၊ နှင်းကတိတ်ဆိတ်လျက်။ ကျွန်တော်ပါ ငြိမ်ဝပ်လျက် ကျွန်တော်က နှင်း၏ ခေါင်းကိုက်မှုကို ယူ၍ ကိုယ်စားခံပေးလိုက်ချင်သည်။

အဲဒီလောက် ချစ်ရပါသည် . . . . . နှင်း။

☆ ☆ ☆

www.foreverspace.com.mm

ပထမနှစ်၏ ဒုတိယနှစ်ဝက် စာမေးပွဲကို ဖြေဆိုကြ၍ နောက်ဆုံးရက်သို့ ရောက်လာခဲ့သည်။ ဒုတိယနှစ်သို့ ကူးကြရမည်ဖြစ်၍ ပျော်သလို ပထမနှစ်ကို ကျောခိုင်းရမည်မို့ လွမ်းသလိုလို။

ကျွန်တော် ထုံးစံအတိုင်း စာမေးပွဲကို အမြန်ဖြေကာ အားလုံးချိန်းထားကြသော မိန်းရှေ့အုတ်ခုံမှာ ထိုင်စောင့်သည်။ ရေသန့်ဘူးတစ်ဘူးကို ကိုင်လျက်။ စာမေးပွဲနောက်ဆုံးရက် ဒီလိုရေလောင်းကာ အမှတ်တရပျော်ကြသည့် ထုံးစံက ဘယ်အချိန်ကတည်းက ပေါ်ပေါက်ခဲ့မှန်းမသိ။

ကျောကုန်းဝယ် အေးစက်သော ရေခဲရေကြောင့် တစ်ကိုယ်လုံးကော့တက်သွားရသည်။ နောက်လှည့်ကြည့်တော့ ကလေးတစ်ယောက်လို သဘောတကျဖြစ်နေပါသော နှင်း။

'ဖြေနိုင်လား နှင်း'

'Yes, How about you ?'

ကျွန်တော်၏ အမေးကို . . . ပြန်ဖြေရင်း နှင်းက ပြန်မေးသည်။ ကျွန်တော်က လက်မထောင်ပြလိုက်သည်။ နောက်သို့ မေးငေါ့ပြသည်။

နှင်းလှည့်နေတုန်း ဝှက်ထားသော ရေသန့်ဘူးဖြင့် ကျွန်တော် နှင်းပခုံးပေါ် လောင်းသည်။

'အား အေးတယ် လင်းနောင် အား'

အလှည့်ကျတော့ မခံ့စတမ်း . . . ဟုတ်။ သူမက မျက်စောင်းကြီးထိုးသည်။

'ရေခဲရေနဲ့ လောင်းရလားလို့'

နှုတ်ခမ်းစူရင်း ပြောလိုက်သေးသည်။

'နှင်းကရော ရေခဲရေနဲ့ပဲ မဟုတ်လား'

'အဟဲ'

နှင်းက ကျွန်တော့် အမေးကို မဖြေဘဲနှင့် လျှာလေးတစ်လစ်ဖြင့် ရယ်သည်။ စိုးမင်း၊ နုငယ်တို့ ရောက်လာသည်။ သူတို့ နောက်မှ သိန်းလတ်နှင့် ကေသီ ရေဘူးကိုယ်စီဖြင့်။

နှင်းက ကေသီနှင့် နုငယ်ကို ရေလိုက်လောင်းသည်။ ကေသီက မပြေးသော်လည်း နုငယ်က ဝသောခန္ဓာဖြင့် ပတ်ကာပြေးသည်။

စိုးမင်းနှင့်သိန်းလတ်က 'ရှူးတိုးတိုး' ဆိုသော ပုံစံဖြင့် ကောင်မလေးချောချောလေးတွေလာရင် ရေလိုက်လောင်းရန် ခရီးသည်ရှာသော စပယ်ယာမျက်လုံးကဲ့သို့ ကျီးကန်းတောင်းမှောက်ရှာသည်။

သိန်းလတ်အကြံကို ကေသီက ရိပ်မိသည်မို့ ရေသန့်ဘူးကိုလုကာ သိန်းလတ်ကို လောင်းသည်။ သိန်းလတ်ခမျာ မျက်နှာငယ်လေးဖြင့်။

အတူတူလမ်းလျှောက်ကာ အဆောင်သို့ ပြန်ခဲ့ကြသည်။

'ညနေခင်းကျရင် ဧရာဝတီမှာ ဆုံရအောင်'

ကျွန်တော်က အကြံပြုသည်။ အားလုံး သဘောတူကြသည်။ ဒီနေ့တော့ နှင်းကို ရင်ဖွင့်စရာရှိတာ အကုန်ရင်ဖွင့်ပစ်မည်ဟု ကျွန်တော် တွေးသည်။

အဆောင်မှာ စာမေးပွဲပြီး အထိမ်းအမှတ် အောင်ပွဲဖြင့် ထုံးစံအတိုင်း အရက်နည်းနည်းကို လူများများ ဝိုင်းသောက်ကြမည်။ ထို့နောက် မိန်းကလေးအဆောင်များသို့ ဂစ်တာလိုက်တီးကြမည်။ အဲဒါက ညအစီအစဉ်။ အဲ နေ့လယ်လည်း နည်းနည်းပါးပါး သောက်မည်။ အဝတ်အစားတွေသိမ်းကြမည်။ ညနေပိုင်း ရောက်လျှင် 'ဧရာဝတီ' မှာနှင်းတို့နှင့် လက်ဖက်ရည် သောက်မည်။ လက်ဖက်ရည်ဆိုင်မှအပြန် နှင်းကို ခေါ်ကာ ကျောင်းဘက်သို့ လမ်းလျှောက်မည်။ ပြောစရာရှိသည်ကို ရင်ဖွင့်မည် စသည်ဖြင့် ကျွန်တော် တွေးသည်။

အဆောင်အဝင်ဝမှာ အဆောင်အတူနေ အစ်ကိုတချို့ ညီငယ်တချို့

www.foreverspace.com.mm

ရှောက်နေနှင့်သည်။

'လာ လာ မင်းတို့ကို စောင့်နေတာ'

'တဲ လူစုံပြီဟေ့'

'ဟေး'

တကယ်တော့ သူတို့ နှုတ်ဆက်ခြင်းမဟုတ်။ အချက်ပေးခြင်းဖြစ်သည်။ 'ဟေး' ဟု ညာသံပေးကာ အဝင်ဝမှာ မိန့်မိန့်ကြီးလာနေသော ကျွန်တော်တို့ သုံးယောက်ကို ပုန်းကာနေရာယူထားကြသော ကျောင်းသားတချို့နှင့် အချက်ပေးသော ကျောင်းသားတို့က ဝှက်ထားသောရေပုံး၊ ရေပလားကိုယ်စီဖြင့် ဝိုင်းသမကြသည်၊ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားသော ကျွန်တော်တို့ကလည်း 'တော်ကြပါတော့' ဟုတားယူရသည်။

'ဟေး'

ကျွန်တော်၏ အစီအစဉ်ကို 'ဟေး' ဟုအော်ကာ အားလုံးက စတင်သည်။

ညအတွက် သီချင်းအစမ်းတိုက်ရင်း ရောက်တတ်ရာရာ သီချင်းများ အော်ကာ အချိန်ကုန်မှန်းမသိ ကုန်လာသည်။

'ဟကောင် ရည်းစားမရှိတဲ့ကောင် ထထ'

စိုးမင်းက နှိုးသည်။

'ဧရာဝတီ' သွားရအောင် ရှေ့မှာ သူတို့ စောင့်နေကြပြီ'

နှင်းတို့ စောင့်နေပြီဆို၍ အမြန်ကုန်းရုန်းထသည်။

အဆောင်အောက်သို့ အဆင်း သိန်းလတ်က ကွမ်းကို ကျွေးသည်။ သူတို့ နှစ်ယောက်လည်း ကွမ်းကိုယ်စီ စားလျက်၊

'ဘာလုပ်နေတာလဲ'

စောင့်နေရ၍ ကေသီက သိန်းလတ်ကို ဦးတည်ကာမေးသည်။

'ဘာလုပ်လို့လဲ'

သိန်းလတ်က အူကြောင်ကြောင်ဖြင့် ပြန်မေးသည်။ သူ့စိတ်မှာမလုံမလဲ ဖြစ်နေဟန်တူသည်၊ ကေသီလက်ကို မရဲတရဲ ကိုင်သည်။ ကေသီက ဘာမှ မပြောသဖြင့် ရဲရဲကြီးဆုပ်ကာ လမ်းလျှောက်သည်။ ကျွန်တော်ကြည့်ရင်းအားကျလာသည်၊

'နှင်း'

www.foreverspace.com.mm

ကျွန်တော့် ခေါ်သံဖွဖွကြောင့် နှင်းက 'ဘာလဲ' ဆိုသောအဓိပ္ပာယ်ဖြင့် မော့ကြည့်သည်။

'လက်ဖက်ရည်ဆိုင် ထိုင်ပြီးရင် ကျောင်းဘက်ကို လမ်းလျှောက်ကြရအောင်၊ နော် နှင်း'

'. . . . . . .'

ဘာကြောင့် လမ်းလျှောက်ခေါ်သည်ကို နှင်းသိပေမည်။ နှင်းက ခေါင်းကိုသာ ငုံ့သည်။ ဘာမှမဖြေ၊

'နှင်း'

'. . . .'

'လျှောက်မယ်မဟုတ်လား'

နှင်းက ခေါင်းကို အသာညိတ်ပြသည်။ ဘေးချင်းယှဉ်၍ လျှောက်နေသော ကျွန်တော့် ရင်ခုန်သံကို နှင်းသာ နားစိုက်လျှင် ကြားနိုင်ပေလိမ့်မည်။ ရင်ခုန်သံမြန်လွန်းသဖြင့် အသက်ရှူပင် မှုမမှန်ချင်၊

'ဧရာဝတီ' ကိုရောက်တော့ ဝိုင်းတိုင်းလူပြည့်နေသည်၊ စာမေးပွဲပြီးရက်မို့ လူပိုများသည်။ ကျောင်းသူ ကျောင်းသားများ အပန်းဖြေကြသည်ထင်၏၊

'လက်ဖက်ရည် ပုံမှန်သုံးခွက်၊ နင်တို့ ဘာသောက်ကြမလဲ၊ လက်ဖက်ရည်ပဲလား'

'ဟာ . . . မမှာနဲ့ အအေးပဲ သောက်တော့မယ်'

နင်ယ်၏အမေးကို ကိုယ့်အကြောင်းနှင့် ကိုယ်မို့ စိုးမင်းက ဗျာဗျာသလဲ ငြင်းသည်။ စားပွဲထိုးက အအေးနှင့် လက်ဖက်ရည်များ လာချပေးသည်။

'ဒီတစ်ခါ ယောင်ပြီး မတိုက်ချနဲ့ ဦးနော်'

နှင်း တိုးတိုးလေး ကျွန်တော့်ကိုစသည်။ ဘေးမှ သိန်းလတ်ကဘာကြားသွားသည်မသိ သူထင်ရာကို ဖွတ်ဝင်ပြောသည်၊

'ငါတို့ မတိုက်ဘူးနော်'

'ဟင် . . . ဘာ'

ကေသီက ဘုမသိ ဘမသိဖြင့် ဝင်မေးသည်။ အူကြောင်ကြောင်ဖြစ်နေသော သိန်းလတ်ကို မျက်စိမှိတ်ပြရသည်။

'ဘာ ဘာမှမဟုတ်ပါဘူး'

အမူအရာပျက်နေသော သိန်းလတ်‘ အဖြေကြောင့် မိန်းကလေးဗီဗီ ကေသီပိုသိချင်လာသည်။ ထင်ရာစွပ်စွဲသည်။

‘နင်တို့ ငါတို့မသိအောင် ဘာတွေ ကြံနေတာလဲ၊ သူများတွေလို စာမေးပွဲပြီး အထိမ်းအမှတ်ဆိုပြီး အရက်တော့မသောက်ရဘူးနော် ဘာမှ အဓိပ္ပာယ်ရှိတာ မဟုတ်ဘူး’

‘ဟုတ်တယ် ဘာမှ အဓိပ္ပာယ်မရှိဘူး၊ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ အရက်ကို ငါတို့က သောက်ပါ့မလား ကေသီရ’

ကေသီ၏သံသယစကားကို သိန်းလတ်က ပျာပျာသလဲ ငြင်း၏။ ကျွန်တော်နှင့် စိုးမင်းက တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။

‘အလကား လျှောက်ပြောနေတာ ကေသီ ဒီကအပြန်သောက်ရအောင် ဆိုပြီး ငါတို့ကို တိုင်ပင်တယ်၊ နော် လင်းနောင်’

‘ဟုတ်တယ် ကေသီ ငါနဲ့ စိုးမင်းက အရက်ဆို အနံ့တောင်ခံကြည့်လို့ ရတာ မဟုတ်ဘူး၊ မူးလွန်းလို့၊ သူ့ဒကာခံမယ်ကြီးပဲ ဇွတ်လုပ်နေတာ ကြည့် ပြောဦး’

ကေသီက ကျွန်တော်တို့ နှစ်ယောက် အရောက်ပို့သော စကားကို နားထောင်ကာ မျက်နှာကြီးရှုံ့မဲ့နေသော သိန်းလတ်ကို ဘုကြည့်ကြည့်၏။

‘ထင်တယ်၊ ဒါကြောင့် ဒီနေ့စကားပြောတာ တစ်မျိုးကြီးဖြစ်နေတာကိုး ကဲ ဘာလိမ်ဦးမလဲ’

ချွန်တွန်းစကားကို ယုံသော ကေသီ၊ သိန်းလတ်ကို လိမ်ဆွဲသည်။

‘အား ကြားလူပြောတိုင်း ယုံရလားကေသီ၊ ဒီကောင်တွေ ချွန်တွန်း လုပ်နေတာ’

ကေသီက ဇဝေဇဝါဖြစ်ပြီး ဆွဲဆိတ်ရာမှ လက်ကို တန့်သည်။

‘ဒါတော့ နင့် အပိုင်းပဲ ကေသီ၊ တစ်ခုတော့ ရှိတာပေါ့နော် ငါတို့က ပြောပြစရာ ရှိတာ ပြောပြီးပြီဆိုတော့ ငါတို့ တာဝန်ကျေပြီ ဒီကအပြန်နင်သူ့ကို အလွတ်မပေးနဲ့၊ ငါတို့တားလို့ မရလို့ပြောတာ . . . မကောင်းတဲ့ အရက်ကို မသောက်ပါနဲ့လို့’

‘ကောင်းတဲ့ အရက်ကို သောက်ပါတဲ့’

ကျွန်တော်ထပ်ပို့လိုက်သော စကားကို သိန်းလတ်က ပြန်ရွဲ့သည်။

‘ဟော ကြည့် ပြောရင်းနဲ့ ဇာတိပြုပြုလာတယ်၊ ဟုတ်တယ် ဒီကအပြန်

ကိုဘယ်မှမဝင်ရဘူး၊ ဘာမှမဝယ်ရဘူး ဒါပဲ’

ကေသီက လက်ညှိုးလေးထောင်ကာ သိန်းလတ်ကို အမိန့်ထုတ်၏။ သိန်းလတ်က ကျွန်တော်နှင့် စိုးမင်းကို ‘တွေ့မယ်’ ဆိုသောသဘောဖြင့် လက်သီးဆုပ်ပြသည်။ ဒါကိုကေသီက မြင်ဖြစ်အောင် မြင်သည်။

‘ဩော် ဒါ အရက်မသောက်ရလို့ ကိုယ့်သူငယ်ချင်းတွေကို မကျေမနပ်ဖြစ်နေတယ်ပေါ့။ ပြောလို့မရရင်လည်း သောက် . . . ကြိုက်သလောက် သာသောက် ဘာမှမပြောတော့ဘူး’

ကေသီက စိတ်တိုတိုဖြင့် ရေရွတ်သည်မို့ သိန်းလတ်ခမျာ ပျာယာ ခတ်သွားသည်။ ဒီလိုနှစ်လခန့် ကျောင်းပိတ်ခါနီး အချိန် စိတ်ဆိုးစိတ်ကောက် ပြီးမခွဲနိုင်။

‘မဟုတ်ပါဘူး ကေသီ၊ ဒီလို ကေသီမကြိုက်တဲ့ အရက်ကို ကိုယ်လည်း မကြိုက်ပါဘူး။ အရင်ကလည်း မသောက်ခဲ့ဘူး၊ အခုလည်း မသောက်ဘူး၊ နောင်လည်း သောက်ဖို့ အစီအစဉ် မရှိဘူး၊ တကယ်ပြောတာ’

သိန်းလတ်စကားကြောင့် ကျွန်တော်နှင့်စိုးမင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ပြောပုံက ‘အရင်လည်း မသောက်၊ အခုလည်း မသောက်၊ နောက်လည်း မသောက်ပါ’တဲ့။ သိန်းလတ်နှုတ်မှ မုသာဝါဒတွေ အပြွတ်လိုက် အသွတ်လိုက် အလုံးအရင်းဖြင့် ခုန်ထွက်ကြသည်။ သူ့ဗိုက်ထဲမှ အရက်များကသာ ကြားလျှင် ကျိန်စာတိုက်မှာ တောင်ကြောက်ရသည်။ ကေသီ က နှုတ်ခမ်းကို စူထားဆဲ။

‘ကေသီမယုံရင် ကိုယ်ကျိန်ပြမယ်’

ကျွန်တော်ရော စိုးမင်းပါ မျက်လုံးပြူးပြီး သောက်လက်စ အအေးပင် နင်ချင်သလိုလို ဖြစ်သွားသည်။

‘ကျိန်ပြစရာမလိုပါဘူးကွာ . . . မင်းကလည်း ဒီညအရက်မသောက် ပါဘူးဆိုတဲ့ ကတိကို ပေးလိုက်ရင် ပြီးတာပဲ’

ဒီလိုဆိုပြန်တော့လည်း မနေသာသည်မို့ ကျွန်တော်က ကြားဝင်ပေး ရသည်။ မတော်လို့ အဟုတ်ကျိန်လျှင် ခက်မည်၊ ကေသီက ‘ဘယ်လိုလဲ ’ဆို သည့်သဘောဖြင့် သိန်းလတ်ကိုကြည့်သည်။ သိန်းလတ်က ခေါင်းကို အခါ ပေါင်းများစွာ ညိတ်ပြသည်။ ဒီမှာတော့ မရွှေချောက အချိုးပြောင်းတော့သည်။

အခြေအနေအားလုံး ကောင်းနေတုန်း ကျွန်တော်စားပွဲထိုးကို

လွမ်းခေါ်ကာ ငွေရှင်းလိုက်သည်။ ကိုယ့်အကြံနှင့်ကိုယ်မို့၊ နှင်းနှင့် အတူထ ရပ်သည်။

'ငါတို့ ကျောင်းဘက်လမ်းလျှောက် ဦးမယ်'

ကျွန်တော့်စကားကြောင့် နှင်းမှအပ အားလုံးအံ့အားတသင့်၊ နှင်းက ခေါင်းကို ငုံ့ထားသည်။

'ငါတို့လည်း လိုက်မယ်'

အလိုက်မသိသော ကေသီ၊ သိန်းလတ်ကလက်မြင့် အသာတို့ပြီး ခေါင်း ခါပြတော့မှ ကေသီသဘောပေါက်သည်။

'မလိုက်တော့ပါဘူးလေ၊ အဝတ်အစား တချို့သိမ်းဖို့ ကျန်သေးတယ် ဟဲ ဟဲ'

ကေသီ စကားကို လျှောချသည်။

ကျောင်းဆီသို့ ဦးတည်ကာ လျှောက်လာရင်း နှစ်ယောက် စလုံးဆွံ့ အနေသည်။ နှင်းက စိတ်အေးလက်အေး လျှောက်နေသလောက် ကျွန်တော့် မှာ ရင်ခုန်ကာ အာခေါင်များ ခြောက်လျက်။ 'ဘယ်ကစပြောရပါ့' ဟုလည်း အခေါက်ခေါက် အခါခါတွေးသည်။

'နှင်း ကျောင်းဖွင့်ဖွင့်ချင်း လာနော်'

'. . . . .'

ကျွန်တော်အရဲစွန့်၍ ပြောသောစကားကို နှင်းက ဘာမှမတုံ့ပြန် ဘာကိုဆက်ပြောရမှန်း မသိအောင် ဆွံ့အနေသည်။ ကိုယ့်ကိုယ်ကို အားမလို အားမရဖြစ်ကာ နှင်းကိုသာ ငေးရင်းလျှောက်နေမိသည်။

'ကျွန်တော်လည်း ကျောင်းဖွင့်တာနဲ့ အရောက်လာမယ်'

'ဘယ်သူလာခိုင်းလို့လဲ'

နှင်းက ချစ်စဖွယ် မျက်စောင်းကို ထိုးကာ အူကြောင်ကြောင်ဖြစ် နေသော ကျွန်တော့်ကို မေးသည်။

နှင်းကို ကြည့်နေရင်းက စိတ်မှ မရိုးမရွ ဖြစ်လာရသည်။ ပခုံးနှစ်ဖက် ကိုပဲခါကြည့်ချင်နေသလိုလို။ သိုင်းကြုံးပြီးတော့ပဲ အားရပါးရ ဖက်ပစ်ချင်နေ သလိုလို။

'ကောင်မလေးတစ်ယောက်ပါ'

ကျွန်တော်၏အဖြေကို နှင်းက ဘယ်သူလဲဟုမမေး။ ဘာကို

ရည်ရွယ်မှန်း သိဟန်တူသည်၊

'ကျောင်းပိတ်မယ့် နှစ်လကို ဘာလုပ်ရမှန်း မသိဘူး'

နှင်းက အလိမ္မာဖြင့် စကားကိုလွှဲသည်။

'ကျွန်တော့်ကို သတိရပေါ့ နှင်းရယ်' ဟု စိတ်မှာ ပြောဖြစ်သည်။

'လင်းနောင်ကော ကျောင်းပိတ်ချိန်မှာ ဘာလုပ်မလဲ'

'နှင်းကို လွမ်းမှာပေါ့'

မထင်မှတ်ဘဲ ပြောသော စကားကြောင့် နှင်းက အံ့အားတသင့်ဖြင့် ကျွန်တော့်ကို ကြည့်သည်။ ထို့နောက်ဆတ်ခနဲ ခေါင်းကိုငုံ့သည်။

'နှင်း'

'. . . .'

'နှင်းကို ကျွန်တော် အရမ်းချစ်တယ်'

ဘယ်ကပေါ်လာမှန်း မသိသော သတ္တိဖြင့် အရဲစွန့်ကာ ပြောအပြီး ကျွန်တော်အားကုန်သွားသလို မောပန်းသွားရသည်။ နှင်းကို ကြည့်ကာ ပြောဖြစ်သော ကျွန်တော်က လှိုက်လှိုက်လှဲလှဲ ဖြစ်နေသလောက် နှင်းဘက်က တော့ တိတ်ဆိတ်လျက်။

'နှင်း စိတ်ဆိုးသွားပြီလား'

'. . . . . .'

မည်သည့်တုံ့ပြန်စကားမှ နှင်းမဆို . . . . ဘာမှမပြောခြင်းကိုက ကျွန်တော့်ရင်ကို ညှစ်ထားသလို ဖြစ်နေသည်၊

'စိတ်ဆိုးသွားပြီလား နှင်း'

ဒုတိယ အကြိမ်မေးဖြစ်တော့မှ နှင်းက ခေါင်းကိုခါသည်။

'နှင်းမှာ စေ့စပ်ထားတဲ့လူရှိတယ် လင်းနောင်'

သိပြီးသားစကား ဖြစ်သော်လည်း တကယ်တမ်း နှင်းပြောလိုက်သော အခါ နားတွင်းသံရည်ပူဝင်သွားသလို။

'ကျွန်တော် သိပါတယ် နှင်း'

ကြေကွဲစွာဖြင့် အားယူရင်း ထိုစကားကို ပြောရသည်။

'ဒါပေမယ့် နှင်းရယ် ကျွန်တော် . . . .'

နှင်းက လက်ကာပြသည်။

'နှင်းသဘောပေါက်ပါတယ်၊ မိဘတွေ အတင်းအကျပ်စီစဥ်ခဲ့လို့

www.foreverspace.com.mm

စေ့စပ်ခဲ့ရတယ်ဆိုပေမယ့် နှင်းက မိဘတွေ မျက်နှာကို ထိုးမဲမသုတ်ချင်ဘူး။ စေ့စပ်တယ်ဆိုတာ ကလေးကစားတာ မဟုတ်တော့ နှင်းစောင့်ထိန်းနေရတယ် လင်းနောင်'

နှင်းတစ်လုံးချင်း ပြောသောစကားများမှာ တစ်ချက်ချင်း ကျွန်တော့် ရင်ဘတ်ကို စို့ဖြင့် ရိုက်သွင်းနေသည်နှင့် တူသည်။ ရင်၌ အမျိုးအမည် ခွဲခြားရန်ခက်သောဝေဒနာများဖြင့် ပူလောင်ကာ မွန်းကျပ်နေသည်။ နှင်းက ကျွန်တော့်ကို ခပ်ထွေထွေလေး ကြည့်သည်။

'နှင်းကို နားလည်ပေးပါ လင်းနောင်၊ နှင်းရဲ့နှလုံးသား ကိစ္စကို နှင်း မပိုင်ဘူး။ သစ္စာဆိုတဲ့သော့က နှင်းရဲ့ စိတ်ကို ခတ်ထားတယ်'

ကျွန်တော်ယောင်ပြီး နှင်းရဲ့ စကားအဆုံး ခေါင်းကိုညိတ်သည်။ ခေါင်းအညိတ်မှာ ရင်ဘတ်ထဲက အက်ကွဲသံတို့ကို ကြားနေရသယောင် မွန်းကျပ်လွန်းလှသည်။

'နှင်း ဘဝမှာ လင်းနောင်က အခင်ဆုံး ယောကျ်ားလေး သူငယ်ချင်းပါ . . ဘာကြောင့်ပဲဖြစ်ဖြစ် နှင်း လင်းနောင်ကို . . . . . ခင်ပါတယ်'

တစ်ဆက်တည်းနှင်းက 'ပြန်ရအောင်' ဟုဆိုကာ ခြေဦးကို ပြန်လှည့်သည်။ 'အခင်ဆုံး ယောကျ်ားလေး သူငယ်ချင်း'တဲ့

နှစ်သိမ့်ဆုလား နှင်းရယ်။

'အခင်ဆုံး' ဆိုတာလေးနဲ့ပဲ ကိုယ်ကျေနပ်ရတော့မှာလား။

နှင်း နှင့်နှစ်ယောက်ကြား ခြားနားရခြင်းတို့ကို ကျွန်တော် နာကြည်းသည်။ နှင်းကဲ့သို့ ချစ်ရမည့်သူ နောက်တစ်ယောက်ရှိနိုင်ပါမည်လား ဟုလည်း တွေးဖြစ်သည်။

အပြန်လမ်းတစ်လျှောက် နှင်းက ဘာစကားမှမဆို တိတ်ဆိတ် ငြိမ်သက်လျက်။ ကျွန်တော်သည်လည်း ထို့နည်းတူပင်။

ရင်မောရပါသည် နှင်း။

☆ ☆ ☆

www.foreverspace.com.mm

ကျောင်း

ဝိတ်ရက် နှစ်လ ဟူသောကာလသည် တဆိတ်ရှည်လျားလွန်းသည်ဟုထင်သည်။

ကျောင်းဖွင့်လိုက်တော့ ဖွင့်ဖွင့်ချင်း ကျောင်းသို့ သွားရမည်ဟု ကျွန်တော် တွေးသည်။

နောက်ဆက်တွဲစာမေးပွဲ (ဆပ်ပလီ) တော့ ကျွန်တော့် အနေနှင့် တစ်ဘာသာမှမကျနိုင်။ ယခင်ကလို တစ်ဘာသာကျလည်း စာမေးပွဲကျ မဟုတ်တော့။ ကျလျှင်ကျသော ဘာသာ နောက်ဆက်တွဲ ပြန်၍ ဖြေခွင့်ရှိသည်မို့ ခြေချော်လက်ချော်ကျသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဖွင့်ခါနီးအချိန်တွင် ထိုကျစာရင်း (ကျောင်းသားအခေါ် ဆပ်ပလီစာရင်း) ထုတ်ပြန်ပေးသည်။

များသောအားဖြင့် စာကြိုးစားသူက ဆပ်ပလီ ထိခဲသည်။ အင်္ဂလိပ်စာဖြေသောနေ့က မျက်နှာမလှသော စိုးမင်းနှင့် သိန်းလတ်တို့ နှစ်ကောင် အင်္ဂလိပ်စာ ဆပ်ပလီ ထိနိုင်သည်။

နှင်းတို့ အုပ်စုတော့ထိမည်မထင်။

နယ်ဆီ ဖုန်းဆက်ကြည့်ရမည်။ သူမတစ်ယောက်သာ တောင်ကြီးတွင်ရှိကာ နှင်းနှင့် ဂေသီက ကလောမှာ စိုးမင်းနှင့် သိန်းလတ်က ဟဲဟိုးသည်ဖြင့် ကျောင်းပိတ်ချိန် အိမ်ပြန်ကာ အိမ်အလုပ်ကူကြသည်။ ကျွန်တော်

www.foreverspace.com.mm

ကပေါ့ ပင်းတယ သားမို့ ပင်းတယမှပင် နှင်းတို့ရှိရာကို မှန်းပြီး သတိရနေရသည်။

'ဟဲလို'

'ဟဲလို မနုငယ်နဲ့ စကားပြောချင်လို့ပါ ခင်ဗျာ'

'ဪ ငယ်လေးနဲ့ ပြောမလို့လား ခဏလေးနော်'

မနုငယ်၏ အစ်မထင်သည်။ 'ငယ်လေး'တဲ့ မနုငယ်ကို လူကလည်း ငယ်ပါပေသည်ဟု တွေးရင်း ကျွန်တော် ပြုံးမိသည်။

'ဟဲလို'

'ပင်းတယကပါ ကျွန်တော် ဘယ်သူလဲ မှန်းကြည့်ပါဦး'

'နှင့် အသံခွေးချီသွားတာတောင်မှတ်မိတယ် လင်းနောင်'

'ဟဲ ဟဲ ရမလားလို့ စမ်းကြည့်တာ၊ ဒါနဲ့ နုငယ် ကျွန်တော်တို့ 'နောက်ဆက်တွဲ စာမေးပွဲဖြေရန် စာရင်း' ဘယ်တော့လောက် ထွက်မလဲ'

'ဟဲ့ ငါတို့က ဖြေနိုင်တဲ့လူဟဲ့၊ အကျစာရင်းကို မျှော်နေစရာ မလိုတော့ မစုံစမ်းထားဘူး'

'ခြေချော် လက်ချော်ဆိုတာ ရှိသေးတယ် နုငယ်'

'ဖွ . . လွဲပါစေ၊ ဖယ်ပါစေ၊ ငါတို့က ဂုဏ်ထူးတန်းတက်မှာ၊ ဆပ်ပလီထိလို့ ဘယ်ရမလဲ၊ နင်တို့လို ရည်မှန်းချက် မရှိတဲ့ကောင်တွေပဲ ဘာသာစုံကျဦးမယ် သိလား'

နုငယ်က ဖုန်းထဲမှာပင် ရန်တောင်လိုက်သေးသည်။

'ကဲပါ ဂုဏ်ထူးတန်း တက်မယ့် မမရယ်၊ ဘာပဲ ပြောပြော အောင်စာရင်းလောက်တော့ ကြည့်ချင်တာပေါ့၊ ဘယ်နေ့ထွက်မှာလဲ'

'ငါသိပါတယ်နော်၊ အဲဒီနေ့ နှင်းလည်း ဝယ်စရာရှိလို့ တောင်ကြီးတက်လာမှာ၊ နင်အဲဒါကြောင့် မေးနေတာ မဟုတ်လား'

မမျှော်လင့်ဘဲ နှင်းတောင်ကြီးတက်လာမယ်ဆိုတာ သိလိုက်ရတော့ ကျွန်တော် ရင်အခုန်ကြီးခုန်သည်။

'နှင်းလာမယ် ဆိုတာ ကျွန်တော် မသိဘူး၊ နုငယ်ရေ ဘယ်နေ့ အောင်စာရင်းထွက်မှာလဲ'

'. . . . . နေ့၊ သနားလို့ ပြောပြတာနော်'

'ဟုတ်ကဲ့ပါဗျာ၊ ကျေးဇူးတင်ပါတယ်၊ အခုလိုပြောပြတဲ့အတွက်

ကြောင့် အရင်ကထက် ဝ ပါစေဗျား'

'သေနာ'

'ငွတ်'

နုငယ်က ဖုန်းကို ဆောင့်ချသွားသည်။ ကျွန်တော်ကတော့ နှင်းနှင့် အတူ အောင်စာရင်းကြည့်ရမည့် အရေးကိုတွေးကာ ပျော်နေမိသည်။

နုငယ်သာ သိပ်မဝေးသော နေရာမှာ ရှိလျှင် ဟိုတစ်ခါကလို လည်ပင်းထညှစ်မှာ စိုးရသည်။ သူမတို့ တစ်ဖွဲ့လုံးက လက်သွက် ခြေသွက် နှုတ်ပါ သွက်ကြသည် မဟုတ်ပါလား။

ကားအဝင်နောက်ကျသဖြင့် ကျောင်းအရောက်နောက်ကျသည်။ Notice Board ရှေ့မှာတော့ ကျောင်းသူ ကျောင်းသားများက တရုန်းရုန်း။ နှင်းကို လူအုပ်ကြားထဲမှာ တိုးထွက်လာတာ မြင်လိုက်ရသည်။

ကျွန်တော့်ကို မြင်တော့ ဝမ်းသာ အားရဖြင့်လက်ပြသည်။ ပြီးနောက် လက်မကို ထောင်ပြသည်။

'လင်းနောင် အောင်တယ်၊ နှင်းတို့လည်း အကုန်အောင်တယ်'

'အမ် ဒါဆို ဟိုနှစ်ကောင်ကော'

'သူတို့နှစ်ယောက်စလုံး အင်္ဂလိပ်စာ ထိတယ်'

'ထင်သားပဲ' ဟု ကျွန်တော် တွေးသည်။

'နုငယ်က သူ့ခန္ဓာနဲ့ လူကြားထဲမတိုးချင်လို့တဲ့၊ သူ 'ဘိုချစ်' မှာ စောင့်နေတယ်၊ လာသွားရအောင်'

ကင်တင်းဘက်ခြေဦးလှည့်ကြသည်။ နုငယ်က ကင်တင်းမှ နေ၍ လည်တဆန့်ဆန့်ဖြင့် မျှော်ရှာသည်။

'နှင်း နုငယ်ကို စရအောင်'

နှင်းက ဘာမှပြန်မပြောဘဲ ပြုံးသည်။

'ခပ်တည်တည်နေနော် နှင်း'

နှင်းကခေါင်းညိတ်သည်။ နုငယ်နှင့် ဘေးခုံမှာ နှင်းနှင့်အတူ ဝင်ထိုင်ရင်း ရောက်ရောက်ချင်း နုငယ်ကို စကားစသည်။

'ဘယ်လိုဖြစ်တာလဲ နုငယ်ရာ ဘယ်သူမှမကျတဲ့ မြန်မာစာကိုမှ ရွေးပြီးကျရလား၊ ဆပ်ပလီထိမှတော့ ဂုဏ်ထူးတန်း ဘယ်လိုလုပ်တက်ရတော့မှာလဲ'

ကျွန်တော့်စကားကြောင့် တုန်လှုပ်သွားသော နုငယ်က မျက်နှာငယ်လေးဖြင့် 'သေချာရဲ့လားဟယ် ခုံနံပါတ်များမှားသလား' ဟုမေးသည်။ နှင်းကရယ်ချင်စိတ်ကို ထိန်းနေရသဖြင့် ခေါင်းကို ငွတ်ငုံ့သည်။

'ငါမြေနိုင်ရဲ့သားနဲ့ ဟယ်'

နုငယ်က ခေါင်းကို ကုတ်ရင်းပြောရာမှ ဝါးလုံးကွဲ ထရယ်သည်၊

'ဟား ဟား ဟား နင်တို့နှစ်ယောက်ပေါင်းပြီး ငါ့ကို ဘတ်ချင်သေးတယ်၊ နင်တို့မလာခင်ကတည်းက ကြည့်ထားပြီးသား။ ငါပြောလိုက်ရင် နင်တို့ Feel ငုပ်သွားမှာစိုးလို့ တမင်မပြောဘဲ ချွေးကြည့်ခိုင်းလိုက်တာ၊ ဒါ့မယ် သူတို့နှစ်ယောက်က ပေါင်းပြီးတော့တောင် လိမ်ချင်လိုက်သေးတယ် ဟင်း'

နှင်းရော ကျွန်တော်ပါ 'သူခိုးလူမိ' ရှက်ရှက်ဖြင့် ရယ်ကြသည်။

နုငယ်ကလည်းချာ 'နှစ်ယောက်ပေါင်းပြီးတော့'လို့ သိပ်မသုံးပါနဲ့ ချာကြက်သီးထလွန်းလို့'

အသားယူသော ကျွန်တော့် စကားအဆုံး နှင်းက လှမ်းရိုက်သည်။ နုငယ်က 'ငါ့အမှားပါ' ဟုစိတ်ပျက်ဟန်ပြသည်။

'ဒါနဲ့ စိုးမင်းနဲ့ သိန်းလတ် အင်္ဂလိပ်စာပြန်ဖြေရမယ်နော်၊ သူတို့ကို အကြောင်းကြားလိုက်ဦး တော်ကြာနေ ကျောင်းက အကြောင်းကြားစာ အရောက် နောက်ကျလို့ မသိဘဲနေဦးမယ်'

တစ်ခါတစ်ရံ နောက်ကျတတ်သော အကြောင်းကြားစာကြောင့် မနုငယ်က တွေးတွေးဆဆပြောသည်။

'ဒီနှစ်ကောင်က အင်္ဂလိပ်စာဖြေတဲ့နေ့ကတည်းက သူတို့အခြေအနေ သူတို့သိတယ်၊ မဖြေနိုင်ဘူးလို့ ညည်းနေကြတာ၊ ဒါပေမယ့် အကြောင်းတော့ ကြားလိုက်ပါ့မယ်'

'ဒါဆိုရော ဖြေရမယ့်နေ့နဲ့ အချိန်ဇယား'

နှင်းက သူမကူးယူလာသော အချိန်ဇယားကို လှမ်းအပေး ကျွန်တော်က လက်ကိုပါဆွဲယူသည်မို့ သူမလက်ကို ပြန်ဆွဲရင်း မျက်စောင်းထိုးသည်။

'နှင်းကနေ့ချင်းပြန်မှာ လင်းနောင်ရော'

'နှင်းနဲ့ အတူတူပဲ နေ့ချင်းပြန်'

နုငယ်၏ အမေးနှင့် ကျွန်တော့်အဖြေက သူမကိုပါထည့်ကာပြောသည်မို့ နှင်းက မျက်စောင်းထိုးပြန်သည်။ မျက်စောင်းထိုးခြင်း အတတ်ပညာကို ကစ်ဖက်ကမ်းခတ်တတ်မြောက်ကာ ကမ္ဘာ့အလှဆုံး မျက်စောင်းကို ထိုးတတ်သူကို ပြပါဆိုပါလျှင် ကျွန်တော်မျက်စိမှိတ်ကာ နှင်းကိုပဲ ထိုးပြမှာဖြစ်သည်။

'ကျောင်းဖွင့်တာနဲ့ အရောက်လာကြနော် နှင်း'

နုငယ်၏ အပြောကို နှင်းက ခေါင်းညိတ်သည်။

'ကျောင်းဖွင့်တာနဲ့ အရောက်လာကြနော် နှင်း'

ကျွန်တော်က နုငယ်ကဲ့သို့ သံယောင်လိုက်ကာ ပြောတော့ နှင်းက လှမ်းရိုက်သည်။ ကျောင်းဖွင့်ရန် သိပ်မလိုတော့သောရက်တို့ကို မိတ္တူစက်ထဲ ထည့်ကာ ချုံ့ပစ်ချင်သည်။

နှင်းနဲ့ နုငယ်က တစ်ယောက်နားတစ်ယောက်ကပ်ကာ တီးတိုးတီးတိုးဖြင့် ဘာပြောနေသည်မသိ။ နုငယ်က 'အေးသွားမယ်'ဟု ပြောသံ ကျွန်တော် ကြားသည်။

'ဘယ်သွားမှာလဲ သားလည်းလိုက်ချင်တယ်'

ကျွန်တော် ကလေးတစ်ယောက်လိုလုပ်ကာ ပြောတော့ နှင်းကရယ်ရင်း 'မလိုက်ရဘူး' ဟု ပြောကာ တစ်ချက်ရိုက်သည်။ နှင်းတစ်ချက်ရိုက်တိုင်း ငွေတစ်ဆယ်ရလျှင် ကျွန်တော် သူဌေးဖြစ်လောက်ပြီ ထင်သည်။

'အင်း ငါမသိုးမသန့် ကြားလိုက်တာ အလှပြင်ဆိုင်နားမည်ပဲ ဆံပင်များသွားညှပ်မလို့လားမသိဘူး။ ဆံပင်တွေတော့ မညှပ်လိုက်ပါနဲ့လား နှင်း'

ထွက်သွားသော နှင်းနှင့် နုငယ်တို့ကို ကြည့်ရင်း စိတ်မှပြောဖြစ် သည်။ ကျွန်တော် အိမ်အပြန်လမ်းတစ်လျှောက် နှင်းပုံရိပ်က ကပ်ငြိလျက် လိုက်ပါလာသည်၊

ရင်ကိုငြိမ်းအေးသွားလောက်အောင် လှပါသောနှင်း။

☆ ☆ ☆

တော်ထည်မြို့မ စာအုပ်တိုက်

ကျောင်း

ဖွင့်တာနဲ့ ကျွန်တော် တောင်ကြီးကို ရောက်သည်။ နှင်းတို့ မလာကြသေး၊ စိုးမင်းနှင့် သိန်းလတ်တော့ မနက်ဖြန်ရောက်မည် ဖြစ်သည်။

ဖျင်းဖျင်းဖြင့် နှင်းတို့အဆောင်ကို အလွမ်းပြေအဖြစ် အကြာကြီး ကြည့်နေမိသည်၊ နှင်းလမ်းလျှောက်လာဖို့ ပြင်ဆင်နေလောက်ပြီ ဟုတွေးရင်း ရင်၌ကြည်နူးသည်။

နှင်းကို ဘယ်ကနေ ဘယ်လိုချစ်မိသွားပါလိမ့်။ ကျွန်တော် ချစ်မိသော နှင်းမှာ ဘာကြောင့် စေ့စပ်ထားသူရှိရပါလိမ့် . . . ဟုရင်နာနာဖြင့် ကျွန်တော်တွေးသည်၊ ကျွန်တော့်အပေါ်ထားသော နှင်း၏ သဘောထားတို့မှာ ခန့်မှန်းရ ခက်လွန်းသည်။ ကေသီတို့ထံမှ တစ်စွန်းတစ်စ ကြားရလိုကြားငြား အစ်ခဲ့သမျှ သည်လည်း အရာမထင်။ နှင်းသည် လျှို့ဝှက်သော ပန်းတစ်ပွင့် ဖြစ်သည်၊ ထိုပန်း၏ သတင်းကို မည်သည့်လေညှင်းမှ သယ်ဆောင်ခြင်းငှာ မစွမ်းနိုင်အောင်ပင် လျှို့ဝှက်နိုင်လေသည်။

မည်မျှလျှို့ဝှက်သနည်းဆိုလျှင် နှင်းနှင့် စေ့စပ်ထားသောသူ၏ အမည်ကို ကေသီတို့မှအပ ကျွန်တော်တို့မသိခဲ့ကြ၊ ရုပ်မြင်ဖို့ဆိုဝေးရော။ ပထမနှစ်တွင်တော့ ကျွန်တော်သည် နှင်းဘေး၌ သူငယ်ချင်းအဖြစ် တစ်ချိန်လုံး မချင့်မရဲဖြင့် ရှိနေခဲ့သည်။ စောင့်ထိန်းနိုင်သလောက် စောင့်ထိန်းခဲ့သည်၊

ယခုဒုတိယနှစ်တွင် နှင်းနှင့်မည်သို့ စခန်းသွားရမည် မသိ။ သူငယ်

ချင်း ဆိုသောနေရာ၌ ကြာရှည်စွာ ရပ်တန့်၍ မရနိုင်။ နှလုံးသားကို သော့ ခတ်ကာ နေရသော မွန်းကျပ်မှုတို့ကို အလိုလို နေရင်း ခါးသီးနေမိသည်။ နောက်ဆုံးနှစ် ဆိုတာကို မတွေးချင်။

နှင်းနှင့် စေ့စပ်ထားသည်ဆိုသော ပုဂ္ဂိုလ်သည် တခြားမိန်းမတစ် ယောက်နှင့် လက်ထပ်ဖြစ်သွားပါက ကောင်းမည်ဟု ကျွန်တော် ညစ်ကျယ် ကျယ်တွေးသည်။ မနက်ဖြန်မှလာမည် ဖြစ်သော စိုးမင်းနှင့် သိန်းလတ်တို့ နှစ်ကောင်ကို စောင့်ရင်း ဒီနေ့အဖို့ ကျွန်တော်သည် နှင်းကို လွမ်းရင်း။

☆ ☆ ☆

တော်ဝင်မြို့မ စာအုပ်တိုက်

မနက်စောစောပင် အိပ်ရာနိုးသည်။ ညကလည်း တော်တော်နှင့် အိပ်မပျော်၊ ရောက်တတ်ရာရာကို တွေးရင်းဖြင့်။ ထိုရောက်တတ်ရာရာ၏ ဗဟိုရာ ခိုင်နှုန်းသည် နှင်း၏အကြောင်း ဖြစ်သည်။

လာပါတော့နှင်း။

စောင့်မျှော်ရသူ ရင်ကို နှင်းသိပါလေစ။

နှင်းတို့အဆောင်ကို အလွမ်းပြေ ကြည့်ရန် ဝရန်တာအထွက် ဟိုနှစ်ကောင် အိတ်ဆွဲပြီး လိုင်းကားပေါ်မှ ဆင်းလာတာမြင်နေရသည်၊ ဒီကောင်တွေကို နောက်လိုက်ဦးမည်ဟူသော အကြံဖြင့် အဆောင်မှူး ဆီသို့ အမြန်ပြေးပြီး လိမ်ခိုင်းရသည်၊

'ဦးဟိုကောင်တွေလာပြီ ကျွန်တော်မရောက်သေးဘူးလို ကြည့်ပြောထားပေးဦး'

ပြောပြီး ကမန်းကတန်း ပုန်းနေလိုက်သည်။

'ဦးရေ ကျွန်တော်တို့ လာပြီ'

'ဩော် စိုးမင်းနှင့် သိန်းလတ်ပါလား လာလာ'

'ဦး ဟို ရည်းစားမရှိတဲ့ 'လင်းတ' ရောက်ပြီလား'

'ဘယ်သူလဲ ဩော် လင်းနောင်ကို ပြောတာလား'

အဆောင်မှူး၏ ခပ်တည်တည် အမေးကြောင့် နှစ်ကောင်သား

ကြောင်သွားကြသည်၊

'ဟုတ်တယ်လေ ဦး'

'ဟုတ်တယ် အဲ့ဒီပင်းတယ ကောင်ကို ပြောတာဗျ'

'ဩော် အေး ဒီနေ့ဖုန်းလာတယ် နောက်အပတ်မှ ရောက်မယ်တဲ့၊ မင်းတို့ကိုလည်း ပြောလိုက်ပါဦးတဲ့'

အဆောင်မှူး၏ စကားအဆုံး နှစ်ကောင်သား ဆွဲထားသော အိတ်ကို ပစ်ချသည်။

'ဒီကောင်တော်တော် ကတိဖျက်တဲ့ကောင်၊ သူပဲမနေ့က 'ငါရောက်နေပြီ မလာသေးဘူးလား မနက်ဖြန်တက်ခဲ့'လို့ ဖုန်းဆက်လို့ ကြုံရာကားနဲ့ လိုက်လာခဲ့ရတာ'

'ဒီကောင် လာပါစေဦး . . . ကောင်းကောင်းပညာပေးရမယ် ငါတို့သူ လာရင်ပုန်းနေရအောင်'

သူတို့နှစ်ကောင် စိတ်တိုလက်တို ဖြင့်ရွတ်နေသည်ကို ကြည့်ရင်း အဆောင်မှူးက မအောင့်နိုင်တော့ဘဲ ဝါးခနဲ ထရယ်သည်၊

'ဟား ဟား ဟား'

နှစ်ကောင်သား ကြောင်နေကြသည်။

'ဦး ဘာရယ်တာလဲ'

အဆောင်မှူးက အူကိုနှိပ်၍ အားရပါးရ ရယ်ရင်းစကား မပြောနိုင်အောင်ဖြစ်နေသည်။ သူတို့နှစ်ကောင်က အဆောင်မှူးရယ်နေတာ ကြည့်ရင်း ဘုမသိ ဘမသိ ရောရှုပ် လိုက်ရယ်လိုက်သေးသည်။

'ဟာ ဦးလေး ရယ်နေတာ ရယ်ချင်စရာကြီး ဟား ဟား'

'ဟား ဟား '

'ဘာရယ်တာလဲကွ'

ရယ်နေကြသော နှစ်ကောင်သား၊ ကျွန်တော့် အသံကြောင့် နောက်လှည့်ကြည့်သည်။ ထို့နောက် 'ဩော်' ဟု ရွတ်ကာ လက်သီးဖြင့် ဝိုင်းထိုးကြသည်။

'ငါပြောမလို့ဘဲ ဒီကောင်ရောက်နေလောက်ပြီလို့'

'တော်စမ်းပါကွာ မင်းပဲ ကတိမတည်တဲ့ ကောင်လေး ဘာလေးနဲ့ ပြောပြီးမှ'

'ဟဲ ဟဲ . . . အဲ့ဒါအသာထား ငါမျက်နှာမသစ်ရသေးဘူး၊ ပြီးရင် ကျောင်းထဲသွားရအောင် မင်းတို့ ရေချိုးချင် ချိုးကြ' ဖိတ်များကို ဆွဲပြီး အဆောင်ထဲ ဝင်ခဲ့ကြသည်။

'မင်း မပျင်းဘူးလား၊ မနေ့က အဆောင်မှာ မင်းတစ်ယောက်ထဲ'

'အေး ဟုတ်တယ် ဒီနေ့ငါတို့ နှစ်ကောင်ရောက်လာတာတောင်မှ တစ်ဆောင်လုံးပေါင်း ငါတို့သုံးကောင်ပဲ ရှိတယ်'

ကျောင်းသွားရာ လမ်းမှာ စိုးမင်းနှင့် သိန်းလတ် တစ်ယောက်တစ် ပေါက်မေးကြသည်။

'မင်းတို့ နှစ်ကောင်လုံးရဲ့ မေးခွန်းကို ပေါင်းဖြေရရင်၊ မနေ့က ငါတစ်ယောက်တည်း မဟုတ်ဘူး၊ ငါနဲ့ နှင်းနဲ့ နှစ်ယောက်၊ နှင်းက ငါ့ရင်ဘတ်ထဲမှာ ရှိပြီးသားဆိုတော့'

'တော်တော့ သောက်ရှူး'

'ဘာမှမဆိုင်ဘဲနဲ့ မင်းမရှက်ဘူးလား'

ကျွန်တော့်စကားကို ကောင်းချီးပေးကြသည်။ ကျောင်းဖွင့်စမို့ ကျောင်း အတွင်းအပြင်ရှိ ကင်တင်းတွင် လူခပ်ကျဲကျဲ။ 'သစ္စာဘုံ' ဖြစ်ဖြစ် 'အမေ့အိမ်' ဖြစ်ဖြစ်ထိုင်ရန် NC-1 ဘက်သို့လျှောက်ခဲ့ကြသည်။

'အဲဒီအလယ်က ခပ်မိမိနဲ့ တစ်ယောက်က လင်းနောင်ဆိုလား။ King (ကင်း)ပြတ်လေ။ ခပ်တည်တည်မနေဘဲ ပြောင်ချော်ချော်နေတတ်တော့ တခြား တစ်ယောက်ကို ပေးလိုက်တာ၊ အရမ်းအစအနောက်သန်တယ်တဲ့'

နောက်မှ တီးတိုးစွာဖြင့် အတင်းတုပ်နေသော ကောင်မလေး၏ စကား ကြောင့် ကျွန်တော်တွန့်ခနဲ ဖြစ်သွားရသည်။

'ရည်းစားလား မရှိတာလား လျှို့ထားတာလားတော့ မသိဘူး တွဲတာ တော့ မတွေ့ဘူး'

သူမစကားကြောင့် သိန်းလတ်က 'ခွီး' ခနဲ ရယ်သည်။ စိုးမင်းက 'ကောင်းမှကောင်း' ဟု မသိးကြော်ငြာထဲက ကလေးလို ပြော၏။

တစ်ဖက်သို့ ချိုးကာ ကျန်နေခဲ့သော ကောင်မလေး၏ စကားကို ပြန်ကြားယောင်သည်။ 'လျှို့ထားတာလားမသိဘူး'တဲ့ လား။ ကျွန်တော် နှင်းကို ပြင်းပြစွာသတိရမိသည်။

နှင်းသည်လည်း 'ကွင်း'ဆန်ခါတင် '၃' ယောက်တွင် အပါအဝင်ဖြစ်

သည်။ နှင်းလဲ 'ကွင်း' ပြုတ်ပင် ကျွန်တော်ကတော့ လက်ရှိ နှင်းတို့ သချာကွင်း နှင့်စာလျှင် နှင်းကအများကြီး ပိုလှသည် ဟုထင်သည်။

'ဟေ့ကောင် စိုးမင်း။ လင်းနောင်ကို နှင်းတို့ဘယ်နေ့လာမယ် ဆိုတာ ပြောပြလိုက်ရမလား'

အဆုံးမရှိ အစမရှိ ပြောလိုက်သော သိန်းလတ်၏ စကား။ 'နှင်း' ဆိုသောကြောင့် ကျွန်တော် ခေါင်းကို ဆတ်ခနဲ လှည့်ကာ သိန်းလတ်ကိုကြည့် သည်။ သိန်းလတ်က မိန့်မိန့်ကြီး လုပ်ကာ ဘာမှမပြော။

'သိန်းလတ်ရာ ဒီကောင်အလိုက်သိတယ်ဆိုရင်တော့ ပြောပြလိုက် ပေါ့ကွာ ဟဲ ဟဲ'

စိုးမင်းက ဗိုက်ကိုပွတ်ရင်း ပြောသည်။ သဘောကတော့ မြူစူရမည် ဆိုသည့်သဘော။

'အေးပါကွာ၊ လာငါကျွေးပါ့မယ်၊ ပြီးတော့မှ ပြောပေါ့'

ကျွန်တော့်မှ အောင့်သက်သက်ဖြင့် အင်တင်တင် လုပ်နေသော နှစ်ကောင်ကို ပင့်ရသည်။

ခေါက်ဆွဲကြော်များ စားပြီးသွားသောအခါ စိုးမင်းနှင့် သိန်းလတ်က တစ်ရှူးဖြင့် ပါးစပ်ကို ဖိမ်ဆွဲပြီး အကျအန သုတ်နေသည်။ 'ရှူချင်ယောင် ဆောင်နေကြပြန်ပြီ' ဟုတွေးသည်။ ခါတိုင်းလိုဆို ဒီကောင်တွေကို ဒီအတိုင်း ထားခဲ့မှ အမှန်ပင်။ ယနေ့တော့ စိတ်ရှည်မှ ဖြစ်မည်။

'အဟမ်း'

သိန်းလတ်က လည်ချောင်းရှင်းကာ သွားကြားထိုးတံယူကာ သွား ကြားထိုးနေသည်။ စိုးမင်းလည်း ထိုနည်းတူ။ ကျွန်တော်အနည်းငယ် ဂနာမငြိမ် ဖြစ်နေတာကိုကြည့်ပြီး ရေနွေးသောက်နေသော သိန်းလတ်'ဖွီး' ခနဲ ရေနွေးသီး သည်။ စိုးမင်းက ယင်းကို သဘောတကျဖြင့် ထရယ်သည်။ ကျွန်တော် မရယ် ရဲ။ လိုက်ရယ်လျှင် ဒီကောင်တွေ ပြဿနာရှာမှာပဲ ဖြစ်သည်။

'ကဲ ပြောလိုက်ပါတော့ကွာ၊ သိန်းလတ်ရ ပြောပြလိုက်ပါတော့'

စိုးမင်းက အမြင်ကတ်စရာ ကောင်းလောက်အောင်ကို ဟန်အပြည့် ဖြင့်ဆိုသည်။ သိန်းလတ်က တစ်ချက်ရယ်သည်။

'ဟီး ဟီး စိုးမင်း ငါအမှန်အတိုင်း ပြောလိုက်ရမလား'

'ပြောလိုက်ပါကွာ'

www.foreverspace.com.mm

'ပြောပြီနော် စိုးမင်း'

'အေး ပြော'

'ငါမသိဘူး လင်းနောင်ရ'

'ဘာ'

ကျွန်တော့် ရင်မှာ ဟာခနဲ။

'ဟာမင်းတို့ပဲ နှင်းတို့ ဘယ်နေ့လာမယ်ဆိုတာ ပြောမလို့ဆို'

'အေးလေ မသိဘူးလို့ ပြောမလို့ပဲ မင်းကစွတ်ကြီးပြုစုနေတော့ ငါတို့လည်း အားနာပါးနာ စားပေးနေတာ၊ အခုပြောတယ်လေ မသိဘူးလို့'

သိန်းလတ်က ပြောင်ချော်ချော်ဖြင့် ပြောပြင်းသည်။ နားရင်းအုပ်ပစ်ချင်စရာ ကောင်းသည်။

'ဟဲ ဟဲ ဒီကောင့်ကို ဒီလောက် ပညာပြရင် လုံလောက်ပါပြီကွ ပြောပြလိုက်ပါ သိန်းလတ်ရာ၊ မင်းကောင်ဖြစ်နေပုံကို ကြည့်ဦး၊ ဒူးခေါင်း အိုးမဲသုတ်ထားတာ ကျနေတာပဲ မည်းသည်းပြီး နွံ့တွလို့'

ကျွန်တော့်ကို စိုးမင်းက 'မိုးကောင်းတုန်း' ရွာလေသည်။

'ဟဲ စိုးမင်း ငါပြောလိုက်မယ်နော်'

ကျွန်တော် အင်္ကျီလက်ကို ခေါက်၍တင်သည်။

'ပြောသိန်းလတ် မင်းစောစောကလို မသိဘူး ဆိုရင် နာပြီသာမှတ်၊ ကဲပြော'

ကျွန်တော်၏ မထွက်တတ် ထွက်တတ် ဒေါသကို သိန်းလတ် ရေနွေးသောက်ရင်း ရယ်သဖြင့် 'ဖွီး' ခနဲ သောက်ပြီးသမျှ ပြန်၍ ထွက်သည်။

'ဟဲ စိုးမင်းရေ မနက်ဖြန်လာမယ်ဆိုတာ ပြောလိုက်ရမလား'

သိန်းလတ်စကားကြောင့် ကျွန်တော် ဝမ်းသာသွားသည်။

'မနက်ဖြန် ဟုတ်လား'

ကျွန်တော် ဝမ်းသားအားရ မေးသည်။

'အင်း အဲဒီလိုတော့ ကြားသားပဲ'

'ဟာကွာ မင်းသတင်းက မသေချာလိုက်တာကွာ'

မျက်နှာပျက်သွားသော ကျွန်တော်ကို ကြည့်ကာ စိုးဝင်းက 'ဖွီး' ခနဲရေနွေးသီးပြန်သည်။ သိန်းလတ်က လက်ညှိုးထိုးပြီးရယ်ပြန်သည်။ 'အေးပါ မင်းတို့လုပ်ထား' ပြောရင်း ကျွန်တော်ပါရှက်ရှက်ဖြင့် ရောရယ်မိသည်။

'စတာပါကွာ၊ အတည်ပြောတာ မနက်ဖြန် ရောက်မှာ'

'သိပ်တော့ မသေချာသေးဘူး မဟုတ်လား သိန်းလတ်'

စိုးမင်းက အေးမှုရယ်ရင်းပြောသည်။ ကျွန်တော်က အင်္ကျီလက်ကို ပင့်ရင်း သိန်းလတ်ကို ကြည့်သည်။

'ဟဲ ဟဲ . . . ကဲပါကွာ အတည် အတည် . . မနက်ဖြန်ရောက်မှာ မရောက်ရင်'

သိန်းလတ်က လည်ပင်းကို လက်ညှိုးဖြင့် ဖြတ်ဟန်ပြသည်။ ထိုအခါမှ ကျွန်တော် ရဲရဲပျော်နိုင်တော့သည်။

'အခုမှပဲ လူနဲ့ တူတော့တယ်၊ မင်း ငါတို့ရှေ့မှ ကျတော့ အရမ်းကြွနေပြီးတော့၊ နှင်းရှေ့ကျတော့ ဘာမှဟုတ်တာလည်း မဟုတ်ဘူး'

'ဟုတ်တယ် လင်းနောင် . . . အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး၊ မရရအောင်သာလိုက်'

သူတို့ နှစ်ယောက်၏ အားပေးမှုကို ကျွန်တော် ဘာမှပြန်မပြောဖြစ်၊ ကိုယ်ဝမ်းနာ ကိုယ်သာသိသည်။ နှင်းသည် ခပ်လွယ်လွယ် မိန်းမတစ်ယောက် မဟုတ်။ သက်ပြင်းရှည်ကြီးချမိသည်။ မဆီမဆိုင် နှင်းကို လွမ်းဆွတ် သတိရမိသည်ကပင် လွန်နေပြီလားဟု ရင်နာစွာ တွေးမိသည်။

'ရဲမှ မင်းဖြစ်တာကွ လင်းနောင်ရ၊ သေချာတာကတော့ မင်း သိပ်တွေဝေလွန်းတယ်၊ ကိုယ်ချစ်နေမှတော့ ကြိုးစားရမှာပဲ၊ ရှိုင်းရှိုင်းပြောရရင် ဒါသူများ ပေးကြာခိုတာမှ မဟုတ်တာ'

စိုးမင်း၏ အားမလို အားမရ ပြောသောစကားလုံးက ကြမ်း၍လာသည်။

'စိတ်ကူးယဉ်တာကို လျှော့ပြီး လက်တွေ့ကို အကောင်အထည်ဖော်စမ်းပါ၊ မင်းအဲဒီလို မျိုသိပ်ထားတာက မင်းဘာသာ မင်းမွန်းကျပ်နေရုံက လွဲပြီး ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး'

'တကယ်တော့ ငါနှင်းကို ဖွင့်ပြောပြီးသွားပြီကွ'

ကျွန်တော့် စကားကြောင့် နှစ်ကောင်သား ပါးစပ်အဟောင်းသား။

'စာမေးပွဲ နောက်ဆုံးနေ့က နှင်းနဲ့ ငါနှစ်ယောက်ထဲ ကျောင်းဘက်လမ်းလျှောက်သွားကြတာ မှတ်မိသေးလား'

ခေါင်းညိတ်ကြသည်။

'အဲဒီတုန်းက ငါနှင်းကို ဖွင့်ပြောတယ်။ နှင်းက ငါ့ကို ချစ်ချင်းပဲ သူမှာ စေ့စပ်ထားတဲ့ သူရှိတဲ့ အကြောင်း၊ အဲဒါကို သူဘက်က ဘယ်လိုမှ ဖောက်ဖျက်မှာ မဟုတ်ဘူးဆိုတာကိုပါ ငါ့ကို ပြောသွားတယ် ငါ့ကို အခင်ဆုံး ယောက်ျား လေးသူငယ်ချင်းပါတဲ့။ ငါတို့နှစ်ယောက် အဆောင်ပြန်ခဲ့ကြတယ်။ ငါလည်း နောက်တစ်နေ့ ပြန်တဲ့ အထိ မင်းတို့ကိုမပြောဖြစ်ခဲ့ဘူး'

ဖြည်းဖြည်း မှန်မှန် ပြောသော ကျွန်တော့်စကားကို နှစ်ကောင်သား သက်ပြင်းကိုယ်စီချသည်။

'ငါကတော့ လွယ်လွယ်နဲ့တော့ လက်မလျှော့စေချင်တာ အမှန်ဘဲ'

'ဟုတ်တယ်ကွ 'ယိုင်ပါများတော့နဲ့' ဆိုသလို မင်းအကြိမ်ပေါင်း များစွာ ကြိုးစားကြည့်ပေါ့ကွာ၊ တစ်ကြိမ်တည်းနဲ့တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဖွင့်ပြောပစ်လိုက်စမ်းပါ၊ စိတ်ဆိုးသွားချင်သွားပါစေ၊ မျိုသိပ် အောင့်အည်းနေရတာနဲ့ စာရင် စိတ်ဆိုးခံလိုက်ရတာကမှ သက်သာဦးမယ်'

နှစ်ယောက်သားပြောကြပြန်သည်။ သူတို့ ပြောကြတာမမှား တအုံ နွေးနွေး ဖြစ်နေရခြင်းက ခံရခက်လွန်းသည်။

မနက်ဖြန်။

မနက်ဖြန်ဆို နှင်းတို့လာကြတော့မည်။

ရင်မောရပါသည်နှင်း။

☆ ☆ ☆

ဘာ ကြောင့်မှန်းမသိ မနေ့ညက တော်တော်နှင့် အိပ်၍မပျော်။ မနက် အစောကြီးနိုးနေသည်။

ဒီနေ့။

ဒီနေ့ နှင်းတို့လာကြမည်။ မည်သို့ရှေ့ဆက်ရမည် မသိသော နှင်းနှင့် ဆက်ဆံရေးကို တွေးကာရင်မော နေရသည်။

မျက်နှာသစ်၊ သွားတိုက်၍၊ ရေမိုးချိုးကာ ဘုရားရှိခိုး ပြီးသည်အထိ စိုးမင်းရော သိန်းလတ်ပါ မနိုးကြသေး။

'ဟေ့ကောင်တွေထကြတော့ စိုးမင်း သိန်းလတ်. . ဟာ ဒီကောင်တွေ တော်တော်အနိုးရခက်တာပဲ'

စိုးမင်းက 'အင်း' သံပေးပြီး တစ်ဖက်ကို လှည့်သည်။ သိန်းလတ်က လည်း ထို့နည်းတူ နာရီကြည့်တော့ ခုနစ်နာရီ လေးဆယ့်ငါး။

ခေါင်းရင်းမှ နှိုးစက်ကို ယူကာ Alarm ပေးပြီး နှစ်ယောက်ကြားကို ချပေးကာ အပြင်ထွက်ထိုင်နေသည်။ ဒီနှစ်ကောင်မထချင်လည်း ထရ လိမ့်မည်။

'တီတီတီ တီတီတီ တီတီတီ တီတီတီ'

Alarm မှာ တဖြည်းဖြည်း အသံကျယ်သော Type ဖြစ်ရာ နှစ်ကောင် သား အိပ်ချင်မူးတူးဖြင့်ထကာ ကြားမှာရှိသော Alarm ကိုကြည့်ကာ ဝိတ်လျက်

တစ်ယောက်နှင့် တစ်ယောက် ရေရွတ်ကြသည်။

'မင်းကွာ ဘယ်မှသွားစရာမရှိဘဲနဲ့ ပေးထားတယ်၊ အတန်းလည်း တက်စရာမရှိဘဲနဲ့ စိုးမင်းရာ'

'ဘာကွ သိန်းလတ်၊ ရှုးချင်ယောင်ဆောင်မနေနဲ့ မင်း ကေသီတို့လာ မှာမို့လို့ စောစောထချင်လို့ ဒီ Alarm ကို ပေးထားတာ၊ ဟုတ်တယ်မဟုတ်လား'

'မဟုတ်ဘူး'

'မဟုတ်ဘူး ဟုတ်လား သေချာရဲ့လား'

'အေး မဟုတ်ဘူး'

'ဟုတ်ပြီ မင်းလည်း မဟုတ်၊ ငါလည်း မဟုတ်ရင် ဟို 'တေ'ပဲ ဖြစ်မယ်'

'ဟဲဟဲဟဲ မှန်ပါ့ဗျား၊ မင်းတို့ရဲ့ ဆရာ ငါ မကြာမီ အချိန်လေးကမှ လျှပ်တစ်ပြက် ပေးထားတာပါ'

တစ်ယောက်တစ်ပေါက် ငြင်းနေသော နှစ်ကောင်သားကို စပ်ပြုံးဖြင့် ဝင်ပြောလိုက်သော ကျွန်တော့်ကို ဝိုင်းနှိပ်ကွပ်ကြပါလေတော့သည်။

'စောစောစီးစီးကွာ မင်း'

'ဟာ စောမစော နာရီကို ကြည့်ပါဦးကွ ခုနစ်နာရီ ခွဲနေပြီ'

စိုးမင်း၏ စကားကို ကျွန်တော်တို့ပြန်၍ပင် မပြီးသေး သိန်းလတ်က နှိပ်ကွပ်သည်။

'ခုနစ်နာရီခွဲတော့ ဘာဖြစ်လဲ၊ ခွဲလည်း ဒါစောစောစီးစီးပဲ ရှိသေးတယ်။ ဘာမှန်းကို မသိဘူး'

'ပွစိပွစိ ရွတ်မနေနဲ့ ငါက မနက်စာ ဒကာခံမလို့ နှိုးတာ မင်းတို့က မှ လက်မခံရင်တော့ ကျွေးချင်ပေမယ့် ဘယ်တတ်နိုင်မလဲကွာ'

'ဩော် ဒီလိုလား'

'ဟဲ ဟဲ ဟဲ'

ထိုအခါမှ နှစ်ကောင်သား အိပ်ရာမှ လူးလဲထကာ မျက်နှာသစ်ကြသည်။ နှင်းတို့ စီးလာသော ကားက ၉နာရီဝင်မည်မို့ အချိန်ရသည်။ လက်ဖက်ရည်ဆိုင် အေးအေးဆေးဆေး ထိုင်မည်။ နီးနီးနားနား 'ပန်းသီလာ'၌ထိုင်မည်။ အပေါ်ဝိုင်းကျသော နေရာမို့ နှင်းတို့လာလျှင် အလွယ်တကူ တွေ့နိုင်သည်၊

အဆောင်အပြင်ခုံတန်းမှာ ထိုင်နေသော ကျွန်တော့်ဆီ နှစ်ကောင်

သား ဖျာယီးဖျာယာဖြင့် ထွက်လာကြသည်။

'ကဲ ရည်းစားရှိမယ့်ကောင် ဘယ်ဆိုင်သွားမလဲ'

'ရည်းစားရှိမယ့်ကောင်'ဟု ဆိုလိုက်သော စိုးမင်း၏ စကားကြောင့် ကျွန်တော့် ပြုံးမိသည်။ ဒကာဆိုတော့ လိုက်လိုက်လျောလျော ဆက်ဆံသည့် သဘော။ မဲ့ပြုံး(သို့) မချိပြုံးပဲ ဖြစ်မည် ထင်သည်။

'ပန်းသီလာ'

ကျွန်တော်ပြန်ပြောပြီး ရှေ့မှ ဦးဆောင်ကာ ထွက်လာခဲ့သည်၊ ညက ကောင်းကောင်း မအိပ်ရသဖြင့် လူကမူးရိပ် . . . မူးရိပ်ဖြင့်၊

'နို့ကြက်ဥ တစ်ခွက် ပေါင်မုန့်ထောပတ်သုတ် တစ်ပွဲ'

ကျွန်တော့် အမှာကြောင့် စိုးမင်းနှင့် သိန်းလတ် တစ်ယောက်ကို တစ်ယောက် ကြည့်ကြသည်။ မျက်နှာတွေက ပြုံးစိစိ။ ဒကာ စေတနာပျက်မည်စိုး၍သာ အောင့်နေသော်လည်း နှိပ်ကွပ်ချင်နေကြသည်မှာအထင်းသား၊

'မှာလေ မင်းတို့နှစ်ကောင် ပြုံးစိစိနဲ့ ဟိုမှာ စောင့်နေရတာအားနာဖို့ကောင်းတယ်'

'တို့ဟူးနွေး'

ကျွန်တော် ဆော်ဩလိုက်တော့မှ နှစ်ကောင်သား 'တို့ဟူးနွေး'ဟု တစ်ပြိုင်တည်း မှာကြသည်။

'တို့ဟူးနွေး ကုန်ပြီ အစ်ကို'

စားပွဲထိုး၏ အပြောကြောင့် နှစ်ကောင်သား ခေါင်းကုတ်ကြသည်။

'ဒါဆို ယမ်းယမ်းချဉ်စပ်ပဲ လုပ်ကွာ ကြက်ဥထည့်မယ်'

'အေးကွာ အစ်ကိုကိုလည်း သူ့အတိုင်းပဲ လုပ်ပေး'

သူတို့နှစ်ကောင် အမှာကြောင့် ကျွန်တော်ပြုံးမိသည်။ ဘာရယ်မဟုတ်'ကြက်ဥ' ဆိုသည်နှင့် ကျွန်တော်တို့ ရယ်ချင်ကြသည်။ ကျွန်တော် ပြုံးတာကို စိုးမင်းကမြင်သည်။

'မင်းဘာပြုံးတာလဲ လင်းနောင်'

'မဟုတ်ပါဘူးကွာ ဟဲ ဟဲ'

'မင်းငါတို့ကို ပြောချင်ရင် ကိုယ့်ကိုယ်ကို ပြန်ကြည့်ပေါ့ကွာ'

ကျွန်တော်တို့ ပြောသောစကားကို ကိုယ့်ဘာသာကိုယ် သဘောတကျဖြင့် တဟဲဟဲ လုပ်နေခြင်းအား ဘေးဝိုင်းမှ ကောင်မလေးက သူ့ကို ရယ်နေ

သည်ထင်ကာ သူမကိုယ်သူမ နောက်ပြန်ကြည့်သည်။ ဒါကို သိန်းလတ်က မြင်ပြီး ရေနွေးသောက်ကာ ရယ်ရင်း 'ဖွီး' ခနဲရေသီးသည်။ သိန်းလတ်အား ကျွန်တော်နှင့် စိုးမင်းက ရယ်ကြသည်။

ခုနကကောင်မလေးက နောက်တစ်ကြိမ် သူမကိုယ် သူမပြန်ကြည့် ပြန်သည်၊ ဘေးမှအဖော်ကိုလည်း သူမအား ကြည့်ခိုင်းလိုက်သေးသည်။ ကျွန်တော်တို့ ဝိုင်းကိုလည်း မျက်စောင်းထိုးသည်။ မဆီမဆိုင် မျက်စောင်းထိုးသော သူမတို့အား ရယ်ခြင်းကို အတောသတ်နိုင်ရန် ကျွန်တော်က နို့ကြက်ဥ တစ်ငုံ ငုံသည်။ ရယ်ချင် စိတ်ကဆောင့် တက်လာသည်မို့ 'ဖွီး'ခနဲ ငုံထားသမျှ ထွေးမိကာ ပြန်ထွက်ကုန်သည်၊ ကောင်မလေးများဝိုင်းက ပိုက်ဆံရှင်းပြီး ထလစ်သွားကြ သည်။ မျက်စောင်းအထပ်ထပ် ထိုးကာ ထိုးကာဖြင့် နှုတ်မှ ပွစိ ပွစိ ရွတ် ကာဖြင့်။

သူမတို့ သွားမှ ကျွန်တော်တို့လည်း လွတ်လွတ်လပ်လပ် ရယ်မော နိုင်ကြတော့သည်၊

'ဟား ဟား ဟား ဒိုးမလုံ့ အံ့ပွင့်ဆိုတာ အဲဒါပဲ ဟတ် ဟတ်'

အရယ်သန်သော သိန်းလတ်က ပြောရင်း ရယ်ပြန်သည်။ ကျွန်တော် တို့လည်း သိန်းလတ်နောက်ကို လိုက်ရယ်ကြသည်။

ကောင်မလေးများက ထိုရယ်သံကြောင့် ဘုကြည့် လှည့်ကြည့်ကာ ဆောင့်ဆောင့် အောင့်အောင့်ဖြင့် ထွက်သွားကြသည်၊

'ဟာ ဒီနေ့စောစော စီးစီးအသားကုန်ရယ်နေရတယ်၊ အူတောင် လိမ်ကုန်ပြီလား မသိဘူး'

စိုးမင်းက အူနှိပ်ရင်းပြောသည်။ ထိုအချိန် လမ်းပေါ်မှ Taxi တစ်စီး ကို ကြည့်မိသည်၊ ကားပေါ်မှာ နှင်းနှင့်ကေသီ။

သူမတို့က ကျွန်တော်တို့ကို တွေ့သည်။ လိုက်ခဲ့ဟူသော ပုံစံဖြင့် လက်ကို လှုပ်ပြသည်။

ကျွန်တော်နှင့်သိန်းလတ်က 'သွားရအောင်' ဟုပြောပြီး ထလိုက် သွားရန်ပြင်သည်။

'ဟေ့ကောင် ကျေးဇူးရှင် ပိုင်ဆံရှင်းသွားဦးလေ'

စိုးမင်း၏ အပြောကြောင့် ထသွားရန် စိုးမင်းလက်ကို ဆွဲရင်း ကျွန်တော် ရှက်သွားမိသည်။

'ရော့ မင်းရှင်းပြီး လိုက်ခဲ့ ငါနဲ့ သိန်းလတ် လိုက်သွားလိုက်ဦးမယ်'

ကျွန်တော် ပစ်ပေးသော ပိုက်ဆံအိတ်ကို ဖမ်းရင်း 'ထဘီအိတ်သွား ထမ်းမလို့လား၊ အဲဒီလောက် ဖျာယာခတ်နေတာ' ဟုစိုးမင်း အော်ရင်း ကျန်ခဲ့ သည်။ ကျွန်တော်နှင့် သိန်းလတ်က ပြန်လှည့်မကြည့်ဘဲ နှင်းတို့ ဆီသို့ အပြေး တစ်ပိုင်း

'လာ လာ လက်ဆောင်ပါတယ်'

နှင်းက ကားပေါ်မှ အိတ်များကို ချရင်း ကလေးတစ်ယောက်လို ပြော သည်။

'လောလောဆယ် မုန့်ဟင်းခါးအရင်စား၊ ဒီဆွဲခြင်းတွေ ကူပို့ပေးပါဦး'

ကေသီက သိန်းလတ်ကို ဆွဲခြင်းနှစ်လုံးထိုးပေးသည်။

'သိန်းလတ် မင်း ထဘီအိတ် ဆွဲပေးမလို့ဆို'

ကျွန်တော့် အပြောကြောင့် သိန်းလတ်က 'မင်းဆွဲပါလား' ဟုပြန်ပြော သည်။ နှင်းက ကားခရှင်းနေသည်၊

ရှေ့သို့ချထားသော ရှည်လျားနေသေးသည့် ဆံနွယ်ရှည်တို့ ပုံစံမ ပြောင်းသေးသည်မို့ ဟိုတစ်ခါ ဆံပင်ညှပ်တာ မဟုတ်ဟု တွေးမိသည်၊

အဆောင်ထဲရောက်တော့ ဆွဲခြင်းတွေကို ဧည့်ခန်းမှာချသည်။ အဆောင်မှူးအပျိုကြီးက ဝမ်းသာအားရဖြင့် 'သမီးတို့ လာကြပြီလား' ဟု နှုတ် ဆက်သည်၊

'လာကြပြီ မမ'

သိန်းလတ်က ဝင်ပြောသည်။ ပြောင်ချော်ချော်ဖြစ်နေသည်မို့ ကေသီ က တံတောင်ဖြင့် တွက်သည်။

'အခန်းထဲထိ လိုက်ပို့ပေးမယ်လေ'

ကျွန်တော် ခပ်တိုးတိုး ကပ်ပြောသောစကားကြောင့် နှင်းက ဆွဲဆိတ် သည်။ အဆိတ် မခံရတာကြာပြီမို့ ကျွန်တော်ကြည်နူးနေတုန်း ကျွန်တော် ခပ်တိုးတိုးလေးပြောသော စကားကို အဆောင်မှူး အပျိုကြီးက ကြားဖြစ် အောင်ကြားသည်။

'အမလေး အခန်းထဲထိတော့ မပို့လိုက်ပါနဲ့ ကျေးဇူးရှင် . . . မမရဲ့ အဆောင် နာမည်ကြီးအောင်တော့ မလုပ်လိုက်ပါနဲ့'

အသက်လေးဆယ်နားကပ်နေသည့်ကြားက 'မမ' နေတုန်းမို့

www.foreverspace.com.mm

ကျွန်တော် ရယ်ချင်စိတ်ကို အောင့်ထားရသည်။

'ဒါက မမအတွက်နှင်းတို့ရဲ့ လက်ဆောင်'

'အားနာစရာကွယ်'

နှင်းပေးသော အထုပ်ကို ခပ်သွက်သွက်လှမ်းယူရင်း ခပ်ချွဲချွဲဆိုသော အဆောင်မှူးမမက 'ဟင်းအိုးတည်ထားလို့သွားလိုက်ဦးမယ်' ဟုတစ်ဆက်တည်း ဆိုသလို ပြောရင်း မီးဖိုခန်းဘက်ကို ခပ်သွက်သွက်ဝင်သွားသည်။ ကျွန်တော်အားလှည့်ကြည့်ကာ 'ဟဲ့ အခန်းထဲထိ လိုက်မပို့နဲ့နော်' ဟုစသွားသေးသည်။

'ရော့'

နှင်းက ကျွန်တော့် လက်ထဲကို အထုပ်တစ်ထုပ် ထည့်ပေးသည်။ ပုလင်းချင်းပွတ်တိုက်သံကြောင့် ကျွန်တော်နှင့်သိန်းလတ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

'အဲဒါ နှင်းနဲ့ ကေသီတို့ရဲ့ လက်ဆောင် မက်မန်းဝိုင်'

မျက်လုံးကြီး ပြူးကာ သိန်းလတ်နှင့် ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ပြန်သည်။

'ဘာလဲ ဒီမက်မန်းဝိုင်က အရက်မပါလို့ မမူးဘူး၊ ထမင်းမစားခင် သောက် အစာကြေတယ်၊ ကေသီတို့တောင် သောက်ဖို့ပါသေးတယ်'

ကေသီက ဆွဲခြင်းကို ညွှန်ရင်းရှင်းပြသည်။

'ဟုတ်လား ရောသောက်လို့ ကောင်းမှာပဲနော်'

'ဘာ'

သိန်းလတ်၏ စကားကြောင့် ကေသီက 'ဘာ' ဟုဆိုရင်း ခါးကို ထောက်သည်။

'ဟိုလေ ရေတို့ ဘာတို့နဲ့ ရောသောက်ရင်ကောင်းမလားလို့၊ ဟဲ ဟဲ အမြန်ကုန်သွားမှာစိုးလို့'

သိန်းလတ်က ကမန်းကတန်း ဖြေရှင်းချက်ထုတ်သည်။ ကေသီက 'နောကျေနေပြီ' ဆိုသောပုံစံဖြင့် ကြည့်သည်။ နှင်းက သူတို့ကို ကြည့်ရင်းရယ်သည်။ နှင်းရယ်တာကို ကြည့်ပြီး ကျွန်တော်ရယ်သည်။ ခရီးပန်းလာသော နှင်းတို့ အနားယူစေရန် 'ပြန်တော့မယ်နော်' ဟုပြောကာ နှုတ်ဆက်ရင်း ပြန်ခဲ့ကြသည်။

အဆောင်အပြန် လမ်းအကူးတွင် ပြန်မြင်ယောင်သော နှင်း၏ ခရီးပန်း၍ ဖျော့တော့တော့ဟန်က အာရုံဝယ်စွဲထင်သည်။

☆ ☆ ☆

၁၁

ဆောင်ဝကို လှမ်းအဝင် အပေါက်ဝမှာ စိုးမင်းက သုန်မှုန်နေသော မျက်နှာဖြင့် ဆီးလို့ကြိုသည်။

'လင်းနောင် ဒါမင်းသက်သက်လုပ်ကြတာပေါ့လေ'

စိုးမင်းလက်ထဲမှ (မြောက်ပြနေသော) ပိုက်ဆံအိတ်ကို ကြည့်ပြီး ကျွန်တော့် အတွေးဝယ် လက်ခနဲ။

'ဟာ ဟုတ်သားပဲ ငါ့ပိုက်ဆံအိတ် အသစ်ဝယ်ထားတာ၊ အဲဒါအသစ်ထဲ ပိုက်ဆံပြောင်းထည့်ထားတာ မေ့ပြီး အဟောင်းကြီးယူသွားမိတာကွ sorry ဟီး ဟီး'

'ဟာဒါဆို မင်းဘယ်လို ပိုက်ဆံရှင်းခဲ့လဲ မင်းလည်း ပိုက်ဆံအိတ်ယူ မယူသွားဘူးလေ'

ကျွန်တော့် စကားအဆုံး ဝင်ပြောသော သိန်းလတ်စကားကြောင့် စိုးမင်းက နှစ်ကောင်စလုံးကို ဘုကြည့်ကြည့်သည်။

'ဘယ်လိုရှင်းရမှာလဲ၊ ပိုက်ဆံအိတ်အခွံကြီး ကိုင်ပြီးတော့ ငုတ်တုတ် မေ့နေတာပေါ့'

ကျွန်တော်နှင့် သိန်းလတ် စိုးမင်း အဖြေကြောင့် ရယ်ကြသည်။

'ဟီး ဟီး မင်းပုံစံကို ဆိုင်ထဲက လူတွေသိပြီးသနားလို့ ဝိုင်းရှင်းပေး လိုက်ကြတာလား'

သိန်းလတ်အမေးကြောင့် သကောင့်သား ဘုကြည့်ကြည့်သည်။

'ငါလည်း ဝင်လာသမျှ လူတွေလိုက်ကြည့်နေရတာပေါ့၊ ကံကောင်း ချင်တော့ ငါတို့ မေဂျာက အာဖြမတို့ အုပ်စုနဲ့ တွေ့လို့ အကျိုးအကြောင်းရှင်းပြ ပြီး ပိုက်ဆံချေးပြီး ရှင်းလိုက်ရတယ်၊ ငါမှာ သူတို့ကို မတွေ့သေးခင်အထိ ထိုင်ရမလို ထရမလို၊ ခေါင်းတွေကို ထူပူနေတာပဲ'

စိုးမင်းစကားအဆုံး ကျွန်တော်နှင့် သိန်းလတ် သူ့ကိုကြည့်ပြီး ရယ်ချင် စိတ်မထိန်းနိုင်သည်မို့ ဝါးလုံးကွဲ ရယ်လိုက်ကြသည်။

'အာဖြမကတော့ ကျောင်းရောက်ရင် အသံပြကြီးနဲ့ အကြွေးလိုက် တောင်းတော့မယ်၊ မင်း လူအသိမ်းခံလိုက်သလား ဟား ဟား'

သိန်းလတ်၏ ရယ်ရင်းပြောသောစကားကြောင့် သကောင့်သား စိုးမင်းက 'တော်စမ်းပါ' ဟုစိတ်တို လက်တို့ရွတ်သည်။ အာဖြမက အာတကယ် ပြတာ ရုပ်သိပ်မလှတာမို့ သူမနှင့် အစခံရတာ ပိုဆိုးသည်။ စိုးမင်း အစမခံ ချင်တာ သူ့အဆိုးတော့ မဟုတ်။

'ကဲ ကဲ အဲဒါအသာထား ဗိုက်မြည်းကြည့်ရအောင်'

'ဗိုက်'ဆိုသောအသံကြောင့် ဆက်လက်ငြင်းခုန်ရန် တာစူနေသော နှစ်ကောင်သား ပေါက်ခနဲ ထလျက် ကျွန်တော့် နောက်လိုက်လာကြသည်။

ထိုနေ့က အင်မတန် အရသာရှိသော ဗိုက်အတွက် ကျေးဇူးတင် ပါသည် နှင်း။

☆ ☆ ☆

တနလ်ာနေ့မှ ကျောင်းတက်ရမည်ဖြစ်သည်။ ကြားထဲမှာ စနေ/တနင်္ဂနွေ ကျောင်းပိတ်ရက်။

နှင်းက'ဈေးဝယ်သွားမလို့လိုက်ခဲ့၊ ဟူသောစကားကြောင့် အူမြူးနေသော ကျွန်တော့်ကို နှစ်ကောင်သား လက်ချာ ပိုင်းရိုက်ကြ၏။

'ဟကောင်ရ ဒါမင်းကို အခွင့်အရေးပေးလိုက်တာပဲ ကေသီကော နင်ယပ်ပါမပါဘူးဆိုတော့ ဒါအသိသာကြီး၊ ဘေးကနေ ရေငုံနှုတ်ပိတ်နဲ့ ငုတ်တုတ် မေ့မနေနဲ့ဦး'

'ဟုတ်တယ် မင်းအစွမ်းကုန် ဂရုစိုက်ပြလိုက်ကွာ၊ အားနာပြီး ခါးပါလာလည်း နည်းလား'

'ဟကောင်တွေ မင်းတို့ ပြောရင်းနဲ့ ဖောက်လာပြန်ပြီ မင်းတို့ဆရာပါကွ ငါမီးစဉ်ကြည့်ကပ့်ါမယ်'

'မင်းတို့ ဆရာပါကွ' ဆိုသော စကားကြောင့် နှစ်ကောင်သား နှာခေါင်းရှုံ့သည်။ ကျွန်တော့်ကို မကြည်ကြည့်ကြည့်သည်။ ပြန်၍လည်း နှိပ်ကွပ်သည်။

'အေး ဟေ့ ဆရာထက် တပည့်လက်စွမ်းထက်' ဖြစ်နေလို့ တပည့်တွေ ရည်းစားကိုယ်စီနဲ့ ဆရာ့ခမျာက မူးလို့တောင် ရှူစရာမရှိတဲ့ ဘဝ'

ကျွန်တော်တွန့်ခနဲ ဖြစ်သည်၊ အရှိုက်ထိတာကိုး။ ဒါပေမယ့်

ကျွန်တော် ဒီကောင်တွေကို ချက်ချင်းပြန်၍ နှိပ်ကွပ်လိုက်သည်။

'အေးကွာ မင်းတို့ကျတော့ ရှူစရာ ရည်းစားရှိတာကွနော်၊ မူးရင်ရှူလိုက်၊ မောရင်ရှူလိုက်နဲ့ အဆင်ပြေလိုက်တာကွာ ဟီး ဟီး ဟီး'

နှာခေါင်းကို ရှုံ့ကာရှုံ့ကာ ပြောသော ကျွန်တော့် တုံ့ပြန်စကားကြောင့် နှစ်ကောင်သား မျက်နှာကို ရှုံ့ကြသည်။ စိုးမင်းက 'ခွေးကောင်' ဟုပင် ရွတ်ဆဲဆဲလိုက်သေးသည်။

'ဟေ့ကောင် မင်းပြောလေ ကဲလေပါလား'

'အူမြူးနေတာ ဒီကောင်၊ နာချင်လို့ လာစမ်း'

နှစ်ကောင်သား ပိုင်းဖွဲ့ မည်ကြံနေသောကြောင့် ကျွန်တော်အခန်းထဲမှ 'တာ့တာ' လုပ်ပြပြီး ထွက်ပြေးရသည်။ နှစ်ကောင်သား အော်ရင်း ကျန်ခဲ့ကြသည်။ နာရီကြည့်တော့ ၈နာရီခွဲ။ နှင်းက သူမတို့ အဆောင်ရှေ့မှ လက်လှမ်းပြသည်။ 'ခဏလေး' ဟုကျွန်တော် လက်ဝါးကာပြပြီး အဆောင်ဝရန်တာမှ ပြေးအဆင်း အဆောင်ဧည့်ခန်းရှိ မှန်မှာ ကိုယ့်ကို တစ်ပတ်လှည့်ကာ ကြည့်လိုက်ရင်း ပြေးထွက်ခဲ့သည်။ ဘာကြောင့် မှန်းမသိ ကျွန်တော် အလွန် အူမြူးနေသည်။ 'နှင်း ဈေးတစ်ခါတည်း သွားမလား'

'ဟင့် အင်း နှင်းဘာမှမစားရသေးဘူး'

'ဟာ ဟုတ်လား အားနာစရာကြီးကွာ ဒီကောင်က ဗိုက်မနာသေးဘူး'

ဗိုက်ကိုနှိပ်ရင်းပြောသော စကားကြောင့် နှင်းက 'ညစ်ပတ်ဦး' ဟု ပြောရင်းလှမ်းထုသည်။ လက်မောင်းအုံမှ နာကျင်မှု အနည်းငယ်ကို ကျွန်တော် အများကြီးကျေနပ်သည်။ မှတ်တိုင်တိုင်း လူရသော စပယ်ယာတစ်ယောက်၏ ကျေနပ်မှုမျိုးထက်တော့ အများကြီး ပိုသည်။

'နှင်း ဗိုက်တအားဆာနေပြီလား'

'အင်း'

ကျွန်တော့်အမေးကို နှင်းက 'အင်း' ဟု တစ်လုံးတည်း ဖြေသည်၊

ပြီး နှင်းကသတိရသွားကာ လက်ထဲမှဘေးလွယ်အိတ်ဖြင့် ကျွန်တော့်ကိုရိုက်သည်။ ကျွန်တော်က ရှောင်လိုက်သဖြင့် လွတ်သွားသည်၊ သူမက ရိုက်ကွက်မထိမိသဖြင့်၊ တိုက်ကွက်တစ်မျိုးပြောင်းသည်။ တခြားတော့ မဟုတ် ခြေစုံကို ရပ်လိုက်ခြင်း။

'နှင်း ဗိုက်တအားကြီး ဆာနေပြီလား'

ရယ်ဖွဲ့ရင်း ပြောသော ကျွန်တော့် စကားကို နှင်းက ဘာမှမဖြေ။

'ခက်တည်တည်မနေရင် မလိုက်ခဲ့နဲ့'

နှင်းက နှုတ်ခမ်းစူရင်း ပြောသည်။ ကျွန်တော်က ကျောက်ကျော ရေပက် ပြောင်ချော်ချော် မျက်နှာကို ချက်ချင်း တည်ရသည်။ ဒါပေမယ့် ပြောင်ချော်ချော်ပုံက မပျောက်။

'ကဲ ရုပ်တည်နဲ့ လိုက်ခဲ့မယ်၊ ဟုတ်ပြီလား'

ရုပ်တည်ဆိုသော်လည်း စပ်ဖြဲဖြဲ၊ နှင်းက မျက်စောင်းအခါခါထိုးသည်။ နောက်မှ ထက်ကြပ်မကွာ လိုက်ရသည်။ နှင်းက ဆိုင်ထောင့်ရှိခုံလေးမှာ ထိုင်သည်။

မျက်နှာချင်းဆိုင်ထိုင်ကြသည်။ စားပွဲထိုးလာတော့ နှင်းက 'ရှမ်းသုပ် နှစ်ပွဲ ကြက်သားနဲ့' ဟုမှာသည်၊ ကျွန်တော့်ကို မှာခွင့်မပေး၊ သူမ ထင်ရာမှာပြီး ဖွင့်ထားသော သီချင်းကို လိုက်ညည်းနေသည်၊ ကဗျာတွဲမှုး၏ သီချင်း။

'. . . . မောင်ရယ် အချစ်ရယ် . . . . . မောင်ရယ် . . . တကယ်ချစ်ရဲ့လား . . . . မောင်ရယ် အချစ်ရယ် . . . . မောင်ရယ်တကယ်ချစ် ရဲ့လား . . . . . '

ကျွန်တော် စချင်စိတ်ဖြင့် ခေါင်းကို အခါခါညိတ်သည်၊ အစကတော့ နှင်း မရိပ်မိသေး။ နောက်တော့ သဘောပေါက်သွားသည်။ သို့သော် ဘာမှမပြော၊ ရှက်ဖွဲ့ဖွဲ့ဖြင့် မသိသလိုလုပ်နေ၏။ နှင်း၏ အခုပုံစံကို ဆွဲခါပစ်ချင်နေသည်။ နှင်းကတော့ မသိသလို ပုံစံဖြင့် သီချင်းလိုက် ညည်းတုန်း'

'. . . . တစ်စက္ကန့်လောက်မှ . . . . . . ဝေးမနေချင်ဘူးကွယ်'

ကျွန်တော်ခေါင်းတစ်ခါ ညိတ်သည်။ ဒါကို နှင်းသိသည်။

'. . . . နှလုံးသားထဲက . . . . သိပ်ချစ်တယ် . . . . ယုံကြည်ပါကွယ် . . . '

ကျွန်တော်ခေါင်းကို ညိတ်ပြန်သည်။ နှင်းက ရယ်ချင်ပက်ကျိမျက်နှာဖြင့် 'ဘာခေါင်း ညိတ်တာလဲ' ဟုရန်ထောင်သည်။

'ဇက်ညောင်းလို့ နှင်းရ ဟဲ ဟဲ ဟဲ'

'ရုပ်ကိုက မပြောလိုက်ချင်ဘူး'

ကျွန်တော့်အဖြေကို နှင်းကသဘောမကျ ရွတ်သည်။

'ချစ်စရာလေး မဟုတ်လား၊ ဟဲ ဟဲ'

ကျွန်တော်က 'ချစ်စရာလေး မဟုတ်လား' လို့မေးတော့ 'တော်ပါ' ဟု ပြောရင်း တစ်ဖက်လှည့်သည်။

ကျွန်တော်နှင်းကို ကြည့်ရင်း ရင်ဘတ်ထဲမှာသောင်းကျန်းနေသော ချစ်စိတ်တို့၏ ခုန်ပေါက်မှုကို ထိန်းသိမ်းရသည်မှာ မောလှသည်။

စားပွဲထိုးက 'ရှမ်းသုပ်'နှစ်ပွဲယူလာသည်။ နှစ်ယောက်သား ရှမ်းသုပ် စားကြရင်း စကားဆက်မဆိုမိ။ နှင်းကတော့ ဝယ်စရာ ခြွမ်းစရာတို့ကို စဉ်းစားနေဟန်တူသည်။

'ညီလေးရေ ရှင်းမယ်'

ကျွန်တော် ပိုက်ဆံအိတ်ကိုင်ရင်း စားပွဲထိုးကို ခေါ်တော့ နှင်းက ခပ်တည်တည်ကြည့်သည်။

'မရှည်နဲ့ ခေါ်လာတဲ့သူ ရှင်းမယ် ဦးဘောဂ'

ဒီတစ်ခါတော့ နှင်းက 'ဦးဘောဂ' ဟုရှေ့ခေါ်ကာ အတည်ပြောသည်မို့ ခေါင်းကုတ်ရင်း ပိုက်ဆံအိတ်ကို ဘောင်းဘီထဲထည့်ရသည်။

ထို့နောက် ကားဂိတ်ကို ထွက်ခဲ့ကြသည်။ ကား (ဟိုင်းလတ်) ရှေ့ခန်း မှာနှစ်ယောက်သား ထိုင်သည်၊ နှင်းကပင် ကားခရှင်းသည်။ စပယ်ယာက ရယ်ကျဲကျဲဖြင့် (ဆွဲထိုးချင်စရာ ကောင်းလောက်အောင်) ကျွန်တော့်ကို ကြည့်သည်။

'ဈေးဝယ်ရင် ခပ်တည်တည်ပဲနေနော် မပြောင်ရဘူး'

'ဟုတ်ကဲ့ အဖဲ'

'ကြည့်'

နှင်းကပြောနေသည့် ကြားမှ 'အဖဲ' နေသော ကျွန်တော့်ကို ကြည့် ဟု ပြောရင်း ခါးကို ဆွဲဆိတ်သည်။ မဆိတ်မိအဲ နှင်း၏လက်က မထိတထိမို့ ကျွန်တော် ယားပြီးယောင်သည်။

'ကုလားမနှာခေါင်း'

ကားဆရာက ကုလားဆင်မို့ ကျွန်တော့်ကို ရှုတည်တည်ဖြင့် ကြည့် သည်။ နှင်းကတော့ သူမဟုတ်သလို နေနေသည်။

ဩော် ယောင်တတ်ခြင်းသည်လည်း ဒုက္ခ

နှင်းဈေးဝယ်ရာ တစ်လျှောက်လုံး ဝယ်ဝယ်သမျှတို့ကို ကိုင်ပေးရ သည်။ တစ်ချက်တစ်ချက် နှင်းလာလာကိုင်သော ကျွန်တော် လက်မောင်း

အကျီစလေးကို ကျွန်တော် မနာလို ဖြစ်မိသည်။

'သမီးရည်းစားပဲ ဖြစ်မှာပါအေ .... ငယ်ငယ်လေးတွေပဲ ရှိကြသေးတာကို'

ဘေးမှထင်မြင်ယူဆချက်က နှစ်ယောက်စလုံး၏ နားစည်ကို လာရိုက်ခတ်သည်။ နှင်းက မသိသလို ဘာသိဘာသာ နေသော်လည်း ကျွန်တော်ကတော့ ပီတိအဟုန်ဖြင့် ပြုံးဖြီးဖြီးကြီး ဖြစ်လို့နေသည်။ ဒါကိုသိသော နှင်းက မျက်စောင်းထိုးသည်။

တက္ကသိုလ်သီးသန့် (၅) လိုက်စားဂိတ် ရောက်တော့ ကားရှေ့ခန်းကမရ။ Taxi ကလည်း ပြတ်နေသည်မို့ နောက်ခန်းမှာပင် နှစ်ယောက်သားထိုင် ကြသည်။

မရှေးမနှောင်း ဘာမှ ကူမကိုင်။ ဝယ်လာသမျှကို မနိုင်မနင်း ကိုင်ကာ ဗွေ့ထားသော ကျွန်တော့်ကို အနိုင်ကျင့်သည့်သဘော။ ရေခဲမုန့်ကို ကားမထွက်သေးတာမို့ ဝယ်စားလိုက်သေးသည်။ မကြိုက်တာတစ်ကြောင်း၊ လက်မအားတာ တစ်ကြောင်းကြောင့် ကျွန်တော်က မစားဖြစ်။

'ကုလားမနှာခေါင်း'

ကျွန်တော်ယောင်သည်။ ထုံးစံအတိုင်း လက်ရှားယား ခြေကားရား၊ လက်တစ်ဖက်က အိတ်ကိုင်ထားသော်လည်း ပိုက်ဆံကိုင်ထားဆဲဖြစ်နေသော နောက်တစ်ဖက်က ရေခဲမုန့်ကို ပါးစပ်မှာတေ့ကာစားရန် ပြင်နေသော နှင်း၏ လက်ကို တွန်းလိုက်ဖြစ်သွားသည်။ ကျွန်တော် အလန့်တကြား အော်၍ယောင်လိုက်တာတည်းက ရယ်နေကြသောခရီးသည်တို့မှာ နှင်းကို ကြည့်၍ ရယ်ကြပြန်သည်။

ရယ်ပေမည်ပေါ့။ နှင်း၏ နှာခေါင်းတစ်ဝိုက်၊ ပါးစပ်တစ်ဝိုက် ရေခဲမုန့်များကပ်လျက်။ ရေခဲမုန့် လက်ကိုင်နှင့် ရေခဲမုန့်တစ်ချို့က ထဘီစကပ်ပေါ် ကျသည်။ ရေခဲမုန့်ပေါ် မျက်နှာမှောက်ချထားသလို ဖြစ်နေသော နှင်းက ရုတ်တရက်ကြောင်နေသည်။ (အဲဒါကိုက ရယ်ချင်စရာ)

ပြီးနောက် အသားတစ်ဆတ်ဆတ်တုန်ကာ ဒေါသတကြီးဖြင့် ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်က အယောင်ယောင် အမှားမှားဖြင့် နှင်းကို လက်ကိုင်ပဝါ ပေးရမည်ဟူသော အသိဖြင့် လက်ကိုဆန့်ကာ ပေးလိုက်သည်။ နှင်းက

ကျွန်တော့် လက်ကို ပုတ်ချသည်။

'လင်းနောင် နော်'

နှင်းစကားက ရှေ့မဆက်နိုင်။ ဒေါသကြောင့် မျက်နှာမှာ နီရဲနေသည်။ ကျွန်တော့်လက်ထဲကို ပြန်ကြည့်မိတော့ လက်ထဲမှာ ၅၀ တန်ကြီး။ ကျွန်တော့် စိတ်ထဲမှာ လက်ကိုင်ပဝါအမှတ်ဖြင့် ပေးလိုက်ခြင်းဖြစ်သည်။ ဒါကြောင့် နှင်း ပို၍ဒေါသထွက်ခြင်း ဖြစ်သည်။

ကျွန်တော်လက်ကိုင်ပဝါကို အမြန်ထုတ်ကာ မျက်နှာငယ်လေးဖြင့် လှမ်းပေးတော့ နှင်းက ဒေါသဖြင့် ဆောင့်ဆွဲယူသည်။ ဘာမပြော ညာမပြောဖြင့် ကားပေါ်မှ ဆင်းရန်ထရပ်သည်။ နှင်းထအရပ်မှာ ထဘီစကပ်ပေါ်မှာ တင်နေသော ရေခဲမုန့်တို့က ကျွန်တော့် ခြေဖျားပေါ် ကျသည်။

နှင်းက ကျွန်တော့်ကို ဘုကြည့်ကြည့်သည်။

ခြေဖျားပေါ်မှာ အေးခနဲ ရေခဲမုန့်၏ အထိအတွေ့ကြောင့် ကျွန်တော် ခြေထောက်ကို ဆန့်ကာအခါ၊ နှင်းကလည်း လမ်းလျှောက် ခြေထိုးခံသလိုဖြစ်ကာ နှင်း လေးဖက်ထောက်လဲကျသည်။ 'အွတ်'ခနဲ ပင်အော်သွားသေးသည်။

ကိုးရိုးကားရားကြီး ဒိုက်ထိုးနေသလို အကုန်းလိုက်အကွလိုက် ဖြစ်နေသော နှင်း၏ လေးဖက်ထောက် အနေအထားမှာ အူနှိပ်ရယ်နေသော ခရီးသည်များမပြောနှင့် ကျွန်တော်ပင် ဟားပစ်လိုက်ချင်သည်။ ဘေးမှ ခွက်ထိုးခွက်လန် တချို့က အူနှိပ်ရင်း အားရပါးရ ဝိုင်းရယ်နေသူများကြားမှ နှင်းက ကျွန်တော့်ကို ကြည့်သည်။

သတိ လက်ခနဲရသည်နှင့် ကျွန်တော်နှင်း၏ လက်မောင်းကို ကိုင်ကာ ထူပေးသည်။ နှင်းက ပုတ်ချသည်။

'မတော်လို့ပါနှင်းရယ် တမင်လုပ်တာ မဟုတ်ပါဘူး'

'ရှင်ဘာမှ လာရှင်းပြမနေနဲ့ ဖယ်'

'မဟုတ်ဘူးလေ နှင်း'

'ဖယ်လို့ ပြောနေတယ်လေ'

နှင်းကဒေါသဖြင့် လမ်းနှင့်မလွတ်တလွတ်ဖြစ်နေသော ကျွန်တော့်ကို ဖယ်တွန်းတွန်းခဲ့သည်။ ကျွန်တော့် ခမျာ ကားခနဲ။ အိတ်များက ကြွခနဲ။ စောစောက အူနှိပ်ရယ်နေကြသောသူများအားလုံး ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြသည်။ ကြွသွားသော အိတ်တို့ကို တစ်ခုစီလိုက်ကောက်ရင်း နှင်း နောက်

www.foreverspace.com.mm

အပြေးလိုက်ရသည်။ မမီတော့။

ထွက်ခါစ Taxi ပေါ်မှ နှင်းက ဒေါသမျက်စောင်းထိုးသွားသည်။ အိတ်များကို ကိုင်ရင်း တစ်လှမ်းနှစ်လှမ်းလိုက်ပြေးပြီး လမ်းမပေါ် ရပ်ကျန်ခဲ့သည့် ကျွန်တော်။

'သွားပြီ' ဆိုသော အသိဖြင့် ရင်က မွန်းကျပ်မှန်းမသိ မွန်းကျပ်ကာ မောဟိုက်၍လာသည်။ Taxi ဂိတ်မှာလည်း Taxi တစ်စီးမှမရှိတော့။ လမ်းပေါ်မှာ ကားစရာ Taxi လည်းတစ်စီးမှမတွေ့။ လိုင်းကားဘက်ခြေဦးလှည့်ရ ပြန်သည်။

လိုင်းကားပေါ်တက် ထိုင်တော့ ကားပေါ်မှ တချို့က ပြုံးစိစိဖြင့် ကြည့်နေကြသည်။ မအောင့်နိုင်သူတချို့က 'ခွီး'ခနဲရယ်သည်။ ကျွန်တော် ခေါင်းငုံ့ရင်း ရင်ဆိုင်ရမည့် အရေးကို တွေးကာ သက်ပြင်းအခါခါချမိသည်။

'လူမြည့်ပြီဆရာရေ မောင်း'

ကားစပယ်ယာအသံ၊ တဖြည်းဖြည်းရွေ့နေရာမှ မြန်၍လာသော ကား၊ ပူပြင်းစူးရှသော မျက်စောင်းတစ်ခုဖြင့် ပြသနာတစ်ခုကို စိုက်ပျိုးပြီးစီးသွားသော နှင်း။

နှင်းရေ ရင်ထဲမှာတမ်းတမ်းတတ ကြေကွဲစွာ ဟစ်ကြွေးနေမိသည်။

ဂိတ်ဆုံးကို ရောက်တော့ ကားပေါ်မှ လေးကန်စွာ ဆင်းသည်။ နှင်းတို့အဆောင်ကို လျှောက်လာသော ခြေလှမ်းတို့တွင် မီးရထားတွဲပေါင်းများစွာကို ဆွဲကာရုန်းနေရသကဲ့သို့ တုန်ယင်လေးဖင့်လျက်။ ဘယ်လို မျက်နှာဖြင့် သွားရမည် နည်းဟု တွေးရင်း အဆောင်အရှေ့သို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

အဆောင်ထဲ လှမ်းအဝင် အဝင်ဝမှာပင် ရှိနေသော အဆောင်မှူးက ဘယ်လိုဖြစ်တာလဲ ဟူသော အမူအရာဖြင့် မေးဆတ်သည်။

'နှင်း ဧည့်ခန်းထဲမှာရှိတယ်' ဟုလည်း ခပ်တိုးတိုး ပြောသည်။

အဆောင်မှူးကို မည်သို့မှ မတုံ့ပြန်ဘဲ ခေါင်းငိုက်စိုက်ချကာ ဝင်လာသော ကျွန်တော့်ကို မြင်သောအခါ ထိုင်ခုံပေါ်မှ နှင်းက တစ်ဖက်ကို ဆတ်ခနဲ လှည့်သည်။ ဒေါသကြောင့် ရင်မှာ နိမ့်ချည်မြင့်ချည်။

နှင်းကို ကြည့်ရင်း ရှိသမျှ အားအင်တုန်ခန်းသွားသလို ခံစားရသည်။

'နှင်း'

'. . .'

'နှင်း . . . ကိုယ်ရှင်းပြ'

'ရှင့်အသံကို ကျွန်မ မကြားချင်ဘူး၊ ရှင့်မျက်နှာကို ပါမမြင်ချင်ဘူး လက်ထဲက အထုပ်တွေထားခဲ့၊ ရှင်ပြန်တော့၊ နောက် ရှင်နဲ့ကျွန်မကြားမှာ ဘာဆိုဘာမှ မရှိတော့ဘူး ဆိုတာမှတ်ထားပါ'

'မဟုတ်သေးဘူးလေ နှင်း. . .'

'ဘာမဟုတ်ရမှာလဲ ရှင့်ကြောင့် ကျွန်မအရှက်ကွဲခဲ့ပေါင်း များလှပါပြီ ကိုလင်းနောင် ဒီလောက်အရှက်ခွဲရရင်ပဲ ရှင်ကျေနပ်ပါတော့ သွားပါတော့'

ပြောရင်းရှိုက်ငိုနေသော နှင်းကို ဘယ်လိုမှ ရှင်းပြ၍ရတော့မှာ မဟုတ်မှန်း သိလိုက်သည်။ အခုလို သွေးပူချိန်မှာ ဘာပြောပြော၊ ဘယ်လိုရှင်းပြပြရမည် မဟုတ်။ တစ်ဖက်သို့လှည့်ကာ ငိုနေသော နှင်းရှေ့ကို အထုပ်တွေချပေးရင်း ခေါင်းငိုက်စိုက်ဖြင့် အသိစိတ်ကင်းကွာနေသူ တစ်ယောက်လို ထွက်လာခဲ့မိသည်၊

အဆောင်အပေါက်ဝမှာ အဆောင်မှူးမမက မျက်နှာငယ်လေးဖြင့် ကျွန်တော့်ကို ကြည့်သည်၊ နှင်း၏ အော်သံက အတော်ကလေး ကျယ်သည်မို့ တချို့အခန်းမှ ကောင်မလေး တချို့ထွက်ကြည့်သည်၊ ကောင်းကင်ကေ လှေကားပေါ်မှ ကသောကမျော ပြေးဆင်းလာသည်။ မျက်လုံးပေါင်းများစွာကို ကျောခိုင်းပြီး ခေါင်းငိုက်စိုက်ဖြင့် ကျွန်တော် တစ်လှမ်းချင်း ထွက်ခဲ့သည်။

လမ်းသွယ်၏ ဒီဘက်နှင့် ဟိုဘက် အဆောင်လမ်းကူးနေရသည်ကို ပင် ကျွန်တော် စိတ်မရှည်နိုင်။ အခန်းထဲရောက်သည်နှင့် ခုတင်ပေါ် စိတ်ပျက်လက်ပျက်ပစ်လှဲလိုက်သည်။

သိန်းလတ်နှင့် စိုးမင်းက ဘေးမှလာထိုင်လျက် 'ပြန်လာပြီလား' ဟု ဝမ်းသာအားရ မေးသည်။ လက်မကို ထောက်စိုက်ပြတော့ နှစ်ကောင်သား မျက်နှာသေလေးဖြစ်နေသော ကျွန်တော့်ကို ကြည့်ကာ တစ်ယောက်ကို တစ်ယောက် မေးဆတ်သည်၊

ခုတင်ပေါ်တွင် ပက်လက်လှန်ကာ စိတ်အညစ်ကြီးညစ်နေသော ကျွန်တော့်ကို နှစ်ကောင်သား ခုတင်စွန်းမှ ထိုင်ကာ ကြည့်နေကြသည်၊

'ဘယ်လိုဖြစ်တာလဲကွာ'

စိုးမင်း၏ အမေးကို ကျွန်တော်က အဖြစ်အပျက် အကျဉ်းချုံးကာ ပြောပြသည်။ နှစ်ကောင်သား ရယ်ချင်ပတ်ကျိ မျက်နှာကို မျက်နှာပိုး အတော်

www.foreverspace.com.mm

ရေး သတ်ထားကြသည်။

‘မင်းကွာ အဲဒီယောင်တတ်တဲ့ အကျင့်ကြောင့် ခုကွဲပဲကွာ’

‘ဖျောက်ကြည့်လို့မရဘူးလားကွာ’

နှစ်ကောင်စလုံးကို ကျွန်တော် ဘာမှမပြောချင်တော့။ ဘာစကားမှ မပြောချင်လောက်အောင် စိတ်က လေးလံ ထိုင်းမှိုင်းနေသည်။

စိတ်ညစ်ရပါသည် ...... နှင်း။

☆ ☆ ☆

www.foreverspace.com.mm

။

အချိန်မဟုတ် အခါမဟုတ်
အဲဒီနေ့က ငါ့ကြယ်တွေကြွေတယ်
ခါးလိုက်တာကွယ်

ငါပြောဖူးခဲ့သလို
နှင်းရဲ့ ကျေနပ်ခြင်းကို
စစ်ခင်းလို့ပဲရရ
ငါ့အချစ်တွေကို ပြချင်ခဲ့တာပါ။

အဆောင်သူရယ်
တကယ်တော့ ငါဟာ
အမုန်းကျိန်စာသင့်နေတဲ့ လူတစ်ယောက်
ဖြစ်မှန်းမသိ ဖြစ်နေခဲ့တယ်။

ရက်စက်လိုက်ပါ
ကျောခိုင်းနေတာနဲ့ တရင်
အဲဒီရက်စက်မှုကြီးကိုပဲ
ကျေကျေနပ်နပ် မက်မက်မောမော
လက်ခံယူလိုက်ချင်တဲ့ ကောင်ပါ အဆောင်သူ။
ဒီနေ့
တနင်္ဂနွေ။

။

ယနေ့သည် ကမ္ဘာပေါ်၌ ရှိရှိသမျှသော တနင်္ဂနွေများ၌ အရှည်လျားဆုံးရက် တစ်ခုလို့ ကျွန်တော်ထင်သည်။

ကုန်ခဲ့သော အချိန်တို့ကို ဖြတ်သန်းရသော လူတစ်ယောက်၏ ဒုက္ခကို ကောင်းကောင်း ခံယူနေရသည်။

တနင်္လာဆိုသော မနက်ဖြန်၊ ကျောင်းသွားချိန် နှင်း၏ နံဘေးဝယ် ကျွန်တော် ဆိုသောကောင် မရှိတော့။

ကျောင်းအဝင်ဝမှာ ချယ်ရီပင်က 'တစ်ယောက်ထဲလား' ဟုလေတိုက်မှာ ယိမ်းနွဲ့ရင်းမေးလိမ့်မည်။

နှင်းက ပယ်ပယ်နယ်နယ် ပြုံးရင်း ခေါင်းကို အခါခါ ကျေကျေနပ်နပ်ကြီး ညိတ်ပြပေလိမ့်မည်။

ပျော်ပါတော့ နှင်း။ ပျော်ရွှင်နေမည့် ကျေနပ်နေမည့် နှင်းအတွက် လေးလံ၍ နေသော၊ မွန်းကျပ်၍နေသော၊ နာကျင်ဝမ်းနည်း၍နေသော၊ နှင်းကို အတိုင်းအဆမရှိချစ်သော ဤ ရင်ဘတ်က ကျေကျေနပ်နပ်ကြီး ဝမ်းမြောက်ပေလိမ့်မည်။ သို့သော် ယခုမူကား . . .

ဤရင်ဘတ် မွန်းကျပ် နာကျင်မှုတို့ကို ပိုက်ရင်း အသက်ဆက်နေရသော ဒုက္ခတို့ကို မုန်းမုန်းမသိ မုန်းနေမိသည်။

'လင်းတမှိုင် မှိုင်မနေနဲ့ အဆောင်ရှေ့မှာ နှင်းစောင့်နေတယ်'

သိန်းလတ်က ပြောင်ချော်ချော်ဖြင့် ဆိုသည်။ ကျွန်တော် သိန်းလတ်ကို စိတ်လို လက်ရ ခပ်တည်တည်ကြည့်မိသည်။

'အတည်ပြောနေတာကွ မဟုတ်ရင် မင်းငါ့ကို ကြိုက်သလိုလုပ်'

ကျွန်တော် ငေါက်ခနဲ ထရပ်ကာ ဝရန်တာကို ထွက်ကြည့်သည်။ နှင်းက 'ဆင်းလာခဲ့' ဟု ရှက်ရှက်ဖြင့် လက်ပြသည်။ ကျွန်တော် အသက်ရှူဖို့ တွေ့နဲ့ အနည်းငယ် မေ့လျော့၍ သွားသည်။ ရင်ဘတ်ကို ခံစားချက် တစ်မျိုးက ဝုန်းခနဲ တက်ဆောင့်သည်။

အပြေးတစ်ပိုင်း 'နှင်း' ဆီသို့၊ အဆောင်အောက်ကို ရောက်ရန်လှေကားထစ်တို့ကို ဘယ်လိုဖြတ်သန်းခဲ့မိသည်မသိ။ နှင်းက ရှက်ရှက်ဖြင့် ခေါင်းငုံ့ရင်း ရပ်စောင့်နေသည်။

'နှင်း'

' . . . . '

နှင်းက ရှက်ရှက်ဖြင့် ခေါင်းငုံ့ကာ လက်ဝဲနှစ်ဖက်ကို ပွတ်နေသည်။

'နှင်း ခွင့်လွှတ်ပြီလား'

နှင်းကခေါင်းကို အသာအယာညိတ်သည်။ ကျွန်တော့်မှာ မယုံရဲယုံရဲ၊

'တကယ်ပြောတာနော် နှင်း။ ရင်ပူလိုက်ရတာ နှင်းရယ်'

နှင်းက ကျွန်တော့်ကိုစာနာစွာတစ်ချက်စိုက်ကြည့်သည်။ရင်းအကြည့်က ပူလောင်နေသော ရင်ကို အတိုင်းအတာ တစ်ခုထိ ငြိမ်းအေးသွားစေသည်။ နှစ်ယောက်သား ဘာစကားမှ မဆိုဘဲ နေရာမှာပင် မလှုပ်မယှက် ရပ်နေကြသည်။

'ကျောင်းထဲ လမ်းလျှောက်ရအောင် ရင်ပူနေတယ် မဟုတ်လား အအေးတိုက်မယ် လာ'

နှင်းက ဆိုသည်။ ဘာကြောင့် အနီးအနားမှ ဆိုင်ကို မရွေးဘဲကျောင်းဝိတ်ရက် လူကျဲသော ကျောင်းထဲမှ ကင်တင်းကို နှင်း ရွေးလေသနည်း။

ရင်ရှိသွေးခုန်နှုန်းတို့က တိုး၍တိုး၍ ခုန်သည်။

ဘယ်လိုလျှောက်၍ မည်သို့ရောက်လာသည်မသိ၊ ကျောင်းထဲ ရောက်လာသည်။ နှစ်ယောက်စလုံး ဘာစကားမှ မဆိုဖြစ်ခဲ့ကြ။

'တကယ်တော့ အဲဒီကလေး ပိုက်ဆံတောင်းတာ ခဲ့ကို တို့ တို့ပြီး

www.foreverspace.com.mm

တောင်းမှန်း နှင်းသိလိုက်တယ်။ လင်းနောင်ယောင်တတ်တာကို သတိရပြီး တမင် ပိုက်ဆံထည့်ခိုင်းလိုက်တာ။ အဲဒီလို ယောင်ပြီး အဲဒီလို ဖြစ်ကုန်မယ်မှန်း မထင်မိဘူးလေ'

နှင်းက ခေါင်းငုံ့ရင်း ဆိုသည်။

'နှင်းရဲ့အမှားပါ၊ နှင်း လင်းနောင်ကို လုပ်ခဲ့၊ အော်ခဲ့မိတာတွေ အကုန်လုံးအတွက် နှင်းတောင်းပန်ပါတယ်'

'ဩော် မဟုတ်တာ နှင်းရယ် ဒီကကောင်က တောင်းပန်ရမှာပါ။ နှင်းကို အရှက်ကွဲသလို ဖြစ်သွားတာကိုး'

ကျွန်တော့် စကားကြောင့် နှင်းက မျက်စောင်းလှလှလေး တစ်ခု ကျွန်တော့်ကို ပေးသည်။

'ဒါနဲ့ မနေ့ညက ဘာလို့ ဂစ်တာမတီးတာလဲ'

'ဟို'

'အရက်တွေ တအားသောက်တယ်ဆို'

နှင်း အပြောကြောင့် ကျွန်တော် ရုတ်တရက် ကြောင်သွားသည်။ ဟိုနှစ်ကောင်လက်ချက်ပဲ ဖြစ်မည်၊ အရက်သောက်ဖို့နေနေသာသာ လုပ်တောင် လုပ်ချင်တာမဟုတ်။ ချော်လဲရာကို ကျွန်တော် ဇျေဇျေနှပ်နှပ်ကြီးကို ရောထိုင်ပစ်လိုက်သည်။ (ဘာမှ ပြန်မပြောခြင်း အားဖြင့်)

ကင်တင်းမှာ ယှဉ်လျက် နှစ်ယောက်သား ထိုင်လိုက်သော ထိုခဏသည် ကမ္ဘာပေါ်မှ ရှိရှိသမျှ အရာအားလုံး သာယာနေသလို ခံစားနေရသည်။

'လိမ္မော်နှစ်လုံး ဖန်ခွက်ထဲကိုလည်း ရေခဲထည့်ပြီး ယူလာပေးနော်'

စားပွဲထိုးကို နှင်းကပင်မှာသည်။ လူရှင်းသဖြင့် အအေးပုလင်းက ချက်ချင်းရောက်လာသည်။ ပုလင်းထဲမှ အအေးကို ရေခဲများထည့်ထားသော ဖန်ခွက်ထဲ နှင်းကလောင်းထည့်သည်။

ဖြည်းညင်းစွာ ကျွန်တော့် ရှေ့ကို တွန်းပေးသည်။

'ရော့ ကိုရင်ပူ သောက်'

ကျွန်တော်က ခေါင်းကိုငုံ့ရင်း နှင်းထိုးပေးသော ပိုက်ဖြင့် စုပ်ယူသည်၊ အေးမြချိုမြိန်သော အရသာက ရင်ထဲကို စီးဝင်သည်။ ပိုက်ကို နှုတ်ခမ်းမှ မဖြုတ်ဘဲ ဖန်ခွက်ထဲကို မသိစိတ်ဖြင့် မွှေနေမိသည်။

'ပိုက်ကို ဘာလို့ ဆော့နေတာလဲ၊ ကလေးကျနေတာပဲ။ ဘာလဲ စကား

www.foreverspace.com.mm

မပြောတာက စိတ်ကောက်နေတာပေါ့လေ'

နှင်းက ချေ့သလိုလိုဖြင့် စသည်။

'မဟုတ်ပါဘူး'

ကျွန်တော်အမြန်ငြင်းသည်၊

နှင်းက ဘာဆက်ပြောရမှန်းမသိဖြစ်နေ၍ အအေးကို ငုံ့ကာသောက်လို့နေသည်၊

'နှင်း'

'. . . .'

နှင်းက 'ဘာလဲ' ဆိုသော ပုံစံဖြင့် ကြည့်သည်။

'နောင်တစ်ခါဆိုရင် ဘာကြောင့်ပဲဖြစ်ဖြစ် စိတ်မဆိုးပါနဲ့လား နှင်း'

'. . . . . .'

နှင်းက ဘာမှမတုံ့ပြန်။ ခေါင်းကို ငုံ့၍သာနေသည်၊

'နှင်း စိတ်ဆိုးတာကို ခံနိုင်ရည်မရှိလို့ပါ'

'. . . . .'

နှင်းက ဘာစကားမှမဆို ပြုံးစိစိဖြင့် ခေါင်းကို ငုံ့သည်၊

'နှင်း'

'. . . .'

စကားမပြန်သော နှင်း၏ စားပွဲပေါ်တင်ထားသည့် လက်ကို ဆုပ်ကိုင်မိမှန်းမသိ ဆုပ်ကိုင်မိရင်း ခေါ်မိသည်။ နှင်းက ခေါင်းကို ငုံ့ထားဆဲ။ လက်ကိုမူမရုန်း။

'နှင်း နှင်းကို ပြောမပြတတ်အောင်ကို ချစ်တယ်၊ ရူးမတတ်ချစ်နေတယ် ဆိုတာ နှင်းသိပါတယ် နှင်းရယ်'

'. . . .'

'စိတ်ဆိုးသွားပြီးလား နှင်း၊ ဒီတစ်ခါသာ နှင်းစိတ်ဆိုးရင် ကိုယ်သေလိမ့်မယ်'

ကျွန်တော့် စကားကြောင့် နှင်းက မျက်စောင်းထိုးသည်။ လက်ကို အသာရုန်းသည်။

'ဆရာကြီး စကားပြောတာ လက်လွှတ်ပြောလည်း ရပါတယ်'

နှင်းအပြောကြောင့် ယောင်ပြီး လက်ကို လွှတ်သည်။ မသိစိတ်

ကြောင့် တင်းကျပ်စွာ ကိုင်မိသဖြင့် နာသွားဟန်တူသည်။ နှင်းက လက်ကိုခါသည်။ ကျွန်တော် ရှက်ရယ်ရယ်မိသည်။ အခြေအနေကောင်းတုန်း ဆက်ပြောရမည်ဆိုသော အသိက ကျွန်တော့်ကို တွန်းအားပေးသည်။

'အရမ်းချစ်တယ် နှင်းရယ်၊ ကိုယ့်ကို နည်းနည်းလေးမှ ပြန်မချစ်နိုင်ဘူးလားကွာ၊ ဟင် နှင်း'

'မချစ်ပါဘူး'

နှင်းကရှက်ပြုံးဖြင့် ဆိုသည်။ ဒီလောက်ဆို အခြေအနေမဆိုးကြောင်းသိရသဖြင့် ကျွန်တော့်ရင်ဝယ် ပျော်ပွဲရွှင်ပွဲကြီးတစ်ခု လှည့်ကာနေသည်။

'သေသေချာချာ စဉ်းစားပါဦး နှင်း . . . ချစ်တယ် မဟုတ်လား'

'ဟာမယ် မချစ်ပါဘူး'

'မချစ်ဘူး' ဟုသာငြင်းသည်။ ပြောရင်း ထပ်မံ ဆုပ်ကိုင်မိသွားသော လက်ကိုမူမရုန်း။

ဒါမျိုးကျတော့ ဘယ်ရမလဲဟု ကျိတ်ကာတွေးမိသည်။ နောက်လက်တစ်ဖက်ဖြင့် ဖုပ်မိုးကာ ကိုင်သည်။

'ချစ်တယ်မဟုတ်လား ဖြေကွာ'

'မဖြေပါဘူး မချစ်ပါဘူး'

'ချစ်တယ်'

'မချစ်ဘူး'

'ချစ်တယ်'

'မချစ်ပါဘူးလို့ဆို'

'မချစ်ဘူး'

'ချစ်တယ် အာ မချစ်ဘူး မချစ်ဘူး'

အငိုက်မိသွားသော နှင်း . . . 'ချစ်တယ်' ဟု ပြောထွက်မိပြီးမှ ရှက်ရှက်ဖြင့် ခေါင်းငုံ့ကာ ငြင်းသည်။ ကျွန်တော့်ရင်၌ ဝမ်းသာခုန်ခုန်နေသော ရင်ခုန်သံက တဒိန်းဒိန်း။

'ဝန်ခံလိုက်ပါတော့ နှင်းရယ်၊ ဘာလဲ ချစ်တယ်လို့ပြောရမှာ မပြောရဲလို့လား . . . ရှက်လို့လား'

'မရှက်ပါဘူး ချစ်မှမချစ်တာ ဘာလို့ မပြောရဲရမှာလဲ'

'မညစ်ပါနဲ့ကွာ၊ ကိုယ့်ကို ခံနိုင်ရည်မရှိဘဲ အရည်ပျော်အောင် မလုပ်ပါနဲ့ကွာ'

'လုပ်မှာဘဲ'

နှင်းက ညစ်ကျယ်ကျယ်ပြောသည်။ စိတ်ယားစရာ ကောင်းအောင်ပင် ချစ်စရာဖြစ်သောနှင်း။

'ခံနိုင်ရည် မရှိအောင်တော့ မလုပ်ပါနဲ့ နှင်းရာ'

'လုပ်မှာဲ'

'မလုပ်ပါနဲ့ နှင်းရာ'

'လုပ်မှာ၊ လုပ်ဦးမှာ'

'မလုပ်ပါနဲ့ ကွာ'

'လုပ်မယ်'

'ကိုယ့်ကိုချစ်ရင် လုပ်'

'လုပ်မယ် . . တာ မလုပ်ဘူး'

ဒုတိယအကြိမ် အငိုက်မိသော နှင်းက ရှက်ရှက်ဖြင့် ဆိတ်သည်။

'ဒီမှာချို့ ကျွန်တော့်ကို ဆွဲနေပါတယ် ကယ်ကြပါဦး'

နှင်းကို စတော့ နှင်းက လက်မောင်းအုံကို တစ်ချက်ရိုက်သည်။

'အအေးသောက်ဦးလေ'

'မသောက်တော့ဘူး'

နှင်း၏ အမိန့်မဆန်သော အဆိုကို ငြင်းပြီးနှင်း၏ ပခုံးလေးကို ဖက်ရန် ကျွန်တော့် လက်က အလုပ်။

'အဟမ်း အဟမ်း'

ဘေးဝိုင်းမှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ဆရာဦးတင့်ဝေ။ နှင်းက ခေါင်းကိုငုံသည်။ ပိုက်ဆံရှင်းပြီး နှစ်ယောက်သား ပြန်ခဲ့ကြသည်။

အပြန်လမ်းတစ်လျှောက်လုံး ကျွန်တော် နှင်းလက်ကို လက်သန်းလေးဖြင့် လိုက်ချိတ်သည်။ အကင်းပါးသော နှင်းက မသိမသာဖြင့် လက်ကို နောက်ပစ်၍ လျှောက်သည်။

မျက်နှာပေါ်၌ ညစ်ကျယ်ကျယ် အပြုံးကိုတင်၍

'မညစ်နဲ့ကွာ'

'ဘာလဲ'

ကျွန်တော့် အပြောကို နှင်းက မသိချင်ယောင်ဆောင်ကာ အမေးကို အမေးဖြင့် ပြန်ဖြေသည်။

မထူးတော့ပြီမို့ နှင်းလက်ဖဝါးကို ဖွတ်ဆုပ်ကာ ကိုင်လိုက်သည်။ နှင်းက တစ်ချက်နှစ်ချက် ရုန်းသေးသည်၊ ကျွန်တော် တမင်ခပ်တင်းတင်း ကိုင်ထားသဖြင့် ဆက်မရုန်းတော့၊

'အဲဒီလို အသားယူရင် မုန်းတယ် အရမ်းပဲ'

နှုတ်ခမ်းကို စူရင်းပြောသည်။ ကျွန်တော် မကြားချင်ယောင်ဆောင် ၍ နေလိုက်သည်။

'ဒီက သနားလို့ ပြန်ခေါ်ပေးတာ'

နှင်း၏ အပြောကြောင့် ကျွန်တော်က အားကျမခံ။

'ဒီကကောင်ကလည်း ကိုင်ချင်လွန်းလို့တော့ မဟုတ်ဘူးနော်၊ အတွဲ မှန်းသိအောင်လို့ ကိုင်တာ'

'အံမယ် ဘာအတွဲလဲ နစ်နာဦးမယ်၊ မရှက်ဘူးလား ချစ်တယ်လို့ လည်းမပြောရသေးဘဲနဲ့ လက်လိုက်ကိုင်နေတာ'

ကျွန်တော်က 'မရှက်ဘူး' ဟုခေါင်းကို ဘယ်ညာခါသည်။ နှင်းက လက်မောင်းအုံကို ထုပြန်သည်။ မနာပါ။ အကြင်နာများက ပါနေသည်ကိုး။

'ဒါဆို လက်မကိုင်ရဘူးပေါ့'

'ဟုတ်တယ်'

'နောက်တော့မှ မကိုင်ခိုင်းရဘူးနော်'

'အောင်မာမာ ဝေးပါသေးတယ်နော်'

'မဝေးပါဘူး၊ လက်ကလေးတော့ ကိုင်ပါရစေ နှင်းရယ်'

'မကိုင်ရဘူး'

'ကိုင်မှာပဲကွာ၊ ချစ်ရင်ရုန်း'

ကျွန်တော့် စကားကြောင့် နှင်းမှာ မရုန်းသာတော့၊ ရုန်းပြန်လျှင် လည်း ချစ်ရာကျမည်။ မရုန်းပြန်တော့လည်း လက်ချင်းက အတွဲလိုက်။ နှင်း ကမျက်စောင်းကိုထိုးသည်။

အဆောင် လမ်းထိပ်မှ ထွက်လာသော နုငယ်က ကျွန်တော်တို့ နှစ်ယောက်ကို မြင်သည်နှင့် ပါးစပ်မှာ စားလက်စ အတော့လိုက်မုန့်က အောက် ပြုတ်ကျသည်။

ကျွန်တော်က မိန့်မိန့်ကြီး လက်ကို (တွဲလက်ကို) မြှောက်ပြသည်။ နှင်းက ဆွဲဆိတ်သည်။ ရှက်နေသည်ကိုး။

'ငါ အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်'

နုငယ်က. . . ဝမ်းသာအားရဖြင့် မျက်စိကို ပွတ်ရင်းပြောသည်။ ထို့နောက် အဆောင်ဘက်လှည့်ကာ သူမကိုယ်လုံးကြီးဖြင့် ရှေ့မှ ပြေးသည်။ နှင်းတို့ အဆောင်ရှေ့ရောက်တော့ သူမတို့ အဆောင်ရှေ့ ခုံတန်းရှည်မှာ ထိုင် ဖြစ်သည်၊ အခုတော့ ခုံ၏ ဟိုဘက်ထိပ် ဒီဘက်ထိပ်၊

နုငယ်ပေးသော သတင်းကြောင့် ကေသီက ဒရောသောပါး အပြေး လာကြည့်သည်။ ကျွန်တော်နှင့် နှင်းကိုကြည့်ကာ ကြောင်နေသည်။

'နုငယ်က နင့်နဲ့ လင်းနောင် လက်ချင်းတွဲလို့ ဆိုလို့ ငါမယုံလို့ လာ ကြည့်တာ နှင်းရေ'

ကျွန်တော် တစ်ယောက်လုံး ရှေ့မှာ ထား၍ ခပ်ဘွင်းဘွင်းပင် သူမဆို သည်။ ကေသီ နောက်မှကပ်ပါလာသော နုငယ်က အမောတကောဖြင့် ရင် ဘတ်ကို ဖိရင်းအမောဖြေသည်၊

'ဟဲ့ ငါအဲဒီလို မြင်လို့ ပြောတာပဲ'

နှင်းက နုငယ်အပြောကြောင့် ရှက်ရယ်ရယ်သည်။

ကျွန်တော်ကရော ဘာထူးမည်နည်း။ နှင်းနှင့်ရောကာ ရှက်ရယ်ရယ် သည်။

ဘဝ၏ အပျော်ရဆုံးနေ့ တစ်နေ့မို့

ကျေးဇူးတင်ရ ပါသည်. . . . နှင်း။

☆ ☆ ☆

နှင်းနှင့် ကျွန်တော်တို့နှစ်ယောက် ချစ်သူဘဝမှာ ရုပ်ရှင်တွေ ဘာတွေ ထဲကလို လက်တွဲပြီး ပန်းခြံပိုဘက်ထိပ် ဒီဘက်ထိပ် လျှောက်ပြေးတာ မျိုးမရှိ၊ အဲ ပန်းခြံတော့ ရောက်သည်ပေါ့။

စိတ်ဆိုးကြ စိတ်ကောက်ကြခြင်း အလွန်နည်းသော ကျွန်တော်နှင့်နှင်း။ မိုးလင်းမှ မိုးချုပ် တစ်ယောက် မျက်စိအောက်ကတစ်ယောက် အပျောက်မခံ နိုင်အောင်ပင် ချစ်ခဲ့ကြသည်။

တောင်ကြီးတက္ကသိုလ်မှ ကင်တင်းမှန်သမျှ ရောက်ခဲ့သည်ချည်း။

အဲ ဘာပဲပြောပြော 'ရည်းစားမရှိတဲ့ကောင်' ဆိုတာတော့ အခေါ်မခံ ရတော့။

ထို့အတွက်ရော၊ ကျွန်တော့်ဘဝ၌ ခံစားဖူးသော အချစ်၏ ချိုမြိန်မှု ကိုပေးခဲ့ခြင်းအတွက်ပါ ကျေးဇူးတင်ပါသည်နှင်း။

ကျွန်တော်ကတော့ ကျောက်စိမ်းအရိုင်းတစ်တုံးကို

တစ်ဘဝစာအချစ်ဖြင့် ကြေးဖြတ်ကာ ဝယ်မိပြီ။

ရင်၌ ကြည်နူးစိတ်အုံသြစိတ် စသဖြင့် ခံစားချက်များစွာဖြင့်။

တကယ်တော့

မိန်းကလေးတစ်ယောက်ကို ချစ်မိခြင်းသည်။ ကျောက်စိမ်း အရိုင်းတုံး တစ်တုံးကို ကြေးကြီးပေးကာ ဝယ်မိခြင်းနှင့်တူသည်။

ထိုကျောက်စိမ်းအရိုင်းတုံးကို အပေါ်ယံကြည့် ရွေးချယ်ခဲ့ သော်လည်း တကယ်တမ်း ခွဲခြမ်းစိတ်ဖြာသော အခါ၌ တစ်ပြားမှ မတန်သော သာမာန် ကျောက်တုံးတစ်တုံး ဖြစ်သွားနိုင်သလို သိန်းပေါင်းများစွာတန်သော ရတနာကြီး လည်း ဖြစ်သွားနိုင်သည်။

'ကျောက်စိမ်းမှာအနာ၊ မိန်းမမှာမာယာ' ဆိုသော စကားပုံ ရှိသည်။

သို့သော်

မာယာရော အနာပါများလှပါသည် ဆိုသော ကျောက်စိမ်းရိုင်းတစ် တုံးထက် မိန်းမတစ်ယောက်က ပို၍ မာယာများနိုင်သည်။

ယခုထိတော့ ချစ်ရသော နှင်းသည် ကျွန်တော့် ကောင်းကင်၌ အင်မ တန်စူးရှ လင်းလက်တောက်ပသော ကျောက်စိမ်းရောင်လွှဲနေသော ကြယ် တစ်ပွင့် ဖြစ်သည်။

လင်းနောင်

☆ ☆ ☆

www.foreverspace.com.mm

ဒီ မေးခွန်းကို သူမကိုယ်သူမ မမေးချင်ခဲ့။

အဲဒါကတော့ စေ့စပ်ထားသူရှိပါလျက်နဲ့ နှလုံးသား၏ အချစ်ကို လိုက်လျောမိခြင်းသည် မည်သူ့ကြောင့်နည်း။

မုန်းတကာ့ အမုန်းရဆုံးသော

ကျွန်မ အင်မတန် ကျောခိုင်းထားခဲ့သော လူတစ်ယောက်က ရင်ဘတ်ထဲကို အရှိန်ပြင်းပြင်းဖြင့် တစ်ချက်ချင်းဝင်ရောက်၍ လာသော စိုးတစ်ချောင်းဖြစ်နေခဲ့သည်။

ရင်း စိုးသည် တစ်ဘဝစာ အချစ်ဖြစ်မှန်း မသိဖြစ်နေခဲ့လေသည်။

ချစ်ဦးသူနှင့် ပျော်ရွှင်နေရသော အချိန်မှာ သူမ၏ စိတ်နောက်ဝယ် တစ်စုံတစ်ခုသော နှောင့်ယှက်မှုက ကပ်ပါလာစမြဲ။

ဘာပဲပြောပြော သူမ၏ကောင်းကင်မှာရှိသော ကြယ်ကလေးတစ်ပွင့်ဘဝကို နိုင်မြဲနေအောင် သူမကြိုးစားရမည်။

သီရိနှင်း

စားသောက်ဆိုင်။

နှင်းစိတ်ရှုပ်ထွေးစွာဖြင့် ထိုင်နေမိသည်။ ဆိုင်ရှေ့မှာ ကားတစ်စီးလာရပ်သည်။ အသက်ခပ်လတ်လတ် လူတစ်ယောက် ဆင်းလာသည်။ နှင်းရှိရာသို့ တန်းတန်းမတ်မတ် လျှောက်၍လာသည်။

'စောင့်နေတာကြာပြီလား'

ထိုလူ၏ အမေးကို နှင်းကခေါင်းခပ်ဆတ်ဆတ်ညိတ်ရင်းဖြေသည်။

'တစ်ခုခု မှာလေ'

'ဒီမှာ အအေးသောက်နေတာ မမြင်ဘူးလား၊ ဘာမှအပိုတွေပြောမနေနဲ့ ရှင်ပြောစရာ ရှိတယ်ဆိုတာကို မြန်မြန်ပြော'

နှင်း၏ စိတ်မရှည်မှုကြောင့် လောကွတ်လုပ်သော ထိုလူက 'ဟက်' ခနဲ လှောင်ရယ်သလို မျိုးရယ်သည်။ နှင်းကအမြင်ကတ်စွာ မျက်စောင်းတစ်ချက် ထိုးသည်။

'နှင်းမှာ အချိန်တောင် တော်တော်ရှားနေမှတိုး'

ထိုလူက စီးကရက်ကို ဟန်ပါပါခဲရင်း နှင်းကို ခနဲ့လိုက်သည်။

'ကိုယ်လည်းကိုယ့် အသိုင်းအဝိုင်းနဲ့ ကိုယ်ဆိုတော့ သတင်းမျိုးစုံ ကြားနေရတယ်နှင်း၊ မင်းကို အတန်တန်တားပြီး အတန်တန်သတိပေးနေတဲ့ကြားက မင်းဟိုကောင်နဲ့ သိပ်တွဲလွန်းတယ်လို့ ကိုယ်ထင်တယ်'

နှင်း 'တွေ'ခနဲဖြစ်သွားသည်။ တော်သေးတာပေါ့ ရည်းစားဖြစ်နေတယ်ဆိုတာကိုပါ ခင်းသိလို့ကတော့ မပြီးနိုင် မစီးနိုင် နားငြီးသွားရလိမ့်မည်။

'မင်းနည်းနည်းလေး ဆင်ဆင်ခြင်ခြင်နေလိုက်လို့ မရဘူးလားနှင်း'

'ရှင်'

နှင်းဒေါသထွက်သွားမိသည်။ ဆင်ဆင်ခြင်ခြင်မနေလို့ နှင်းကပဲ လူကွယ်ရာမှာ ဖောက်ပြား ပျက်စီးနေသလိုလို။ နှင်းဒေါသထွက်လွန်းသဖြင့် 'ရှင်' တစ်လုံးထဲသာပြောပြီး လည်ချောင်းဝမှာ စကားတို့က တစ်နေသည်။

'ကိုယ်က အလျှုရှင်မှန်းသိအောင် မကျောစ်တိုင် တက်ပြရတော့မယ်ထင်တယ်'

သတိပေးသလိုလိုနှင့် ထိုလူက ခြိမ်းခြောက်သည်။

'ရှင်နဲ့ ကျွန်မအနေအထားက ရှေ့တိုးလို့ရသလို နောက်ဆုတ်လို့ရနေသေးတာကို သိထားပါ။ မလိုအပ်ဘဲနဲ့ ရှင့်ဘက်က တရားမလွန်လာပါနဲ့'

နှင်း၏ ဒေါသစကားကြောင့် ထိုလူက 'ဟက်'ခနဲ ရယ်ပြန်သည်။

'ရတယ်လေ ငါတရားမလွန်စေချင်ရင် မင်းတရားမလွန်နဲ့ပေါ့၊ ဒါပဲ 'သင်ကောင်းလျှင် ကျွန်ုပ် မဆိုးပါ' ဆိုတဲ့ စကားကို နှင်းမမေ့နဲ့ပေါ့'

'ဒါပဲ မဟုတ်လား ကျွန်မသွားမယ်'

နှင်းက စိတ်မရှည်စွာ ပြောရင်းထရပ်သည်။

'နေဦးလေ ကိုယ်လိုက်ပို့ပေးမှာပေါ့'

'မလိုပါဘူး တောင်ကြီးမှာ Taxi တွေ လိုင်းကားတွေပေါလွန်းလို့'

နှင်း ခပ်ဆတ်ဆတ် လှည့်မကြည့်ဘဲ ပြောပစ်ခဲ့သည်။ သူမ၏ နောက်သို့ 'တောက်' ခတ်သံက ကပ်ပါလာသည်။ နှင်းခေါင်းကိုသာခပ် ကြွမ်းကြွမ်း ခါယမ်းမိသည်။

☆ ☆ ☆

"မှ ဟန်သေး' ဟု ကျွန်တော် တွေးသည်။ တကယ်ဆို ချစ်သူတွေဖြစ်ကြပြီး ဆိုကတည်းက တစ်ယောက်ကို တစ်ယောက်ခေါ်သော နာမ်စားလေးတွေ တော့ရှိသင့်သည်။

ဥပမာ မောင်တို့ ကိုကိုတို့ စသည်

အခုတော့ ကျွန်တော့် ချစ်သူကောင်မလေးက ကျွန်တော် 'မောင်' လို့ ခေါ်ခိုင်းတာကို လုံးဝ မခေါ်ခဲ့။

သူမ၏ နာမည် အပြည့်အစုံခေါ်၍ နှိပ်ကွပ်ခဲ့သော်လည်း သူမက လုံးဝမဖြူခဲ့။ ဘယ်လိုမှကိုမနေခဲ့။

'ကြိုက်သလိုသာခေါ်၊ နှင်းတို့ကတော့ အေးရာအေးကြောင်းပဲ'

မြတ်နိုးလှစွာသော ကျွန်တော့်ချစ်သူ 'သီရိနှင်း'၏ စကား။ သူမနှင့်ချစ်သက်တမ်း တစ်နှစ်ကျော်ခဲ့သည်အထိ အခေါ်အဝေါ်မပြောင်းခဲ့။ ကျွန်တော့်နာမည်ကိုတောင် စကားပြောလျှင် သိပ်ထည့်မပြော။ အပေါင်းအသင်းများကြားမှာ 'ရည်းစား' ကြောက်ရသူ တစ်ယောက်လို မျက်နှာမလှခဲ့ရပေါင်းများပြီမို့ ဒီနေ့တော့ 'မောင်' ဟုရအောင် ခေါ်ခိုင်းရမည်ဟု ကျွန်တော် အားတင်းထားသည်။

'နှင်း'

'ပြော'

www.foreverspace.com.mm

ကျွန်တော့်ရင်ခွင်မှာမှီရင်း နားရင်းရိုက်ချင်စရာကောင်းအောင်ပင် ခပ်ဆောင့်ဆောင့် သူမထုးသည်။ နားဝင်ကသိပ်မချိုလှ။

'သိန်းလတ်ကပြောတယ် သူ့ကိုကေသီက 'ကို'လို့ခေါ်တယ်တဲ့။ စိုးမင်းကလည်း ပြောတယ် သူ့ကောင်မလေးက သူ့ကို 'ကိုကြီး'လို့ခေါ်တယ် ဆိုပဲ။ နှင်းကကိုယ့်ကို ဘယ်လိုခေါ်လဲဆိုတော့ ကိုယ်ဘယ်လို ပြန် ဖြေရမှန်း မသိဘူး'

နှင်းက ငြိမ်သက်စွာနားထောင်သည်။

'အဲဒါ နှင်း ကိုနဲ့ စကားပြောရင် နာမ်စားတစ်ခုခုနဲ့ ခေါ်ကွာ ဥပမာ 'မောင်' ဆို ဘယ်လောက်ကောင်းလဲ'

'မကောင်းပါဘူး ခေါ်ရမှာ လျှာယားတယ်'

နှင်းက ကျွန်တော့် အဆိုကို ပခုံးတွန့်ရင်း ငြင်းသည်။

'နှင်းကလည်းကွာ အဲဒီလိုတော့ မညစ်နဲ့'

'ညစ်မှာပဲ'

နှင်းကညစ်ကျယ်ကျယ်ပြုံးရင်းဆိုသည်။ ရင်ခုန်သံမြန်စေသော သူမ၏ အပြုံးကြောင့် ခပ်တင်းတင်းဖက်ရင်း နှင်း၏ ပါးပြင်ကို ခပ်ဖွဖွနမ်းမိသည်။ ယင်းနောက်လည်တိုင် ကြော့ကြော့လေး၊

အကြိမ်ပေါင်းများစွာ။

'တော်ပြီကွာ'

နှင်းက အသာရုန်းသည်။ ကျွန်တော်က ခပ်တင်းတင်းဖက်ထားရင်း။

'မောင်'လို့ မခေါ်ရင် လုံးဝမလွှတ်ဘူး'

'နေပေါ့ . . . မခေါ်နိုင်ပါဘူး'

'စိန်လိုက်လေ၊ ဒီကကောင်ကလဲ မခေါ်မချင်း လုံးဝမလွှတ်တမ်း ဖက်ထားမှာပဲ'

ပြောရင်း ပို၍ခပ်တင်းတင်း ဖက်ထားလိုက်သည်။ ခေါင်းမာသော နှင်းက ဘာမှမဖြစ်သလို၊ လုံးဝမခေါ် . . .

10: 15

'နှင်းခေါ်တော့လေ'

'မခေါ်ပါဘူးဆို'

10: 30

'နှင်းခေါ်ဖို့ ကောင်းပြီကွာ'

'အစီအစဉ်ကို မရှိတာ'

ကျွန်တော် လက်ပြောင်းလာပြီ၊ နှင်းက ခေါင်းမာတုန်း၊ အလျှော့ပေး၍မဖြစ်။ ဒီနေ့တော့ မခေါ်ခေါ်အောင်ကို ဖန်တီးရမည်။ နည်းမျိုးစုံကို သုံး၍။

10:45

'နှင်း ခေါ်ပါတော့ကွာ'

နှင်းက ညစ်ကျယ်ကျယ်ပြုံးရင်း 'No' ဟုဆိုသည်။ မျက်စိလေးမှိတ် ကာ ကျွန်တော့် ရင်ခွင်မှာမှီကောင်းတုန်း ခပ်တင်းတင်းဖက်ထားရသဖြင့် လက်က အင်မတန်ကို ညောင်း၍လာသည်၊

11 :00

စိတ်ကပေါက်လာသည်။ 'ပညာပေးဦးမှ' ဟုတွေးပြီး ဖက်ထားသော လက်ကို လျှော့ပေးလိုက်သည်၊ နှင်းက မျက်လုံးလေးမှိတ်ကာ မှီထားတုန်း။ ကျွန်တော် နှင်းမှီထားတာကို ကိုယ်ကိုဆတ်ခနဲ ယိုကာ ဖယ်လိုက်သည်။။ အမှီမရှိတော့သော နှင်း ကားရားကြီး မလှမပ လဲကျသည်။

'ဝုန်း'

'အင့်'

နှစ်ယောက်သားထိုင်နေသော မြက်ခင်းပေါ်နှင်း 'ဝုန်း' ခနဲလဲ ကျသည်။ 'အင့်' ခနဲပင် မြည်သည်။ ပြောင်စပ်စပ်ဖြစ်နေသော ကျွန်တော့်ကို နှုတ်ခမ်းစူကာ ထလာပြီး ဆိတ်ဆွဲသည်။ ကျွန်တော် ကြိတ်ခံသည်၊ ဒါကို အားမရသေးသော နှင်းက ရင်ဘတ်ကို တဒုန်းဒုန်း ထုလိုက်သေးသည်။

'အကျင့်ကို မကောင်းဘူး'

ပြောရင်း သူမမျက်စောင်းထိုးသည်။ ကစ်ညိုနေသော မြက်ပင်ခြောက် တို့ကို ခါသည်။ ကျွန်တော် ကူခါတော့ လက်ကို ပုတ်ထုတ်သည်။

'ခေါ်ပါတော့ နှင်းရာ'

'ဇေးသေးတယ် . . . လုံးဝမခေါ်ဘူး'

ခေါသရှိန်မပြေသေးသော နှင်း။

'ဒီနေ့ ခေါ်မှဖြစ်မယ် နှင်း'

'ဘာဖြစ်လို့လဲ'

'အရမ်းကြားချင်လို့'

ကျွန်တော့် အပြေကြောင့် သူမက 'ဟက်' ခနဲ ရယ်သည်။

'11: 00 နာရီထိုးရင် ခေါ်မယ်လို့ စဉ်းစားထားတာ၊ အခုတော့ အဲဒီအစီအစဉ် ဖျက်လိုက်ပြီ။ ကိုယ့်အပြစ်ကိုယ် သိတယ်မဟုတ်လား'

'ဟိုက်'

သေလိုက်ပါတော့ . . ဟု ကိုယ့်နဖူးကိုယ်ရိုက်မိသည်။ အလွဲကြီးလွဲပါပေါ့လား။ နှင်းက ခြေထောက်ဆောင့်ရင်း၊ အပြန်လမ်းကို လှမ်းသည်။ စိတ်ကောက်သွားပြီမို့ လိုက်ချော့ရသည်။

'ဟဲ ဟဲ ဟဲ နှင်း'

'. . . . . .'

နှင်းက နှုတ်ခမ်းကို နှစ်ဆစူသည်။

'အချစ်ဆုံး နှင်း'

'. . . .'

'ဒီကလေးမ စိတ်ဆိုးနေတာတောင် တော်တော်လှတယ်'

'. . . . . .'

ရယ်ချင်ပက်ကျိ ဖြစ်နေသော်လည်း မျက်နှာကို သူမပြန်တင်းသည်။ နှုတ်ခမ်းကို လေးဆစူသည်။

'ကလေးမ ချော့တုန်းပျော့နော်'

'. . . . .'

ကြိမ်းဝါးကြည့်လည်းမရ

'စိန်ခေါ်တယ်ပေါ့'

'. . . . .'

'ဟုတ်ပြီလေ၊ ဒီညတော့ အရက်သောက်ပွဲပေါ့ကွာ'

နှင်းခြေလှမ်းက တုန့်ခနဲ။ လက်ပိုက်ရင်း မိန့်မိန့်ကြီး ပြုံးနေသော ကျွန်တော့်ကို ဆတ်ခနဲ ကြည့်သည်။ ထို့နောက်စိတ်ကို တင်းလိုက်ဟန်ဖြင့် လမ်းကို ဘောက်ဆတ်ဆတ်လျှောက်သည်။ ကလေးတစ်ယောက်လို၊ သူမကို ကြည့်ရင်း ရယ်ချင်သော်လည်း မရယ်ရဲ။

'ဩော် . . . ဒီကအပြန် အရက်ဝင်ဝယ်သွားမှ'

တစ်ယောက်တည်းရေရွတ်သလို ပြောရင်း နှင်းကို ကြည့်သည်။ သူမက ဘာမှမတုံ့ပြန်၊ အဆောင်နားလည်း နီး၍လာပြီ။

'နှင်း . . ကိုယ်ဝင်ဝယ်ပြီနော်'

အသိပေးသလိုလိုဖြင့် ဖြိမ်းခြောက်ကာ ခပ်တည်တည်ဖြင့် အရက်ဆိုင်ဘက်ခြေကို လှမ်းသည်။

တစ်လှမ်း. .

နှစ်လှမ်း . .

သုံးလှမ်း . .

'မဝင်နဲ့'

သူမက ခပ်စူးစူး တစ်ချက်အော်သည်၊ ကျွန်တော်ပြန်လှည့်သည်။

'ဟဲ ဟဲ ဟဲ ခေါ်တော့မှာလား'

'မနက်ဖြန်မှ'

နှင်းကရှက်ရှက်ဖြင့် ချေးဆစ်သည်။ သည်လိုနဲ့ရမိုးလား။ ကျွန်တော်က ဆတ်ခနဲ ပြန်လှည့်သည်၊ အရက်ဆိုင်ဆီ . . .

'မောင်း'

ကျွန်တော် တွန့်ခနဲ ဖြစ်သွားသည်။ ကြည့်ပါဦး ခေါ်ပုံကိုက 'မောင်း' တဲ့ 'မောင်' လည်းမဟုတ်။ ခေါ်သံက နားဝင်မချိုလှ။ အဲဒီ'မောင်း' ကိုတောင်မှ သူမခေါ်တာ ခပ်ဆောင့်ဆောင့်၊ စိတ်ညစ်ညစ်ဖြင့် ပျော်ရသည်။

'ပြန်ခေါ်ပါဦး . . . နောက်တစ်ခေါက်လောက်'

ဖြန်းဒိုင်းကြီး မျက်ရည်ဝဲကာ ခေါင်းကိုငုံ့ရင်း လမ်းကိုခပ်သွက်သွက်လျှောက်ကာ အဆောင်ဘက် လှမ်းသည့်နှင်း။ ဘယ်လိုဖြစ်ရ ပြန်ပါလိမ့် ဟု နောက်မှ အပြေးလိုက်ရသည်။

'နှင်း ခုလေးတင်အကောင်းကြီး ရှိသေးတယ်၊ ဘယ်လိုဖြစ်တာလဲကွာ၊ လမ်းပေါ်မှာ ရှက်စရာကြီး'

'ငိုမှာပဲ ဒီနေ့တစ်နေ့လုံး နှင်းက အလျှော့ကြီးပေးနေရတယ်'

ကလေးဆန်သော နှင်းကိုကြည့်၍ ရယ်ချင်သော်လည်း မရယ်ရဲ၊

'ဘာများလဲလို့ နှင်းရာ မောင် ရင်ကိုဒိန်းခနဲ ဖြစ်သွားတာပဲ၊ မောင်နှင်းကို 'မောင်' လို့ခေါ်စေချင်လွန်းလို့ စတာပါ။ မောင့်ကို စိတ်မဆိုးနဲ့နော်၊ မောင် တောင်းပန်ပါတယ်ကွာ။ ဒီမှာ မောင့်ကိုကြည့်'

'မောင်' ဆိုသော စကားလုံးကို ဆင့်ကာဆင့်ကာ သုံး၍ နှင်းက မျက်စောင်းထိုးသည်။ သူမတို့ အဆောင်ရောက်တော့ အဆောင်ရှေ့ရှိ ခုံတန်း

www.foreverspace.com.mm

ရေးမှာ နှင်းထိုင်သည်။

'အရက်နဲ့ပဲ မြိမ်းခြောက်နေတာပဲ၊ အဲဒီအရက်ကို လုံးဝမသောက်ရဘူး၊ ဒါပဲ'

အမိန့်ဆန်သော အမိန့်။

'စိတ်ချ နှင်း၊ လုံးဝမသောက်ဘူး၊ အဲ တိုက်မဲ့လူ မရှိရင်ပေါ့'

အဖြေ၏ ပထမပိုင်းကြောင့် ရွှင်သွားသောနှင်း ဒုတိယတစ်ဝက်ကြောင့် လူကိုဆွဲဆိတ်သည်။

'ကောင်းကောင်းဖြေကွာ၊ လုံးဝအရက်မသောက်ပါဘူးလို့'

'လုံးဝ လုံးဝ အတည်မသောက်ပါဘူးကွာ၊ အဲ ဝိုက်ဆံပြတ်နေတယ်ဆိုရင်ပေါ့'

နှင်းက လက်မောင်းကို တအုန်းအုန်း ထုပြန်သည်။

'သွား သွား ပြန်တော့ ပြောင်ချော်ချော်နဲ့၊ စကားကို လုံးဝအကောင်း မပြောဘူး'

'ဟဲ ဟဲ . . . အဲဒါလေးကိုပဲ တချို့ချို့ အရမ်းချစ်တယ်'

'ချစ်ပါဘူး သနားလို့'

'ဟုတ်လို့လား တချို့ချို့က ခြောင်လိမ်ပါတယ် ခင်ဗျာ'

သတင်းကြေညာသလို လုပ်နေသော ကျွန်တော့်ကို နှင်းက ဆွဲဆိတ်၏။

'နှင်းက ကျတော့ ခေါ်ခိုင်းသလိုလည်း ခေါ်ပေးရသေးတယ်'

ကလေးတစ်ယောက် တွက်ကတ်ပုံမျိုးဖြင့်။

'ဘယ်လိုခေါ်လိုက်လို့လဲ'

'ပြောပြဘူး'

နှင်းက မျက်စောင်းထိုးရင်း ဆိုသည်။

'ကဲပါကွာ စိတ်ချ၊ အဲဒီအရက်အကြောင်း စကားထဲကို ထည့်မပြောဘူး . . . ဟုတ်ပြီလား'

'စကားထဲတော့ ထည့်မပြောဘူး သောက်တော့ သောက်မယ်ပေါ့'

'ဟုတ်တယ်'

'ဘာ'

'မှားလို့ . . . မဟုတ်ဘူး'

www.foreverspace.com.mm

မျက်စောင်းထိုးကာ သူမက ကလေးတစ်ယောက်လို ခြေဆောင့်သည်။

'စိတ်ညစ်တယ်ကွာ . . . ပြောမရ ဆိုမရနဲ့ အရက်သမား'

ခြေထောက်ဆောင့်ကာ ကျွန်တော့်ဘက် လှည့်ရင်းပြောသည်။ 'အရက် သမား' ဟု ဆောင့်ရင်း ဆောင့်နင်းလိုက်သော ခြေအဆောင့်က အရှိန်အပြည့်ဖြင့် ကျွန်တော့် ခြေဖျားပေါ်။ နာကျင်သော ကျွန်တော့်မှာ 'အား' ခနဲ။

'အား ကျိုးပါပြီဗျာ'

အကျယ်ကြီးအော်လိုက်တာမို့ . . . နှင်းလန့်သွားသည်။ ပြီးတော့ ဖျာဖျာသလဲပင် 'မတော်တဆနော် နာသွားလားဟင်' ဟု ခပ်သွက်သွက်မေးသည်။ ကျွန်တော့် အသံကျယ်ကြောင့် နှင်းတို့ အမျိုးသမီးဆောင်မှ အဆောင်သူများ ထွက်ကြည့်ကြသည်။ ကျွန်တော့်မှာ ခြေဖျားကို ကိုင်လျက်သား။

'နာသွားလားဟင်'

နှင်းက မျက်နှာငယ်လေးဖြင့် မေးသည်။ ကျားကိုက်ပါတယ်ဆိုမှ။

'အမလေး နှင်းရာ၊ မနာဘဲနဲ့ အော်မိပ့်မလား'

'တမင်လုပ်တာ မဟုတ်ပါဘူး မောင်ရဲ့'

'မောင်'တဲ့။ နှင်းအသံက တိုးတိုးလေး။ တကယ့်ကို နှစ်ကိုယ်ကြား တိုးတိုးလေး။ ခြေဖျားမှ နာကျင်မှုပင် ဘယ်ပျောက်သွားမှန်း မသိ။ မသိစိတ်ဖြင့် ခေါ်မိပြီးမှ နှင်းက လျှာတစ်လစ်ဖြင့် ရှက်သည်။

'ဟဲ ဟဲ ဘယ်လိုခေါ်လိုက်တယ် နှင်း'

'သိဘူး' ဟုပြောရင်း နှင်းက ခေါင်းကို ငုံ့သည်။ ပါးပြင်မှာ ရှက်သွေးတွေရဲရဲစိုလျက်။

'ဟဲ ကျိုးပါပြီဆိုလို့ လန့်သွားတာပဲ၊ ဘာကျိုးတာလဲ'

အမောတကော ရောက်လာသော အဆောင်မှူးမမက ရင်ဘတ်ကိုဖိရင်း မေးသည်။ စိန်ကောင်း ကျောက်ကောင်း ရောင်းတုန်းဆေးရှိုးသည်ကကန့်လန့်။

'ဆောရီးပဲပါ မမ . . သူငယ်ချင်းတွေအတွက် ဝယ်လာတာလေး၊ အဲဒါကျိုးသွားလို့ ဟဲ ဟဲ'

'အလိမ်အညာကတော့ ဖြစ်တယ်'

'နှင်းကလည်းကွာ ဒါအဆင်ပြေအောင် လိမ့်လိုက်တာ'

www.foreverspace.com.mm

နှင်း၏ ထိုးနှက်မှုကို ဖြေရှင်းရသည်။

'ဒါဆို အရက်မသောက်ပါဘူး ဆိုတာလည်း အဆင်ပြေအောင် လိုမ့်တာပဲလား မောင်၊ ကဲပြော'

မသိစိတ်ဖြင့် နောင်ထဝ် နှင်းခေါ်လိုက်သော 'မောင်' ဆိုသည့်စကားလုံးက ပျားရည်မြစ်အဖြစ် အသွင်ပြောင်းကာ နားတွင်းစီးဝင်သည်။

'ကဲ နှင်းကိုယ့်ကို မယုံရင်၊ နှင်းရှေ့မှာပဲ သစ္စာဆိုတယ်ကွာ၊ အရက်သောက်မိရင်၊ မောင်နဲ့နှင်း ပဋိပက္ခအကြီးအကျယ် ဖြစ်ပါစေ၊ ကဲ ယုံပြီလား၊ ကိုယ့်ဘဝရဲ့ အကြောက်ဆုံးကို ကိုယ်ကျိန်တာ'

'အဲဒီလောက်ထိ မလိုပါဘူး မောင်ရယ်'

နှင်းက နားလည်ပြုံးဖြင့် ဆိုသည်။ နှင်း၏ အပြုံးကို ကြည့်ကာ ကျွန်တော့်မှာ မချင့်မရဲ။ လူမြင်သူမြင် အဆောင်ရှေ့မဟုတ်ပါက ပါးတို့ကို အနမ်းမိုးရွာချင်ပါဘိ။

ကျွန်တော်ကြည့်နေသောကြောင့် နှင်းက မနေတတ်တော့ သလိုရှက်ရှက်ဖြင့် ခေါင်းကိုငုံ့သည်။

နှင်းကို ကျွန်တော့် ရင်ဘတ်ထဲထည့်ကာ ဝှက်ထားချင်သည်။ မြတ်နိုးရသော နှင်းကို။

အဲဒီလောက်ကို ချစ်ရပါသည် နှင်း။

☆ ☆ ☆

www.foreverspace.com.mm

နောက် ဆုံးနှစ်၏ ပထမနှစ်ဝက် စာမေးပွဲကြီးပြီးသည်အထိ နှင်းနှင့် ကျွန်တော့်အကြား ပြဿနာ ကြီးကြီးမားမား မရှိ။

သို့သော် မေ့မနေသော်လည်း မေ့ထားခဲ့ကြသော ပြဿနာဆိုးက တည့်တည့်ဝင်တိုးသောအခါ မရှောင်သာတော့။

စာမေးပွဲနောက်ဆုံး ဘာသာဖြေသော နေ့လယ်မှာပင် ဖြေဖြေပြီးချင်း နှင်းနှင့် ကေသီ အိမ်ပြန်ကြရသည်။ နှင်းတို့ အဖေအလုပ်ကိစ္စဖြင့် တောင်ကြီးလာရ၍ အပြန်ကားကြုံသည် ဆိုပြီး ဖွတ်ခေါ်သွားသည်။ မလိုက်ချင်လိုက်ချင်ဖြင့် ကေသီကောနှင်းပါ လိုက်သွားကြသည်။

နှုတ်ပင်မဆက်လိုက်ရ။ ယခင်စာမေးပွဲပြီးချိန်များလို မဟုတ်သည်မို့ ရင်မှာ ဟာတာတာဖြင့် မကောင်း။ ကျောင်းပိတ်ချိန် နှစ်လလုံးလုံး ခွဲနေကြမည်။ လုံးဝနှုတ်မဆက်လိုက်ရဘဲနှင့်။

သိန်းလတ်လည်း စိတ်ပျက်လက်ပျက် ဖြစ်နေသည်။ သူလည်း သူချစ်သူ ကေသီနှင့် အလွမ်းမသည်လိုက်ရ၊ နှုတ်ဆက်ရန်ပင် အခွင့်မသာခဲ့။

အဝတ်အိတ်များ ကပျာကရာ သိမ်းကာ ဆန့်ငင်ဆန့်ငင်ဖြင့် လိုက်သွားရရှာသော ကေသီနှင့် နှင်း။ သူမ၏ အဖေအလစ်မှာ လက်ပြရှာသော နှင်းကို မျက်ဝန်း၌ ပျောက်ဖျက်မရအောင် စွဲနေသည်။

'မင်းတို့ နှစ်ကောင် လင်းတမှိုင် မှိုင်မနေနဲ့၊ နည်းနည်းလေး သွား

www.foreverspace.com.mm

ကစ်ရအောင်'

စိုးမင်းခေါ်ရာသို့ သိန်းလတ်နှင့် ကျွန်တော် မငြင်းဘဲ တစ်ခါထဲလိုက်လာသည်။ အလွမ်းအဆွေး ဓာတ်ခံဖြင့် မသောက်ရတာကြာပြီဖြစ်သော အရက်ကို ရေမရောနိုင်ဘဲ သောက်ခဲ့ကြသည်။

မနက်မိုးလင်းတော့ ခေါင်းကတစစ်စစ်ကိုက်လျက်။ နှင်းအကြောင်းပဲ စောစောစီးစီး တွေးလွမ်းသည်။

'ဟိုက် သွားပြီ'

ကျွန်တော့်အလန့်တကြား အော်သံကြောင့် ထိုနှစ်ကောင်သား လန့်နိုးသည်။

'ဘာလဲကွာ စောစောစီးစီး ခွေးအော် ဝက်အော် ထအော်ရလား'

'ဟုတ်တယ်ကွာ ဒီမှာ အိပ်မက်ကောင်းတုန်း ချိုးထုပ်ရာ'

တစ်ယောက်တစ်ပေါက်ရေရွတ် ကြသည်။ မကျေမနပ်ဖြင့်။

'မဟုတ်ဘူးကွ ငါနှင်းဆီမှာ အရက်မသောက်ပါဘူးလို့ ကျိန်ထားတာကွ ငါမေ့ပြီးသောက်မိတယ် သွားပါပြီကွာ'

'ဩော် မင်းပြောပြော နေတဲ့ အရက်မသောက်ရ ကျိန်စာလား၊ ခုချိန်ဆိုကြာလို့ ပျက်ပြယ်ပြီ'

'အေးကွာ ဒါများ အလန့်တကြားနဲ့ ငါမင်းအရက်သောက်တာ နည်းနည်းတော့ ဆန်းသားလို့ တွေးတော့တွေးမိတယ် ဟီးဟီး'

'အေးရယ်နေ၊ ငါစိတ်ညစ်ရတဲ့အထဲ၊ တောက်! ဘာလို့များ ဒီအရက်ကိုသောက်မိပါလိမ့်ကွာ၊ ကိုယ့်ပါးကိုယ် ဘယ်ညာရိုက်ပစ်ဖို့ ကောင်းတယ်'

စိတ်တိုနေသော ကျွန်တော့်ကို နှစ်ကောင်သားကြည့်နေကြသည်။

'စိတ်ထဲမှာ ထားမနေပါနဲ့ကွာ၊ ဒီတစ်ခါလေးပဲ ဥစ္စာ'

'အေးလေ ဒီလိုကျိန်တိုင်းသာ ဖြစ်ရင် ခက်ရချည့်ရဲ့'

နှစ်ကောင်သား ဖျောင်းဖျပေမယ့် ရင်မှာ အမှားကြီးတစ်ခု ကျူးလွန်မိသလို ရင်ပူနေသည်။ နှင်းထံ ကျိန်ခဲ့သော စကားတို့ကို ကြားယောင်သည်။

'အဲဒီအရက်ကိုသောက်မိရင် နှင်းနဲ့ကိုယ် ပဋိပက္ခ အကြီးအကျယ်ဖြစ်ရ ပါစေ၊ ကိုယ့်ဘဝမှာ အကြောက်ဆုံးအရာကို ကျိန်ပြတာ'

'အဲဒီအရက် . . . '

အကြိမ်ကြိမ် ကြားနေသော စကား

www.foreverspace.com.mm

ထိုနေ့ မနက်၌ပင် စိတ်ညစ်ညစ်နဲ့လက်ဖက်ရည်ဆိုင်ထိုင်တုန်း ဆိုင်ရှေ့ကို MARK II အဖြူလေးတစ်စီး လာရပ်သည်။ ကားပေါ်မှ အသက်ခပ်လတ်လတ် လူတစ်ယောက်ဆင်းလာသည်။

သုံးယောက်သား အမှတ်တမဲ့ ကြည့်ဖြစ်ပြီး သီချင်းလိုက်ညည်းနေကြတုန်း ထိုလူက ကျွန်တော့်တို့ ဝိုင်းဆီတန်းတန်း မတ်မတ် လျှောက်လာသည်။

'ညီလေး ထိုင်မယ်နော်'

ကျွန်တော့်ကို ကြည့်ရင်းပြောသဖြင့် ယောင်ပြီးခေါင်းညိတ်မိသည်။ ခေါင်းညိတ်မပြခင်ကပင် ထိုလူက ထိုင်ပြီးနေပြီ။ သိန်းလတ်နှင့် စိုးမင်းက ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်လဲ အသည်းအသန် စဉ်းစားသည်။ အသိအကျွမ်းထဲက တော့မဟုတ်။ မြင်ပင်မမြင်ဖူး။

'ကိုယ်က လှအောင်ပါ'

'ခင်ဗျာ'

ကျွန်တော် ကြောင်ပြီးထိုလူကို ကြည့်နေမိသည်။ 'လူများမှားနေလား၊ ဟုတွေးသည်။

'Sorry ကိုယ်လေလာသွားတယ်။ ကိုယ်က နှင်းနဲ့စေ့စပ်ထားတဲ့ လှအောင်ပါ'

'ဩော်'

ထိုသူကမ်းပေးသော လက်ကိုပြန်လည် ဆုပ်ကိုင်ကာ နှုတ်ဆက်ရင်းရင်၌ ဟာတာတာကြီး ဖြစ်သွားသည်။ 'နှင်းနဲ့ စေ့စပ်ထားတဲ့ လှအောင်ပါ' ဆိုသော စကားက ချော်ရည်အတိပြီးသော မိုးကြိုးတစ်ခု နားထဲဖြတ်ဆီးသွားသလို၊ ရင်မှာက ပူခနဲ ခေါင်းက မိုက်ခနဲ။

မေ့နေသော မေ့ထားခဲ့သော လူတစ်ယောက်။

မိမိရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီ၊

အရင်းနှီးကြီး ရင်းနှီးကာ အမုန်းကြီး မုန်းခဲ့မိသော မနာလိုမှု အကြီးအကျယ်ဖြစ်ခဲ့သော၊ နာမည်ပင်မသိခဲ့သောလူ။

ဤလူကား နှင်း နှင့် . . . .

ကျွန်တော် ဆက်မတွေးချင်တော့။

'ကိုယ်မနေ့ကတောင် နှင်းတို့အတွက် ကားတစ်စီး စီစဉ်ပေးလိုက်ရသေးတယ်၊ အန်ကယ်က အကူအညီ တောင်းလို့လေ'

'ဧြဘ်'

အန်ကယ်ဆိုတာ နှင်းတို့အဖေကို ရည်ရွယ်မှန်း သိလိုက်သည်။ အကူအညီတောင်းရ လောက်အောင်ပင် ယောက္ခမလောင်းက ရင်းနှီးသည်။ အကြောင်းကို သိပါစေတော့ ဆိုသော သဘောဖြင့် ထည့်ကာပြောသည်။ ကား တစ်စီး စီစဉ်ပေးလိုက်ရသည်တဲ့။ မနေ့က နှင်းတို့ပြန်သွားတာ သွေးနိုးသားရိုး မဟုတ်ဆိုတာ ရေတေးတေး သဘောပေါက်သည်။ မနေ့က နှင်းတို့ပါသွားသော ကားက Townace။ သူမှာ ယခုစီးလာသော ကားက MARK II ကားတစ်စီးမက ရှိကြောင်း စကားမှာ ထည့်ကာပြောလိုက်ခြင်း၊ နှင်းကို ခပ်ပြင်းပြင်းပြပြ သတိရလိုက်သည်။

စေ့စပ်ထားသူရှိပါတယ်ဆိုပြီး ခါးခါးသီးသီး ငြင်းသောနှင်း မရမက ချစ်မြတ်နိုးစွာ တွယ်တာခဲ့သော ကျွန်တော်။

'ကိုယ့်ညီလေးနဲ့ နှင်း အကြောင်းကို အစောကြီးတည်းက ကြားပါ တယ်။ ကိုယ်မသိချင်ယောင်ဆောင်ခဲ့တယ်၊ နှင်းကိုလည်း တားခဲ့တယ်'

ထိုသူ စကားကို ဆက်သည်။ ကျွန်တော်ခေါင်းကို အသာငုံ့သည်။ ဘာပြန်ပြောပိုင်ခွင့်မှမရှိတာတော့ မဟုတ်။ ဒါပေမဲ့ ဘာစကားမှ ပြောမထွက် အောင် ရင်မှာ မွန်းကျပ်နေသည်။

ထိုလူက စကားကို ဆက်သည်။ ကျွန်တော် စကားကိုဖြတ်ရင်း 'အစ်ကို တစ်ခုခုမှာလေ' ဟု လောကွတ်လုပ်ရသည်။

'နေ . . . ညီလေး ကိုယ်သောက်ပြီးပြီ'

'ဘီယာလား' ဟု စိတ်မှပြောဖြစ်သည်။ ရီဝေဝေမျက်လုံးနှင့် ထွက်နေ သော အနံ့အသက်များအရ ဘီယာဆိုတာမေးနေစရာ မလို။ ထိုသူက စကားကို ဆက်သည်။

'နှင်းနဲ့ ညီလေးအကြောင်းကို ကိုယ်ကမသိချင်ယောင်ဆောင် နေပေ မယ့်နှင်းကို ချစ်လွန်းလို့ လျစ်လျူရှုထားပေမယ့် ကိုယ့်နားနဲ့ ဆုံနိုင်တဲ့ အတိုင်း အတာမက လျှံထွက်နေတော့၊ မဖြစ်သင့်တာ မဖြစ်ရအောင် ကိုယ်တားချင် လို့ပါ'

ပြောသောစကားနှင့် ဟန်အမူအရာတို့က အထက်စီးကျလွန်းသည်။ ဟန်ပါပါဖြင့် စီးကရက်ဗူးပြားကြီးကို ထုတ်ကာ သောက်သည်။ သူနှင့် နီးသော စိုးမင်းကို 'သောက်ပါဦး' ဟု လောကွတ်လုပ်သည်။ ယဉ်ယဉ် ကျေးကျေးပင်

စိုးမင်းက ပြုံးရင်းခေါင်းခါသည်၊

ထို့နောက် ကိုလှအောင်က ကျွန်တော့်ကို ကျော်ပြီး သိန်းလတ်ကို 'သောက်ပါဦး' ဟုဆိုသည်။ ကျွန်တော့်ကို တမင်နှိပ်ကွပ်သည့် သဘော၊

'မဝယ်တော့ဘူး၊ အဲလေ မသောက်တော့ဘူး'

ဒါကို သိသောသိန်းလတ်က ထိုလူကို ပြောင်ချော်ချော်ဖြင့်ချွန် သည်။ တမင်ပြောမှန်းသိတော့ ထိုလူ မျက်နှာရဲခနဲ။

'ညီလေး ကိုယ့်နဲ့ နှင်းအကြောင်း ဘယ်လောက်သိထားလဲ'

မျက်လုံး ဝင့်ကာမေးသောဟန်က သူခိုးတစ်ယောက်ကို မိသော ပိုင် ရှင်တစ်ယောက်၏ ဟန်၊ တကယ်ဆိုနှင်းနှင့် စေ့စပ်ထားရုံ ရှိသော လူတစ် ယောက်အနေနှင့် ပြောသင့်သလောက် ပြောနိုင်ပါသည်၊ လင်ယောကျ်ားရှိ သော မိန်းမကို ကျွန်တော်ကြာခိုခြင်း မဟုတ်။ စေ့စပ်ထားသူရှိမှန်း သိသိ ကြီးနဲ့ ချစ်ခဲ့မိသည်ကလွဲ၍ နှင်းအပေါ် ကျွန်တော် ဖြူစင်ခဲ့သည်။ ယခုလို ဆေးလိပ်မီးခိုးကို မျက်နှာသို့ မှုတ်ရင်း ရန်စလာသောအခါ ငုံ့နေသော စိတ်က ဝုန်းခနဲ ထောင်ထလာသည်။

'ဧြဘ် အစ်ကိုကိုတော့ အခုမှမြင်ဖူးတာ၊ နှင်းကတော့ စေ့စပ်ထား တဲ့လူရှိတဲ့ အကြောင်းပြောဖူးတယ်'

ဒေါသစိတ်ကို မျိုသိပ်ကာ ယဉ်ယဉ်ကျေးကျေးပဲ ပြန်ပြောလိုက် သည်။

'စေ့စပ်ထားတယ် ဆိုတာအထိ သိတယ်ဆိုပါတော့'

'ဟုတ်ကဲ့'

'စေ့စပ်တာမျက်ပြီး ကိုယ့်ချစ်သူနောက်လိုက်ကြတဲ့ မိန်းကလေးတွေ တစ်ပုံကြီး' ဟု စိတ်မှာ ပြောသော်လည်း တကယ်တမ်းကျတော့ 'ဟုတ်ကဲ့' ဟု၍သာ။

'လူတော်တော်များများ သိကြပါတယ်'

'ဟုတ်ကဲ့'

စကားမဆုံးသေးခင် ဝင်၍'ဟုတ်ကဲ့' သော စိုးမင်းကို ကိုလှအောင် မကြည်ကြည့်တစ်ချက်ကြည့်သည်၊ တစ်ဝက်သာ သောက်ရသေးသော ဆေးလိပ်ကို ပြာခွက်တွင်သူ ထိုးခြေသည်။

'ရှင်းရှင်းပဲ ပြောမယ်ကွာ'

www.foreverspace.com.mm

'ဟုတ်ကဲ့ ပြော အစ်ကို'

ဘယ်တုန်းကတည်းက ဝင်နွှာချင်နေမှန်း မသိသော သိန်းလတ်က စကားကို တစ်ဝက်မပြည့်တပြည့်မှာ ဝင်၍ 'ဟုတ်ကဲ့' လိုက်သောကြောင့် ဒုတိယမို့ ကိုလှအောင် နှင်တင်တင်ကြီး ဖြစ်သွားသည်။

'မင်း နှင်းနဲ့ အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်း နေပါညီလေး။ ကိုယ်က စေ့စပ်ထားသူ တစ်ယောက်အနေနဲ့ မင်းကို လာတောင်းပန်နေတာ မဟုတ်ဘူး၊ လက်ထပ်တော့မယ့် လူတစ်ယောက် အနေနဲ့ လာအသိပေးတာ'

'ဗျာ'

ရင်တွင် အမျိုးအမည် မသိဝေဒနာက ဝုန်းခနဲ၊ မဖြစ်နိုင်၊ နှင်းဆီမှ သိရသလောက် ဘွဲ့ရပြီးမှ လက်ထပ်ကြမည်တဲ့။ ကျောင်းတက်ရန် ကျန်နေသော နှစ်ဝက်ကို လက်ဦးမှုယူရန် ကိုလှအောင် ကြိုးပမ်းနေကြောင်း သိလိုက်ရသည်။

'ပြီးတော့ ညီလေးရာ၊ ကိုယ်တို့ နှစ်ယောက်က ရည်းစားလည်းမက တော့ဘူးကွ။ အတိအလင်း မင်္ဂလာမဆောင်သေးတာပဲ ရှိတာ'

ဒါတော့ ကိုလှအောင် လီဆယ်ခြင်း ဖြစ်သည်။ နှင်း စောင့်ထိန်းသော မိန်းမတစ်ယောက်၏ ဂုဏ်သိက္ခာကို အကြီးအကျယ် စော်ကားလိုက်ခြင်း။

'Sorry ပဲ ကိုလှအောင်၊ ကျွန်တော် စိတ်မကောင်းပါဘူး။ ခင်ဗျားနဲ့ နှင်း စေ့စပ်ထားတယ် ဆိုတာအထိ ကျွန်တော်လက်ခံပါတယ်။ ဒါပေမယ့် နှင်းရဲ့ သိက္ခာကိုတော့ စော်ကားဖို့ မသင့်ပါဘူးဗျ။ ကျွန်တော်သာ ခင်ဗျားရဲ့ နေရာမှာ ဆိုရင် တကယ်ဖြစ်ခဲ့ရင်တောင် ဖွင့်မပြောဘူးဗျ။ နှင်းကို ကျွန်တော် ယုံတယ်။ နှင်းဟာ ခင်ဗျားပြောသလို လုံးဝမဟုတ်ဘူး'

ကျွန်တော့် စကားကို ကိုလှအောင်က ရယ်စရာ ဟာသတစ်ခုလို အားရပါးရ ရယ်သည်။ ဆိုင်ထဲမှာ လူရှင်းနေ၍ပင် တော်သေးတော့သည်။ 'ရယ်နေတာတောင် မလှဘူး၊ ငိုနေတာဆိုရင် ကြည့်ဖြစ်မှာ မဟုတ်ဘူး' စိတ်ထဲမှာ ချဉ်ချဉ်ရှိသည်မို့ တွေးနေမိသည်။ ကိုလှအောင်မှာ ရယ်၍ကောင်းတုန်း။

'ဟား ဟား ညီလေးရာ မင်းတကယ် သနားစရာကောင်းတယ်'

'ဘာဗျ'

ဒေါသက ရင်မှာလာရှန်းကြသည်။ စိတ်ကိုထိန်းရန် စိုးမင်းက ခြေဖြင့်တို့၏။

'ဒီလိုလေကွာ မင်းနားလည်အောင်ပြောရရင် လူတွေအမြင်မှာတော့ ကိုယ်နဲ့နှင်းက စေ့စပ်ထားတာ၊ အေး ဒါပေမယ့် ငါတို့ နှစ်ယောက်က တိတ်တိတ်လေး လက်ထပ်ထားတာကွ'

'ခင်ဗျား'

ကျွန်တော်ဒေါသကြောင့် တစ်ကိုယ်လုံး တုန်နေသည်။

'ခင်ဗျား နှင်းရဲ့ သိက္ခာကို မစော်ကားပါနဲ့ဗျာ၊ ခင်ဗျားဘာ အထောက်အထားရှိလို့ လျှောက်ပြောနေတာလဲ'

'ခိုင်လုံတဲ့ အထောက်အထားပြနိုင်ရင်ကော'

ကျွန်တော် ပျာနေသလောက် ကိုလှအောင်က ခပ်အေးအေး။

'ကျုပ် နှင်းနဲ့ တစ်သက်လုံး မျက်နှာချင်းမဆိုင်ဘူး'

'ဟား ကြိုက်တယ် ခဏစောင့်'

ကားဆီသို့ လျှောက်ကာသွားသော ထိုလူ၏ကျောပြင်ကို မုန်းတီးစွာ လိုက်ကြည့်မိသည်။ 'မဟုတ်လို့ကတော့ နာပြီ' ဟု စိတ်မှာ၊

'နံနေတာပဲ ဘီယာစော်က အလကား အရက်သမား'

'အလကား ရူးကြောင် မူးကြောင်ပါကွာ'

သိန်းလတ်နှင့် စိုးမင်းက ရွတ်ကြသည်။ ကျွန်တော့် ရင်၌ဒေါသတို့ဖြင့် မွန်းကျပ်နေသည်၊ ဟန်အပြည့် မာန်အပြည့်လျှောက်လာနေသော ကိုလှအောင်ကို စိတ်ထဲမှ 'လိမ်ဦးကွာ' ဆိုပြီး အချက်ပေါင်းများစွာ ထိုးကြိတ်သည်။ ကိုလှအောင် ဖိနပ်ခွာသံ တဒေါက်ဒေါက်က မလိုဘဲ ကျယ်လောင်နေသည်၊

'ရော . . . ဒီမှာ ကိုယ်တို့ နှစ်ယောက်စေ့စပ်တဲ့ စာချုပ်၊ ဒါက နှစ်ဦးသဘောတူ လက်ထပ်တဲ့စာချုပ်'

စာချုပ်နှစ်စောင်ကို ကျွန်တော့်ရှေ့ ဖျတ်ခနဲ ပစ်ချသည်။ သူ့ပုံက သူတောင်းစားကို အကြွေစွန့်ကြဲနေသလိုမျိုး၊ ယောင်၍ပင် ကျွန်တော် ကိုင်မကြည့်။

'ကြော် . . ဒါနဲ့ နှင်းရဲ့ လက်မှတ်ကို မင်းသိပါတယ်နော်၊ မြင်တော့ မြင်ဖူးမယ်ထင်တယ်'

အထက်စီးမှ ဟန်အပြည့်ဖြင့် မေးသည်။ 'မြင်ဖူးမယ် ထင်တယ်'ဆိုသော စကားက မာနကိုလာ၍ ထိပါးလာသည်။

'မမြင်ဖူးဘဲ ဘယ်နေမလဲ အစ်ကိုရာ၊ အစ်ကိုသဘောပေါက်မှာပါ'

တမင်ရိုပေးလိုက်သည်။ ငုံ့ခံလျှင် အရောကျသည်။ ဖျက်သွားသော မျက်နှာကြီးကို ကြည့်ကာ စိတ်မှ 'ဟွင်း ဟွင်း' ဟု လှောင်ရယ်မိ၏။

'ဟား ဟား ဟား မင်းက အလာကြီးပဲကွ၊ အေးလေ ဒါဆို စာချုပ်ထဲက လက်မှတ်လေးတွေ မင်း စစ်ကြည့်လိုက်ပါဦး'

ဖျက်သွားသော မျက်နှာကို မြင်ကာ ပြောသောစကား၊

'စစ်မနေပါဘူး ကိုလှအောင်'

ကျွန်တော်က စာချုပ်ကို သူ့ရှေ့ပြန်ထိုး ပေးသည်။

'ဟေ ဘာသဘောလဲကွ မင်းက'

'ဪ ဒီလိုပါ၊ လက်မှတ်ဆိုတာ အစ်ကိုရာ အချိန်မရွေး အတုထိုးလို့ရနေတော့ ဒီစာရွက်ကြီးတွေ ကြည့်နေလည်း အပိုပဲလေ'

ကျွန်တော့်စကားကို အားရသွားဟန်ဖြင့် စိုးမင်းနှင့် သိန်းလတ်က နှုတ် ခမ်းကို တင်းတင်းစေ့သည်၊ ကိုလှအောင်က ပြုံးသည်။

'စာချုပ်ကိုတောင် စာရွက်ဖြစ်အောင် ပြောသေးတယ်၊ ဟုတ်ပြီလေ နောက်သက်သေ တစ်ခုပြမယ်။ လောလောဆယ် မင်းအဲဒါကြည့်လိုက်ပါဦး'

နည်းနည်း ဒေါသထွက်နေသော၊ အသက်ရှူပင်မမှန်ချင်သော ကိုလှအောင် ကားဆီ သွားပြန်သည်။

စေ့စပ်စာချုပ်ပေါ်မှာ နှင်း၏ လက်မှတ်ကို ကျွန်တော် ကမန်းကတန်း ယူကြည့်သည်၊ မှား၊ နှင်းမှ နှင်းလက်မှတ်အစစ်၊

လက်ထပ်စာချုပ်ဆိုတာကို ရင်တထိတ်ထိတ်ဖြင့် အမြန်ယူကြည့်သည်။ မျက်လုံးများပင် ပြာချင်ချင်ဖြစ်ကာ လက်တဆတ်ဆတ်တုန်သည်။ စိုးမင်းနှင့် သိန်းလတ်က ဘေးမှ ကျွန်တော့်ကို မေးဆတ်သည်။ 'ဘယ်လိုလဲ' ဆိုသည့်သဘော၊

တစ်ထေရာတည်း။ အတုတွေလို မင်ထပ်တာ၊ တွန့်နေတာတွေ မရှိ၊ ရဲရဲရင့်ရင့်၊ ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း။ မိုးကြိုးအစင်းပေါင်းများစွာ ခေါင်းကို ပစ်ချလိုက်သလိုမျိုး၊ ခနိုးမိုင်ပေါင်းများစွာ ခနီးဆက်လိုက်ရသလိုမျိုး မောဟိုက်နေမိ၏။

ကားထဲမှ အိတ်တစ်ခုကို ယူကာပြန်လှည့်လာသော ကိုလှအောင်၏ မိနစ်ခွာသံက ကျွန်တော့်ရင်ဘတ်ကို နင်းလျှောက်သံလို။

နှင်းရေ အိပ်မက်ပဲ ဖြစ်လိုက်ပါတော့။

ဖတ်ခနဲ ကျလာသော ဓာတ်ပုံတစ်ထပ်ကြီးကို ကျွန်တော် တုန်ယင်စွာ ယူသည်၊ ကြည့်သည်။

နှင်း

ကိုလှအောင်၏ ရင်ခွင်မှာပြုံး၍ နေပါသော နှင်း။

'မောင့်ကို အချစ်ဆုံး' ဆိုသောနှင်း။

သူတို့နှစ်ယောက်ထိုင်နေသော ခုတင်နှင့် အခန်းက ဟိုတယ်အပြင်အဆင်။ ပုံစံအမျိုးမျိုးတို့၏ ရိုက်ကွက်။ ရိုက်ချက်။ သရုပ်ပါလှချည့်လားနှင်းရယ်၊

နှင်းဘာလို့ ဒါတွေဖုံးကွယ်ထားခဲ့တာလဲ။

ကိုလှအောင်က 'ဘယ်လိုလဲ' ဆိုသော သဘောဖြင့် အပေါ်စီးမှ မိုးကာ မိန့်မိန့်ကြီးကြည့်နေသည်၊

ငုံ့ကာကြည့်နေသော ဓာတ်ပုံပေါ် ကျွန်တော့် မျက်ရည်တချို့ကျသည်။ ဘေးမှ စိုးမင်းနှင့် သိန်းလတ်တို့က လူကိုဖိညှစ်၍ အားပေးသည်၊

ကိုလှအောင်က လက်ထဲမှဓာတ်ပုံကို ဖျတ်ခနဲဆောင့်ဆွဲသည်။ စားပွဲပေါ်မှ စာချုပ်တို့ကို သိမ်းသည်။

'ငါ့ညီက လူချောပါကွ၊ မင်းရုပ်ရည် မင်းပညာနဲ့ မိန်းမရှားပါဘူးကွာ။ သူများမိန်းမကို ကြာခိုမှ မိန်းမတစ်ယောက် ရမယ်ဆိုရင် ကိုယ်ကတော့ လူပျို ကြီးပဲလုပ်မှာ'

'ခင်ဗျား'

စိုးမင်းက ကျွန်တော့်ကိုပြန်ဆွဲထိုင်သည်၊ သိန်းလတ်က တောက်ကို ခပ်ပြင်းပြင်း၊

'ဪ ဒီလက်ထပ်ထားတာကို နှစ်ဖက်မိဘတွေတောင် သိသေးတာ မဟုတ်ဘူး၊ နှင်းကြောင့်ပေါ့။ ငါတို့ လင်မယားကလွဲရင် တခြားတစ်မ်းတွေ မသိစေချင်ဘူးတဲ့လေ။ တစ်မ်းတွေထဲမှာ ဒီကိစ္စသိတာ မင်းပထမဆုံးပဲ၊ မသိသလိုပဲ အေးအေးဆေးဆေးနေပါ။ နှင်းကိုလည်း ပြဿနာ ရှာဖို့မကြိုးစားပါနဲ့။ မင်းသိကွာရှိတဲ့ ယောကျ်ားတစ်ယောက်ပါ ဆိုရင်ပေါ့။ ကိုယ်သွားမယ် ငါ့ညီ'

အောင်နိုင်သူ တစ်ယောက်၏ ခြေလှမ်းများဖြင့် ကိုလှအောင် ပြန်ထွက်သွားသည်။ စိုးမင်းက စားပွဲခုံကို လက်သီးဖြင့် ထိုးသည်၊ သိန်းလတ်က လက်သီး ဆုပ်ကာ 'တောက်' ကိုခေါက်သည်။ ကျွန်တော်ကတော့ ငူငူငိုင်ငိုင်

ဖြင့်။ ဘေးမှ လူတချို့ကတော့ ဘာဖြစ်ပါလိမ့် ဟုစူးစမ်းကြည့် ကြည့်သည်။

နှင်း

နှင်းရေ

ရင်ခွင်မှနေ၍ လှိုက်လှိုက်လှဲလှဲ အော်ရင်းမျက်ရည်စို့ရသည်။

ကိုလှအောင် ပြောသွားသော စကားတို့ကို အထပ်ထပ်ပြန်၍ကြား၍နေသည်။

'ငါတို့ လင်မယား'

'ငါတို့ လင်မယား'

တစိမ်းတွေကို မသိစေချင်ဘူး။

တစိမ်း

တစိမ်း

'လင်းနောင်ရာ . . . မင်းယောကျ်ား မဟုတ်ဘူးလား'

'နှင်း တကယ်လုပ်ရက်တယ် သိန်းလတ်ရာ'

နှစ်ကောင်သား မကျေနပ်ကြ။

'တောက် . . ဒီစပလိမ်မ ရုပ်လှသလောက် စိတ်ယုတ်တယ်'

စိုးမင်းက မကျေမနပ် ရေရွတ်သည်။

'ဘာသဘောလဲကွာ၊ ဒါကလဲ့စားချေတယ် ပြောရအောင်က ငါတို့ကြားထဲမှာ ဘာပြဿနာမှမရှိတာ။ ငယ်ရွယ်သူမို့ စိတ်ကစား'

'တော်ပါတော့ စိုးမင်းရာ ငါညံ့လို့ခံရတာပါ'

'မင်းညံ့တာ မဟုတ်ပါဘူး လင်းနောင်၊ အလှည့်စားခံရတာ'

'တောက် . . . ကျောင်းပြန်ဖွင့်လို့ကတော့ ငါလုံးဝမကြေဘူး'

စိုးဝင်းနှင့် သိန်းလတ်က မကျေမနပ် ရေရွတ်သည်။

'မလုပ်ပါနဲ့ကွာ ပြီးတာတွေ ပြီးပါစေတော့'

ရင်နင့်အောင် နာကျင်နေသည့်ကြားက တားသော ကျွန်တော့်ကို နှစ်ယောက်သား ဒေါသကြည့် ကြည့်သည်။

'အရက်တော့ ပြန်ခွဲချင်သေးတယ်၊ သူလုပ်ချင်တိုင်း လုပ်လို့ရတဲ့ ခပ်ညံ့ညံ့ ယောကျ်ားတွေထဲမှာ ငါမပါဘူးဆိုတာ သိအောင် ပညာပေးရမယ်'

'ဟုတ်တယ် . . တစ်သက်စာ နောင်တရစေရမယ်'

နှစ်ကောင်သား မကျေမနပ် ရေရွတ်၍ ကောင်းတုန်း။

'ငါတောင်းပန်ပါတယ်ကွာ၊ နှင်းကို ငါအပြစ်မယူပါဘူး၊ ငါ့ကိုယ်ငါပဲ အပြစ်တင်တယ်၊ မင်းတို့လည်း ဒီကိစ္စကို မသိခဲ့ဘူးလို့ပဲ သဘောထားပါကွာနော်၊ စိုးမင်း သိန်းလတ်'

နှစ်ယောက်စလုံးကို လှုပ်ရှင်းပြောသော ကျွန်တော့်ကို ဘာမှ ပြန်မပြောကြ။

'မင်းတို့သူကို အရက်ပြန်ခွဲလည်း ဘာမှအသစ်က ပြန်စလို့ ရမှာ မဟုတ်ပါဘူး၊ ငါ့ကို ခင်ရင်ဒီကိစ္စ ဒီမှာပဲ ပြည်ဖုံးကား ချလိုက်ပါကွာ၊ ငါ့ကို ကူညီပါ'

ဝတ်ကျေတန်းကျေ ခေါင်းညိတ်ပြီး နှစ်ယောက်စလုံး အခန်းထဲမှ ထွက်သွားကြသည်။ သူတို့ ဒေါသတွေ မပြေမှန်းသိသည်။ ကျွန်တော့်မှာတော့ ဝမ်းနည်းခြင်းတွေ ပြန့်ကြဲလို့။

☆ ☆ ☆

www.foreverspace.com.mm

အဲဒီနေ့က
စစ်ကမ္ဘာလုံး လက်ခံထားတဲ့ ပြဿဒါးရက် ၁၃ သောကြာ
ကမ္ဘာပြိုတဲ့ နေ့လို့
ကိုယ်တင်စား ချစ်တယ်နှင်း
မင်းကန်သွင်းလိုက်တဲ့ ဒုက္ခ
ငါ့တစ်ဘဝစာ ဖူလုံပါတယ်။

ကျေနပ်ပါ နှင်း
ခပ်ပြင်းပြင်း ရယ်မောရင်း
ကိုယ့်ရဲ့ကျဆုံး သတင်းကို မင်းစောင့်ပါ။

ဘဝရဲ့ပထမဆုံး အချစ်ကိုပြပြီး
စစ်သက်တ ဒဏ်ရာမြုပ်နှံပေးခဲ့တဲ့ အတွက်
မင်းဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါ (ဂုဏ်ယူရင်းပေါ့)
ကိုယ့်သိက္ခာရဲ့ ဖြစ်ပျက်မှုကို သဘောတဲ့ မင်းအတွက်
အဲဒီသိက္ခာကို လိုလိုလားလား ချခင်းထားပါတယ်
နှင်းလျှောက်သွားမယ် ဆိုရင်တောင်
ဒီကကောင် ကျေနပ်မှာပါ။
"တောင်ကြီးတက္ကသိုလ်က အကျယ်ကြီးပါနှင်း။
ဒါပေမယ့် မင်းကို ရှောင်တွင်းဖို့ ကိုယ့်အတွက် နေရာလွတ်
ရှိပါ့မလား"

www.foreverspace.com.mm

ကျောင်း

ဝိတ်ချိန် နှစ်လအတွင်း နှင်းဆီမှ စာတောက် လျှောက် လာသည်။ နှင်းအထင် ဘာမှမသိသေးသော ကျွန်တော့်ကို ရသလောက် လှည့်စား ပစ်လိုက်ဦးမည်ဟု တွေးထားဟန်တူသည်။

ကေသီနှင့် သိန်းလတ်ကတော့ အဆက်အသွယ် မပြတ်ကြောင်း သိရသည်။ ကျွန်တော့် မျက်နှာကို ထောက်၍ သိန်းလတ်ကလည်း ကေသီ့ကို ပြောမည်မဟုတ်၊ ကေသီမသိလျှင် ကိုလှအောင်နှင့် တွေ့သောကိစ္စ နှင်း သိမည်မဟုတ်။

နှင်းထံမှ ရောက်လာသော စာအိတ်များကို ဖွင့်၍ပင် မဖတ်ရသေး

နှင်းထည့်တဲ့ စာတွေအကုန်ရပါတယ်နှင်း။

မဖတ်ပေမယ့် သိမ်းထားပါတယ်၊ မောပါ့မယ်နှင်း။ မရောပါနဲ့တော့ မင်း လှည့်စားနိုင်ခဲ့သလောက်နဲ့ ပျော်ပါနှင်း . . .

ကျွန်တော့် ရင်ဘတ်၌ ဆို့တာ မွန်းကျပ်နေသည်။ ပြန်စဉ်းစားတိုင်း မျက်ရည်ပူဝေ့ရသည်။

မိန်းမတစ်ယောက် လှည့်စားခြင်းခံရသော ယောကျ်ား။

ပြန်ကြကုန်သော သိက္ခာနှင့် မာနတရား။

နှင်းကတော့ ထိုအရာအားလုံးအတွက် အောင်ပွဲခံ၍ နေပေမည် ကျေကျေနပ်နပ်ကြီးကို ပျော်ရွှင်ပါနှင်း။

မောင်

မောင်နဲ့ ကျွန်မပြတ်သွားကြပြီလား၊ ဘာအမှားတွေလုပ်မိလို့ ဘာပြစ်ချက်နဲ့ မောင်အဆက်အသွယ် မလုပ်တာလဲ ဒီစာနဲ့ဆို ရှစ်စောင်ရှိပြီ ... မောင်မောင်ဟာဒီလို ရက်ရက်စက်စက်နဲ့ ကိုယ့်ချစ်သူတစ်ယောက်ကို သစ်စိမ်းချိုးချိုးတတ်တဲ့ အမူအကျင့် မျိုးရှိတဲ့လူ တစ်ယောက်မဟုတ်တာ နှင်းသိတယ်။ လွယ်လွယ်နဲ့ မေ့လို့ရရင်လည်း ကောင်းသားပဲ မောင်။

ဘာရေးရမှန်းတောင် မသိတော့ဘူး။ ကေသီနဲ့ စာလေးတော့ ပြန်ရေးပေးပါ မောင်၊ မောင့်စိတ်နဲ့ အိပ်ရာထဲမလဲရုံ တမယ်ပါပဲ မောင်၊ မောင် ဂုဏ်ယူချင် ယူနိုင် အောင်လို့ပါ။ အသနားခံတယ်လို့ပဲ မောင်ယူဆချင်ယူဆ ကေသီနဲ့တော့ စာလေး ရေးဖြစ်အောင်ရေးပေးလိုက်ပါမောင်။

မောင်ဘယ်လောက်စိမ်းစိမ်း

ချစ်တဲ့

နှင်း

ခြည့်သည်များကို ဘုရားဖူးပို့ရင်း ရောက်လာသော ကေသီ နှင်း ထည့်ပေးလိုက်သောစာကို ဖတ်စေပြီး ကျွန်တော့်ကို ခပ်စိမ်းစိမ်း တစ်ချက်ကြည့်သည်။

ထို့နောက် ဒိန်ချဉ်ခွက်ကို အမိပွာယ်မဲ့ ငေးကြည့်နေသည်။ စာပြန်ခေါက်သော လက်များတုန်ခါနေသည်။ ရင်ထဲမှာလည်း တစ်ဆို့ဆို့ဖြင့် မွန်းကျပ်နေသည်။

ဒုတိယစာအိတ်လေးကို ကျွန်တော်တုန်ယင်စွာ လှမ်းယူကာ ဖောက်၍ဖတ်သည်။ ဘာလို့များ နှစ်စောင်ထည့်ပါလိမ့်။

မောင်

စာပြန်ရေးဖြစ်အောင် ရေးပါနော်။
ဟိုစာအိတ် ပိတ်ပြီးမှ ထပ်ရေးချင်လာလို့။
လွမ်းတယ်မောင် ...မောင်ကော
နှင်းနဲ့ ပတ်သက်ပြီး ရင်ထဲမှာ ဘာဆိုဘာမှ မကျန်တော့ဘူးလား
ယုံတောင်မယုံချင်ဘူး မောင်ရယ်
အိပ်မက်ဖြစ်ရင် သိပ်ကောင်းမှာပဲ

ကျောင်းပြန်ဖွင့်ရင် ဘယ်လိုမျက်နှာနဲ့ နှင်းသူငယ်ချင်းတွေကို
ရင်ဆိုင်ရမှာလဲ ... စိတ်ညစ်လိုက်တာ မောင်ရယ်

မောင့်ကိုအရမ်းချစ်တယ်

နှင်း

ဒုတိယစာလေးကို ခေါက်ပြီး စာအိတ်ထဲအသေအချာ ပြန်ထည့်သည်။ စာဖတ်ချိန် ထိုနှစ်စောင်ဖတ်ချိန်ကို တော်တော်ကြီး သည်းခံစောင့်ဆိုင်းနေရဟန်တူသော ကေသီက ခပ်ထန်ထန် ကြည့်သည်။

'ဘာလဲ နင်ဘာအချိုးချိုးတာလဲ အသစ်တွေနေလို့လား မိန်းမတစ်ယောက်အနေနဲ့ ဒီလောက်အောက်ကျနောက်ကျ နဲ့တောင်းပန်နေတာကို နင်သိပ်ဂုဏ်ယူနေလား လင်းနောင်'

ကျွန်တော် ခေါင်းကို ငုံ့သည်။ ဘာကို ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။ ကေသီက ဒေါသဆန်သော မျက်လုံးဖြင့် စိုက်ကြည့်နေဆဲ။

'နှင်းမှာ စေ့စပ်ထားတဲ့လူရှိတာ နင်သိတယ်နော် ကေသီ'

'အေးလေ သိတယ် နင်လည်း အစောကြီးကတည်းက သိထားတာပဲ အဲဒါ ဘာဖြစ်လဲ'

ကေသီက ဘုတောသည်။

'အေး နင်တို့ ငါတို့ သိထားတာက စေ့စပ်ထားတာကိုပဲ၊ လက်ထပ်ထားတာကျတော့ နင်မသိဘူး မဟုတ်လား'

'ဘာ'

'သူတို့ နှစ်ယောက်ထဲ နှစ်ဦးသဘောတူ လက်ထပ်ထားတာ ကြာပြီ ကေသီ၊ ဒါပေမယ့် လက်ထပ်ပွဲတော့ မလုပ်ရသေးဘူး'

'လုံးဝမဖြစ်နိုင်ဘူး၊ နင်မယုတ်မာနဲ့နော် . . . နင့်ဘာသာ နင်အဆက်ဖြတ်ချင်တာနဲ့ ငါ့သူငယ်ချင်းရဲ့ ဂုဏ်သိက္ခာကို မဖျက်ဆီးချင်ပါနဲ့'

ဒေါသအလျောက် မီးဝင်းဝင်းတောက်နေသော မျက်လုံးဖြင့်ကေသီ။ ကျွန်တော်မအံ့ဩ။ ပြောပြလျှင် ဤသို့ ဖြစ်မည်ကို သိထားပြီးသား ကေသီက တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ကာ 'တောက်'ကို ပြင်းပြင်းခတ်သည်။

'နင်အောက်တန်းမကျပါနဲ့ဟာ . . . နင့်မှာ ဘာသက်သေရှိလို့လဲ၊ ပြောလေ . . . လင်းနောင်'

ကေသီအသံမှာ ငိုသံတစ်ဝက် ဒေါသတစ်ဝက်။

'ငါ သက်သေပြဖို့ နင် . . . နှင်းနဲ့ စေ့စပ်ထားတဲ့လူ နာမည်တောင် သိလို့လား'

'သိဝ် သိတာပေါ့'

'လူကော မြင်ဖူးလား'

ခေါင်းမော့နေသော ကေသီ။ ကျွန်တော့်အမေးကြောင့် တစ်ချက်ငိုင်သွားသည်။

'ငါ မယားနိုး မဖြစ်ချင်ဘူး၊ ကြာကူလီ အဖြစ်မခံနိုင်ဘူး၊ ဒါကြောင့် ဒီလို အဆက်ဖြတ်လိုက်တာပဲ၊ နင်သက်သေ သိဝ်လိုနေရင် ငါပြပေးရမှာပေါ့၊ အဲဒီသက်သေက ကိုယ်တိုင်ပဲ'

'ဘာပြောတယ်'

'ငါ ယောကျ်ားတစ်ယောက်ပါ ကေသီ၊ ချစ်သူတစ်ယောက်ကို အဆက် ဖြတ်ချင်တာနဲ့ ကိုယ့်ချစ်သူကို သိက္ခာချချတဲ့ အလုပ်မျိုး ငါမလုပ်ဘူး'

ကေသီက ဇဝေဇဝါဖြင့် ကျွန်တော့်ကို ကြည့်နေဆဲ။

'ပြောလိုက်ပါဟာ သူရဲ့ ခင်ပွန်း ကိုလှအောင်နဲ့ အဲဒီစာမေးပွဲ ပြီးပြီး နောက်တစ်ရက်ကတွေ့ပြီးပြီဆိုတဲ့အကြောင်း'

ကေသီက ဘာမှ ပြန်မပြော။ ဆေးလွယ်အိတ်ကို ကောက်လွယ်ကာ နှုတ်မဆက်ဘဲ လှည့်ထွက်သွားသည်။

အဖေဆိုင်မှ Air Con သည် ကျွန်တော့်ရင်ကို ငြိမ်းအေးစေနိုင်ခြင်း မရှိ။ စားပွဲပေါ်မှ စာနှစ်စောင်က ကျွန်တော့်ကို လှမ်းကြည့်သည်။

'တကယ်တမ်း ရက်စက်သူက မင်းပါနှင်း။ မောင့်ကို ဒု သ န သော ဆိုတဲ့ အကုသိုလ်ကိုရအောင် လှည့်စားခဲ့တာ။ အချစ်ဆိုတာကို တစ်ခါတည်းနဲ့ လန့်ဖျပ်သွားအောင် တစ်ဘဝစာ ခါးသီးမှု ပေးခဲ့တာ နှင်းပါ'

နှင်းကို မောင် မမုန်းပါဘူးနှင်း။

လူကျင့်ဝတ်ကို မောင်လိုက်နာတာပါ။

ရင်မှ စကားတို့ကို အောင်နိုင်သူ နှင်းတစ်ယောက် ကြားနိုင်မည် မဟုတ်။ ဝေ့တက်လာသော မျက်ရည်ပူက ရင်ဘတ်တစ်ခုလုံးကို နင့်စေသည်။

ဘာအကြောင်းနဲ့ ဘယ်လိုကြောင့် လှည့်စားခဲ့ပါလိမ့်ဟု ရင်နာနာဖြင့် တွေးသည်။

ငါးရဲ့ နှစ်ကောင် ဖမ်းသော နှင်းဟု မယုံရက်စွာ တွေးမိသည်။

အတိတ်တို့က တရိပ်ရိပ်ပြန်မြင်ယောင်လာသည်။

ဟန်ဆောင် ကောင်းလိုက်တာ နှင်းရယ်။

☆ ☆ ☆

www.foreverspace.com.mm

အခု တိတ်မှ အရာရာအားလုံးတို့သည် အတိတ်မှာပင် ကျန်ရစ်ခဲ့သည်။ လိုက်ပါလာနိုင်ခြင်း မရှိ။

လိုက်ပါ၍စွဲမြဲနေသည်က ရင်မှဒဏ်ရာ၊ ယင်းဒဏ်ရာတို့ကို နှစ်လ တည်းဟူသော ကျောင်းပိတ်ချိန်ဖြင့် ကုစား၍ ပျောက်ဖျက်၍မရ။

မနက်ဖြန်ဆို ကျောင်းဖွင့်လေပြီ၊ ယခင်ကဆို ကျောင်းဖွင့်လျှင်ဖွင့်ချင်း ရောက်နေကျ ခုတော့ မသွားချင်။ သွားချင် စိတ်လည်းမရှိ။

အပေါင်းအသင်းများကို မည်သို့ မျက်နှာပြရမည်နည်း နှင်း။ နှင်းက တော့ အောင်နိုင်သူ တစ်ယောက်မို့ ရယ်ကာမောကာဖြင့် ရှိနေပေလိမ့်မည်။

ကျွန်တော့်ရင်ထဲမှာတော့ ကြေးကြီးပေးဝယ်ယူ ဈေးဖြတ်ခဲ့သော ကျောက်စိမ်းရှိုင်းသည် တကယ်တော့ ခွဲခြမ်းစိတ်ဖြာလိုက်သောအခါ (ခွဲမိမှန်း မသိ ခွဲမိလိုက်သောအခါ) အနှစ်မရှိသော၊ အယောင်ဆောင်ရာနာကို ထွေး ပိုက်မိလျက်သား ဖြစ်မှန်းမသိ ဖြစ်ကာ တနုံ့နုံ့ခံစားရသည်။

အဆောင်။

မျက်နှာချင်းဆိုင်မှ 'မာလာခိုင်' အဆောင်မှာ နှင်း ဆက်နေဦးမည် ဆိုပါက ကျွန်တော် 'ငြိမ်းချမ်း' အဆောင်မှာ ဆက်မနေလိုတော့ ။

သိန်းလတ်ကတော့ ကေသီနှင့် အဆင်ပြေသူမို့ ကျွန်တော် အဆောင် ပြောင်းလျှင် တားလိမ့်မည်။ တား၍မရလျှင် လိုက်ပြောင်းမှာ မဟုတ်၊ ပြောင်း

မည့် ရာခိုင်နှုန်းနည်းသည်။

စိုးမင်းကတော့ လိုက်ပြောင်းမည်မှာ အသေအချာ။

လေးလသော ကျန်တော့သော နောက်ဆုံးနှစ်၏ နှစ်ဝက် တစ်တန်းစာ ကိုတကယ်ဆို ပျော်စရာကောင်းသော အချိန်အဖြစ်သာ ကုန်ဆုံးစေသင့်သည်။

နှင်း။

နှင်းရေ။

မတမ်းတသင့်မှန်း သိသိကြီးနှင့် ကျွန်တော့် ရင်ဘတ်ထဲ တမ်းတမ်း တတ လွမ်းလွမ်းဆွတ်ဆွတ် ခေါ်မိသည်။

နှင်း၏ ပါးဝင်းဝင်းမွတ်မွတ်လေးကို လွမ်းသည်။

လည်တိုင်ကြော့ကြော့မှ သနပ်ခါးရနံ့ကို လွမ်းသည်။

နှင်းဆီသွေးရောင် နှုတ်ခမ်းငုံငုံလေးကို လွမ်းသည်။

နှင်း၏ တုံ့ပြန်အနမ်းကို မှတ်သိဝ်သည်။

တမ်းတမှုအားလုံးကို ခေါင်းခါ၍ ထုတ်ကြည့်သည်။ မရ၊ ကျောင်း ဖွင့်တာပင် တစ်ပတ်ကျော်ပြီ။ မသွားရဲ။ မသွားချင်။

ကျောင်းတော်ကြီး၊ ဆရာ ဆရာမများ၊ တင်တင်များ၊ သော်ဒါများ စသဖြင့် သတိရနေမိသည်။ လွမ်းမျက်ရည်ပင် စို့မိသည်အထိ။

မည်သည့် မျက်နှာမျိုးဖြင့် မည်သို့မည်ပုံ ကျောင်းတက်ရပါမည် နည်း။

ကျောင်းတော်ကြီးအဝင်မှ 'ချယ်ရီ' ပင်ရိပ်ကို မည်သို့ ရင်ဆိုင်ရမည် နည်း။

အတူ. . .

ထိုင်ခဲ့သော ခုံတန်းများ

ချိန်းခဲ့ကြသော ပန်းခြံ

လျှောက်ခဲ့ဖူးသော ကြိုးတံတား

နှင်း

ရက်စက်လှချည်လား နှင်းရာ၊ လူတော မတိုးဝံ့လောက်အောင်ကို မင်းနှိပ်ကွပ်နိုင်ပါပေတယ် နှင်း။

ရင်မှအလွမ်းတို့က မျက်ရည်အဖြစ် မျက်ဝန်းမှာဝေ့သည်။ ပျော် တတ် နောက်တတ် ရယ်ရွှင်တတ်သူ တစ်ယောက်အဖို့ မျက်ရည်သည်

သူ့စိမ်းဆန်လွန်းသည်။

ယခုအချိန်ဆို ဟိန်းလတ်တို့ စိုးမင်းတို့ ရောက်နေလောက်ပြီ။ ကေသီ ကေသီသည်လည်း နှင်းကို ကျွန်တော်နှင့် ပြောဆိုခဲ့သမျှ ခရေစေ့တွင်းကျ ပြောပြပြီးလောက်ပြီ။ ထိုအကြောင်းအရာတို့ကို နှင်းတစ်ယောက် မည်သည့် ခံစားမှုမျိုးဖြင့်နားထောင်ပြီး မည်သို့ ဟားတိုက် နေမည်မသိ။

ဘုရားဖူးကြ၍ ကေသီယူလာပေးသော စာနှစ်စောင်နှင့် ဖွင့်ပင် မဖွင့် ရသေးသော သံယောဇဉ်ကို မဖျက်နိုင်၍ မလွှင့်ပစ်ရက်သော စာအိတ်များ က ကျွန်တော့်ကို ပြက်ရယ် ပြုနေကြသည်။

ကျေနပ်လိုက်ပါ နှင်း။

အလူးအလိမ့် ခံစားနေရမှုတို့ကို နှင်းတစ်ယောက်မြင်လျှင် လက်ခုပ် လက်ဝါးများပင် တီး၍ အပျော်ကြီး ပျော်နေနိုင်သည်။

ပျော်ရွှင်လိုက်ပါ . . . နှင်း။

☆ ☆ ☆

“သား သိန်းလတ်နဲ့ စိုးမင်းဖုန်းဆက်တယ်၊ အဆောင်ကို ဖုန်းပြန်ဆက် ပါဦးတဲ့’

‘ဟုတ်ကဲ့’

အပြင်မှ ပြန်လာသော ကျွန်တော့်ကို အိမ်အဝင်ဝမှ ဆီး၍ပြောသော အမေ့ကို ပြန်ဖြေရင်း ဖုန်းဘေးမှာ ဝင်ထိုင်သည်။

ဖုန်းကို ကြည့်ရင်း ဆက်မည် မဆက်မည်ကို ကြိမ်ပေါင်းများစွာ တွေးမိ သည်။

‘နှင်းအကြောင်း ပြောမလို့လား၊ ဒါမှမဟုတ် ကျောင်းတက်ရအောင် ခေါ်မလို့လား၊ နှင်းအကြောင်းတော့ မပြောကြပါနဲ့ကွာ’

ကြေကွဲစွာ စိတ်မှာတွေးရင်း လက်များက ဖုန်းပေါ်မှ ဂဏန်းများကို နှိပ်မိရက်သား၊ အဆောင်သို့ ဖုန်းဝင်သွားသည်။ ဖုန်းကို တစ်ယောက်လာကိုင် သည်။ ဖုန်းဝယ်၍ ဆင်ပြီးသည်နှင့် အဆောင်မှူးထံ ဖုန်းနံပါတ်ပေးထားခြင်း ဖြစ်သည်။ သိန်းလတ်တို့ လာရင်ပေးရန် စသဖြင့်

‘ဟဲလို’

‘ဟဲ လို ဦးလား ကျွန်တော်ပါ လင်းနောင်’

‘ဪ အေးအေး၊ ဒီမှာ သိန်းလတ်နဲ့ စိုးမင်း မင်းဖုန်းကို စောင့်နေကြ

www.foreverspace.com.mm

တယ်၊ ပြောလိုက်ဦးသား'

'ဟုတ်ကဲ့'

ဖုန်းကို လက်လွှဲသံ။

'ဟဲလို'

စိုးမင်း၏အသံ

'ဟဲလို လင်းနောင်'

'အေး ပြော စိုးမင်း'

'ကျောင်းလာတော့လေ၊ မရယ်တီကယ်တွေ လုပ်နေပြီ၊ လက်ချာလည်း စသင်နေပြီကွ၊ မင်း ဘယ်တော့လာမလဲ'

'ငါ. . . ငါ . . လာရင် ဖုန်းဆက်မယ်လေ'

'အာ. . . မင်းကလည်း. . . မနက်ဖြန် တက်ခဲ့'

'ငါ. . . ငါ ဘာမှ မစီစဉ်ရသေးဘူး'

'မင်း ဘာစီစဉ်ချင်သေးလို့လဲ၊ အဝတ်အစားကောက်ထည့်ပြီး၊ တစ်ခါတည်းသာတက်ခဲ့၊ မနက်ဖြန် ကားဂိတ်မှာ လာကြိုနေမှာနော် ကြားလား၊ မင်းကောင် သိန်းလတ်နဲ့ ပြောလိုက်ဦး'

'အေး'

'ဟဲလို'

'အေးပြော သိန်းလတ်'

'လာတော့လေ မင်းကို မျှော်နေကြတယ်'

'မျှော်နေကြတယ်' ဆိုသော စကားက (ထိုစကားလုံးက)မည်မျှအထိတာသွားသည်ကို သိန်းလတ် မသိမဟုတ်။ သိန်းလတ်က စကားကိုဆက် သည်။

'မင်းကို ရှင်းပြချင်နေတယ်'

'မင်း နှင်းကိုပြောတာလား သိန်းလတ်'

'အေးလေ မင်းရောက်တော့ သိမှာပါ၊ မင်း လာမှာသာလာခဲ့၊ ငါတို့ မနက်ဖြန် ကားဂိတ်မှာ လာကြိုနေမယ်'

ငါတို့။ ငါတို့ဆိုတဲ့ အထဲမှာ နှင်းပါမှာ မြေကြီးလက်ခတ်မလွဲ။ ဘယ်လိုနည်းတွေနဲ့များ ဒီကောင်တွေကို လှည့်ဖြားကာ စည်းရုံးထားပါလိမ့်။

'ငါ မနက်ဖြန် တက်ဖြစ်အောင် တက်လာခဲ့မယ်။ သိန်းလတ် မင်းတို့ လာကြိုတဲ့အထဲမှာ နှင်း မပါပါစေနဲ့'

www.foreverspace.com.mm

'လင်းနောင် . . . . မင်း'

'ငါပြောတာ နားထောင်၊ နှင်း အဲဒီအဆောင်မှာပဲလား'

'အေးလေ'

'ဒါဆိုရင် ငါအဲဒီအဆောင်မှာ မနေဘူး၊ အဆောင်အသစ်ရှာပေးထားစမ်းပါကွာ၊ ငါ မျက်နှာချင်း မဆိုင်ချင်ဘူး'

'ဟာကွာ မင်းကလည်း ဒီရောက်တော့ နှင်း ရှင်းပြပါလိမ့်မယ်၊ မင်းလာ မှာသာ လာခဲ့ စမ်းပါကွာ'

'ရှင်းပြမယ် ဟုတ်လား၊ ငါတို့နှစ်ယောက်ကြားမှာ ရှင်းစရာ ရှိသေးလို့လားကွာ၊ ရှိတယ်ပဲထား၊ ရှင်းစရာ မလိုတော့ပါဘူး၊ ငါ့ကို ဒီလောက် လှည့်စားရတာနဲ့ပဲ ကျေနပ်ပေးပါလို့ ပြောပေးစမ်းပါကွာ၊ ငါ ဖုန်းချလိုက်တော့မယ်'

'ဟာ လင်းနောင် ဟဲလို'

သိန်းလတ်အသံကို ကြားနေရဆဲ၊ ဖုန်းကို အသာချလိုက်သည်။ မျက်လွှာကိုပါ အသာမှိတ်ချလိုက်သည်။ တလိမ့်လိမ့် ဆင်း၍ကျလာသော မျက်ရည်ပူများ . . . ဖုန်းဘေးမှာ ဆက်တိုင်နေမိသည်၊

ဖုန်းခေါ်တော့မည် မဟုတ် . . . ကျွန်တော်၏ တဇွတ်ထိုးစိတ်ကို သိန်းလတ် သိသည်။

ဒီလောက် နှိပ်စက်တာတောင် အားမရသေးဘူးလား နှင်းရာ။

ကျေနပ်ဖို့ တောင်းပါပြီ။ ခံရတဲ့ ဒီကောင်က အလူးအလဲ၊

ကျေနပ်လိုက်ပါတော့ . . . နှင်း။

ညနေခင်း၊

စိတ်ပြေလက်ပျောက် အိမ်ရှေ့မှ အမေ့သစ်ခွပင်တွေကို ရေပိုက်ဖြင့် ဖျန်းပေးနေတုန်း၊ အမေ့ခေါ်သံကြားရသည်၊

'သားရေ ဖုန်းလာတယ်'

'လာပြီ'

အိမ်ထဲသို့ အပြေးတစ်ပိုင်း၊ စိုးမင်းတို့ပဲဖြစ်မည်။ အမေမျက်နှာက ပြုံးစိစိဖြင့်။

'သား သူငယ်ချင်းတွေ့၊ ကောင်မလေး၊ ငါ့သားတော့ မရိုးဘူးထင်တယ်၊ မိန်းကလေး ဘော်ဒါတွေ ဘာတွေနဲ့'

'မဟုတ်ပါဘူး၊ သူငယ်ချင်းပါ'

ရုတ်ရုတ်ဖြင့် 'ဘူး'ကွယ်နေသော သားဖြစ်သူကို အမေက ချစ်စနိုး လှမ်းကြည့်ရင်း ရှောင်ပေးသည်။

မိန်းကလေး။ ကောင်မလေး။

နှင်းပဲဖြစ်မည်။ ပြေးကြည့်စရာ မလို၊ တွေးကြည့်စရာလည်း မလို၊ သူမ ဘက်က တစ်ဆင့်တက်လာပြီလား။

'ဟဲလို သဲသဲလား'

'. . . . .'

ကျွန်တော်တမင် လွှဲပြောလိုက်သည်။ နှင်းရဲ့ လှည့်စားမှုအခန်းကဏ္ဍ တွေ ရပ်ပါတော့လားနှင်း။

'အခုလေးတင် ဖုန်းချတာကွာ၊ သဲသဲကလည်း၊ အခု ပြန်ဆက်ရလား၊ မောင်တော့ ဖုန်း ခ နဲ့ မွဲတော့မှာပဲ'

'. . . . .'

'အင်း' ခနဲ ရှိုက်သံ။ နှင်း ဘာမှတော့ မပြော။ အသာပင် နားထောင် နေသည်။ တမင်ပြောမှန်းလည်း သိဟန်တူသည်။ သဲသဲ ဆိုတာ အရင်က ဘာဘာ ညာညာ ဖြစ်ခဲ့ဖူးမှန်း နှင်းကို ပြောပြဖူးသည်။

'ကဲပါ ချစ်ရာ ကိုယ့်ကို ကားဂိတ်မှာ လာစောင့်၊ မနက်ဖြန် ကိုယ်လာ ခဲ့မယ် ဟုတ်ပြီလား၊ သဲသဲနဲ့ မောင်လွတ်လွတ်လပ်လပ် တွေ့ရအောင်လို့ မောင့် သူငယ်ချင်းတွေကိုတောင် လာမကြိုခိုင်းဘူး၊ တစ်မိန်းတွေနဲ့ဆို သဲသဲ ရှက်နေမှာ စိုးလို့၊ ဒါပဲကွာ မောင် သဲသဲပေးထားတဲ့ စာလေးတွေ ဓာတ်ပုံတွေ ပြန်ကြည့် လိုက်ဦးမယ်'

အသံထွက်အောင်ပင် တမင် 'ကစ်'ပေးကာ ယင်းဖုန်းကို ချလိုက် သည်။ ဘာရယ်မသိ အလိုလို မောဟိုက်နေသည်။

တစ်မိန်းဆိုတာကို တမင် ထည့်ကာပြောလိုက်သည်။

နာပါစေတော့ဆိုပြီး တမင်တုံ့ပြန်တာ မဟုတ်ပါဘူး . . . နှင်း။

အရာရာကို ခံနိုင်ရည် မရှိတော့လို့ပါ။

အမည်တပ်ရန် ခက်သော မျက်ရည်အချို့က ပါးပြင်ပေါ် ခပ်သွက် သွက်စီးကာကျသည်။

☆ ☆ ☆

ကား ဂိတ်ကို ကားဝင်တော့ မှန်ကိုဖြတ်ကာ ရပ်စောင့်နေသော နှင်းကို မြင်နေရသည်။

'လှည့်စားမိခဲ့ပါတယ် ဆိုတာ ဝန်ခံရင်း တောင်းပန်မလို့လား။ မဟုတ် ပါဘူးလို့ ငြင်းကွယ်ဖို့ ခြေလှမ်းသစ် စချင်တာလား၊ တော်ပါတော့လားနှင်း။ နှင်းအပေါ်မှာ ကိုယ်အမုန်းမထားပါဘူး။

ကားပေါ်မှဆင်းသော ကျွန်တော့်ထံသို့ နှင်းက အပြေးတစ်ပိုင်း လာ နေသည်။ မျက်လုံးများက နီအစ်နေသည်၊ ဘာကြောင့်များ ဒီလောက်ဖြစ် အောင် ငိုထားပါလိမ့်။

'မောင်'

ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလို ကျွန်တော် တောင့်တောင့်ကြီး ဖြစ်၍ သွားသည်။ မခေါ်ပါနဲ့ နှင်း။ မခေါ်ပါနဲ့ ကွယ်။

'မောင်' ဆိုတာ နှင်းမှာ ခေါ်ခွင့်မရှိသလို၊ ဒီက တောင်မှာလည်း ထူးခွင့်မရှိပါဘူး။

'မောင်'

ပြန်မထူးသော ကျွန်တော့်ကို မျက်ရည်စို့စို့ဖြင့် ထပ်၍ခေါ်သော နှင်း ၏ တိုးညင်းသော အားလျော့သောအသံ။

ဟန်ဆောင်နေမှန်း သိသိကြီးနှင့် ရင်၌ပြင်းစွာ ဆို့သည်။

'ဩော် သီရိနှင်းပါလား၊ ဟို သဲသဲ တစ်ယောက်မတွေ့မိဘူးလားခင်ဗျ၊ ကျွန်တော် စောင့်နိုင်းထားတာ ရောက်မလာသေးဘူးလား မသိဘူး'

ကျွန်တော်က သာမန်မိတ်ဆွေ တစ်ယောက်လို နာမည် အပြည့်အစုံဖြင့် နှုတ်ဆက်လိုက်သောခဏ နှင်းကပါးစပ်ကို လက်ကိုင်ပဝါအုပ်ကာ ငိုသည်။ ကျွန်တော် ဘာမှမဆိုင်တော့ဘူးဆိုတာ သိသိနှင့် မကြည့်ရက်နိုင်။ ကိုယ်တိုင်ပင် မျက်ရည်မကျမိအောင် တစ်ဖက်လှည့်ထားရသည်၊ ရင်၌ ဆို့နင့် သောဝေဒနာက တစ်ကိုယ်လုံးအနှံ့ စီးဆင်းလျက်။

'သဲသဲ ဆိုတာ နှင်းမမြင်ဖူးမှန်း မောင်မသိတာ မဟုတ်ဘူး၊ ရက်စက်လိုက်တာ မောင်ရယ်၊ နှင်းကိုတောင် သီရိနှင်းလို့ ခေါ်နိုင်နေပြီလား မောင်'

စီးကျလုလု မျက်ရည်ကို ထိန်းနေရခြင်းကိုက မောပန်းလွန်းလှသည်။

'နှင်းရှင်းပြတာ နားထောင်ပေးပါမောင် . . . . နှင်း'

'တော်ပါတော့ သီရိနှင်း၊ Sorry ပဲဗျာ၊ ခင်ဗျားအတွက် ကျွန်တော် အချိန်မပေးနိုင်ဘူး။ ကျွန်တော့်ရဲ့ အချိန်တွေက လှည့်စားကောက်ကျစ်တဲ့ လူတွေအတွက် အလှည့်မပေးနိုင်ဘူး၊ ကျွန်တော့်ကို သွားခွင့်ပြုပါ'

မပြောချင်ဆုံးစကားတို့ကို ရင်တဆတ်ဆတ် အနာခံကာ ပြောပြီး ရှေ့မှဖြတ်လာသော Taxi တစ်စီး ငှားလိုက်သည်၊ နှင်းက နေရာမှာပင် ရှိုက်ရင်း ကျန်ခဲ့သည်၊

Taxi ဒရိုင်ဘာက မြို့ထဲဘက် ခေါင်းတည်ရင်း 'ဘယ်ကိုလဲ' ဟု မေးသည်။

'တောင်ကြီး ဟိုတယ်ကို မောင်းပေးပါဗျာ'

Taxi ဒရိုင်ဘာကို ဖြေ၍အပြီး တင်းထားသော မျက်ရည်တို့က မျက်နှာကို လက်ဖြင့် အုပ်ထားသည့်ကြားမှ စီးကျသည်။

အဆောင်ကိုလည်း မသွားချင်၊

ဟိုတယ်ကို ရောက်သည်နှင့် ရေကို စိမ်ချိုးနေမိသည်။

ခုတင်ပေါ်မှာ ပက်လက်လှန်ရင်း ဘာကိုလွမ်းရမှန်းမသိ လွမ်းလို့နေသည်။

ငိုရှိုက်နေသော နှင်းမျက်နှာက တရစ်ဝဲဝဲ၊

☆ ☆ ☆

ဟို တယ်မှ ကျေးသော နံနက်စာကိုစားနေတုန်း နောက်ကျောဝိုင်းမှ အသံစွာစွာကို ကြားမိသည်။ ရင်းနှီးသောအသံ။

နုငယ်နှင့် ကေသီ။

'ဒီလောက် အ, မှတော့ ခံပေါ့ဟယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပ ထဘီသာ ဝတ်ပေးလိုက်ဖို့ကောင်းတယ်'

ပြောပြီးသူမတို့နှစ်ဦးသား ဟာသတစ်ခုလိုပင် ရယ်မောလိုက်ကြသေးသည်။ ပြောကြပါစေတော့၊ နှင်းကော ပါသေးသလား၊

ဟိုကောင်တွေကော ပါကြသလား၊

'သနားပါတယ် နှင်းကို ပြောတာနော်'

ကေသီက တမင်မင် ရိသည်။ မထူးတော့ပြီမို့ ကျွန်တော် လှည့်ကြည့်သည်။ နှင်းတစ်ယောက်မပါ။ ရင်မှာ ဟာခနဲ၊ တကယ်တော့ နှင်းမပါတာပဲ သဘာဝကျပါသည်။ လက်ရှိအနေအထားအရ မိတ်ဆွေတစ်ယောက်အနေနှင့်ပင် ပေါင်းရန်မသင့်။

သူမတို့ဝိုင်းကို ကူးခဲ့သည်။ မျက်နှာညိုးငယ်စွာဖြင့် ခပ်တည်တည် ဝင်ထိုင်သော ကျွန်တော့်ကို သူမတို့က မြူးကြောင်ကြောင်ကြည့်သည်။

'ရှိုင်းလိုက်တာဟယ် ခွင်မတောင်း ဘာမတောင်း'

နုငယ်က ခေါ်သံဖြင့် စောင်းပြောသည်။

'ဘာလဲ လှည့်စားခံရတဲ့သူကို ထပ်ပြီး အနိုင်လိုချင်တဲ့ သဘောလား။ လှည့်စားတဲ့ ခင်ဗျားတို့ သူငယ်ချင်းကျတော့ သနားတယ်၊ ကျွန်တော့် ခံရတဲ့ လူကျတော့ ရင်ကွဲသွားစမ်းပါစေပေါ့ ဟုတ်လား'

'ဟုတ်တယ် ကေသီကတော့ ကိုယ့်သူငယ်ချင်းပဲ ကိုယ်သနားတယ်၊ မင်္ဂလာမဆောင်ဘဲ ဆောင်ပြီးသားပါလို့ အလိမ်ခံရတဲ့ မိန်းမတစ်ယောက်ရဲ့ သိက္ခာကို နားလည်တဲ့ အနေနဲ့ပေါ့'

'ဗျာ'

ကျွန်တော့်ခေါင်းတွင် မိုးကြိုးစွဲမျှား ဖြတ်သန်းသွားကြသလို ခံစားလိုက်ရသည်။

ဘာတွေ ဖြစ်ကုန်ပြီနည်း။ နှင်းနှင့် ကိုလှအောင်၏ လက်ထပ်စာချုပ်၊ စေ့စပ်စာချုပ်၊ ဓာတ်ပုံသက်သေတို့ကို မိမိသေသေချာချာတွေ့ခဲ့သည်ပဲ။

'ကျွန်တော် စေ့စပ်စာချုပ်၊ လက်ထပ်စာချုပ်နဲ့ ဓာတ်ပုံတွေကိုပါ နိုင်နိုင်လုံလုံ မြင်ထားပြီးသားပါ'

ကျွန်တော် ခေါင်းကိုငုံ့ရင်း ပြောဖြစ်သည်။ မပြောချင်သော စကား၊ ခံလိုက်ရသော လှည့်စားမှု၊ နောက်ကွယ်မှာရှိသော ယောကျ်ား လူပျိုတစ်ယောက်၏ သိက္ခာနှင့်မာန၊ အားလုံး နှင်း ရိုက်ခွဲခဲ့ပြီးသား

'လင်းနောင် နင် တော်တော် အ, သေးတာပဲ'

'ဗျာ'

နုငယ်၏ အယူအဆ။ ကေသီက ဆက်ပြောသည်။

'မှန်ပါတယ် စေ့စပ်စာချုပ်က လက်မှတ်ဟာ နှင်းရဲ့လက်မှတ် အစစ်ပါ၊ ဒါပေမယ့် လက်ထပ်စာချုပ်ကတော့ အတု၊ နှင်းရဲ့လက်မှတ်ကလည်း အတု၊ ဓာတ်ပုံဆိုတာတွေကလည်း ဒီဂျစ်တယ် ကွန်ပျူတာနည်းပညာတွေနဲ့ ဆက်ထားတဲ့ ဓာတ်ပုံအတု၊ ကိုလှအောင် ပြောခဲ့သမျှတွေကလည်း အတု အလိမ်တွေ ချည်းပဲ၊ ကဲ ရှင်းပြီလား'

ကေသီ့ စကားအဆုံး'တကယ်လား' ဟု ပြောရင်း ကျွန်တော် ဝုန်းခနဲ ထရပ်သည်။ ပျော်ရွှင်မှုတို့က ရင်မှာ အတိုင်းမသိ။

နှင်းရယ်။

ဒီပြဿနာကြီးအတွက် နုနယ်တဲ့ နှင်း မောပန်းခဲ့ရပြီ။

ငိုကြွေးခဲ့ရပြီ။

'တကယ်ပေါ့'

ကေသီက ကျွန်တော့် တကယ်လားကို 'တကယ်ပေါ့' တဲ့။

'နှင်း အခုဘယ်မှာလဲ'

'ဘယ်သိမှာလဲလို့'

နုငယ်က ပစ်ပစ်ခါခါဖြင့် ဖြေသည်။

'ကေသီ နှင်း ဘယ်မှာလဲ'

'တောင်းတိုင်း ပေးတာတို့၊ မေးတိုင်း ဖြေတာတို့ ငါမလုပ်ဘူး'

'ကေသီ နင်တော့နော်၊ နှင်း ဘယ်မှာလဲ'

ကျွန်တော်က မျက်နှာတည်တည်ဖြင့် မြိမ်းခြောက်ကြည့်သည်။

'ဟေ့ကောင် ဘာလဲကွ ငါ့ရည်းစားကို မင်းက'

ဘယ်ချောင်က ထွက်လာမှန်းမသိသော သိန်းလတ်က အော်သည်။

သူ့နောက်မှာက စိုးမင်း။

'ဟကောင်တွေ နှင်းတော'

'ဘယ်က နှင်းလဲ၊ နွေရာသီကြီးကို'

စိုးမင်းက တမင်ဘုတောသည်။

'ရော် ငါ့ချစ်သူ၊ အချစ်ဆုံးနှင်းကို ပြောတာ'

'အောင်မာ၊ မင်း မရှက်ဘူးလား။ သူများ မယားကိုများ'

'မေးတယ်ကွာ သိန်းလတ်၊ မရှက်ဘူးကွာ၊ မင်းတို့ မညစ်ကြပါနဲ့ကွာ၊ နှင်း ဘယ်မှာလဲ ပြောပြနော်၊ နောက်မှ ငါ့ကို အဆိုးမဆိုနဲ့'

ကျွန်တော်က ကမူးရှူးထိုးဖြင့် ကြိမ်းတော့ အားလုံးက ရယ်ကြသည်။

'အပြင်မှာဟေ့ ပန်းခြံထဲမှာ'

နုငယ်က ဖော်ကောင်လုပ်သည်။ ကျွန်တော် တရှုတ်သိုင်းကားထဲက ကိုယ်ဖော့သိုင်းသမားလို သွက်လက်စွာ ပြေးထွက်ခဲ့သည်။

နှင်း

အချစ်ရဆုံး နှင်းရှိရာသို့။

☆ ☆ ☆

www.foreverspace.com.mm

နှင်း

ခန်းလေးပေါ်မှာ ကျောပေးလျက် ထင်းရှူးပင်များကို ငေးငေးလေး ကြည့်ကာ ထိုင်နေသည်၊ ကျွန်တော်လာတာကို မသိ၊

သနားစရာ နှင်းကိုကြည့်ရင်း . . . ကျွန်တော်ငိုမိသည်ထင်သည်။ မျက်ရည်များအချို့က ပါးပြင်ပေါ် စီးကျလာသည်ကိုး။ ဒုက္ခများလိုက်တာ နှင်းရယ်။

'နှင်း'

'. . . . .'

နှင်းက လုံးဝ လှည့်မကြည့်။ ကိုယ်ကတော့ တွန့်ခနဲ ဖြစ်သွားသည်။ နှင်းဘေးမှ ကပ်ထိုင်ကာ နှင်းကို သိုင်းဖက်ပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်မိသည်။ နှင်းက ပျော့ခွေစွာ ပါလာပြီး ရင်ခွင်ထဲ ခေါင်းအပ်ကာ တသိမ့်သိမ့် ရှိုက်ငိုသည်။

'နှင်းရယ် မောင်အရမ်း အ သွားတယ်၊ မောင့်ကို ခွင့်လွှတ်ပါကွာ'

နှင်းက ရင်ခွင်ထဲက ရုန်းထွက်ကာ ရင်အုံကို တအုံးအုံး ရိုက်သည်။ ထုသည်။ ကျွန်တော် အံကြိတ်၍ခံသည်။ ထုပါစေလေ။ နှင်း ကျေနပ်သလို လုပ်ပါစေတော့။

'သွား သဲသဲ ဆိုတဲ့ ကောင်မလေးဆီမှာသွားပြော'

နှင်းက နှုတ်ခမ်းစူရင်းပြောသည်။ မျက်ဝန်းမှာက မျက်ရည်စ တချို့။

'တကယ်လား သဲသဲက နိုင်ငံခြားမှာ ရောက်နေတာကြာပြီ၊ ဒီမှာချို့ ကောင်မလေးတစ်ယောက် သဝန်တိုနေပါတယ်ချို့'

'မောင်နော်'

သဝန်တိုသော နှင်း၏ စိတ်လေးကို ဖျတ်ခနဲ လှည့်မြင်လိုက်ရတဲ့ ခဏ ကျွန်တော့်ရင်ကို အပျော်မိုးတွေက ရွာချပေးသည်၊

နှင်းကို အသာပြန်သိုင်းဖက်ကာ ပါးပြင်ပြင့် ပွတ်နေမိသည်။

' နှင်းက ဘယ်လိုလုပ်ပြီး မောင်ဒီမှာ ရှိမှန်းသိတာလဲ'

'မောင်ငှားသွားတဲ့ Taxi နံပါတ်မှတ်ပြီး အဲဒီ Taxi ဂိတ်မှာ စောင့်နေပြီး မေးရတာပေါ့၊ နှင်းမှ စောင့်လည်းစောင့်ချင်၊ မောင့်နောက်လည်း လိုက်ချင်နဲ့။ ကေသီတို့က ဒီနေ့ည တစ်ညမောင့်ကို ပစ်ထားလိုက်ဦးဆိုလို့။ တစ်ညလုံး ငိုရတာ အရမ်းပဲ။ အရင်ရက်တွေကလည်း ငိုနေရတာချည်းပဲ'

'နှင်းရယ်'

ကျွန်တော် နှင်းကို ခပ်တင်းတင် ပွေ့ဖက်ထားသည်။ နောက်များမှာ မခွဲရတော့အောင် ကြိုးစားရမည်။

နှင်းသည် အပြစ်မဲ့စွာ ကျွန်တော့်အတွက် မောပန်းခဲ့ရသည်။

'ဟို လူယိမ် ကိုလှအောင်ကော'

ကျွန်တော့် ရန်သူတော်ကြီးကို သတိရသဖြင့် မေးလိုက်သည်၊

'ဖေဖေတို့ကို အကုန်ပြောပြလိုက်တယ်။ အစကတော့ ဖေဖေတို့က ကိုလှအောင်ကို အပြစ်မမြင်ကြဘူး၊ နှင်းက ထမင်းမစား၊ ရေမသောက်၊ နေ့ည ငိုပြောတော့မှ လက်လျှော့လိုက်တာ၊ ကိုလှအောင်က သူ့ပဲ လာတောင်းပန်ပြီးတော့ စေ့စပ်ထားတာကို ဖျက်သိမ်းပေးခဲ့တာ၊

'ဒါကြောင့် နှင်းမျက်နှာလေး ချောင်နေတာကိုး၊ နှင်းရာ'

ကျွန်တော် နှင်းကို သနားကြင်နာစွာ အားမလို အားမရ ဖြစ်ပြီး နှင်း၏ နှုတ်ခမ်းဖူးငုံငုံလေးကို နမ်းရှုံ့ပြင်သည်။ ရင်ခုန်သံတို့က မြန်လျက်။

'ကဒ်'

ဘယ်အချိန်ကတည်းက ချောင်းနေမှန်းမသိသော သိန်းလတ်တို့ အုပ်စု၊

ရှက်ရှက်ဖြင့် လူချင်းခွဲလိုက်ကြသည်။ နှင်းက ခေါင်းကိုငုံ့လျက်။

ကျွန်တော်သည်လည်း ခေါင်းကိုငုံ့လျက်၊ ဒါပေမယ့် နှစ်ယောက်စလုံး

၏ရင်မှာ အချစ်ကြယ်စင်ပေါင်း၊ လပေါင်းများစွာ သာလို့နေသည်။

ကျွန်တော်၏ (ကံကြမ္မာက လှည့်စားခဲ့သော) ကြယ်ကလေးသည်လည်း ကျွန်တော့် ကောင်းကင်သို့ ပြန်၍ ရောက်ရှိလာသည် မဟုတ်ပါလား။

ကြိုးစားပါဦးမည်။

ပြည့်ဝိုင်မှူးအိမ်

24th Aug: 2004

တော်ထီးမြို့မ စာအုပ်တိုက်

ပြည့်ဝိုင်မှူးအိမ်

မိုးကောင်းကင်ကို လှည့်စားတဲ့

ကြယ်

၂၀၀၆